မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၇၉]

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကာတာအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင်ကျရောက်သော ကာတာနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကာတာနိုင်ငံအကြီးအကဲ ရှိတ်ခ် တေးမင်(မ်)ဘင် ဟေမက်(ဒ်) အယ်လ်သာနီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် စိစစ်လေ့လာတွေ့ရှိချက်ဆွေးနွေး

စာ » ၇

ဇလုံတောင်တော်သို့ ဘုရားဖူးသွားလာသည်များ ယခင်ထက်ပိုမိုလာရောက်လျက်ရှိ

ဗန်းမောက် ဒီဇင်ဘာ ၁၇

စစ်တိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ တန်ခိုးကြီးသမိုင်းဝင် ဇလုံတောင်တော်ဆီသို့ ဘုရားဖူးသွားသည်များ လာရောက်ကြည်ညိုဖူးမြော်လျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် ယခင်အချိန်ကထက် ပိုမိုများပြားစွာ လာရောက်ကြကြောင်း သိရသည်။

ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ ဇလုံတောင်တော်သည် ဗန်းမောက်မြို့၏ မြောက်ဘက် ၁၄ မိုင်ကျော် ကွာဝေးသည့် တောတောင်အတွင်း တည်ရှိတာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၉၀ မြင့်မားသော တောင်တော်ဖြစ်သည်။ ယခင်အချိန်က ဇလုံတောင်တော်သို့ သွားရောက်ဖူးမြော်လျှင် ခြေလျင်တောင်တက်လမ်းဖြင့်သာ သွားရောက်ဖူးမြော်နိုင်ခဲ့ကြပြီး ယခုအခါတွင် ကား၊ ဆိုင်ကယ် စသည်တို့ဖြင့် အဆင်ပြေစွာ သွားရောက်နိုင်ပြီဖြစ်သည်။ ကသာခရိုင်အတွင်းရှိ ဘုရားဖူးသွားသည်များအနေဖြင့် မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်

စာမျက်နှာ ၉ ကော်လံ ၁ ■

ခဲ့ညားထည်ဝါ (၅၁)လမ်း အဆင့်မြင့်အိမ်ရာ

စာမျက်နှာ » ၆

စစ်တွေနာရီစင်အား MPT က ပြုပြင်ပေးမည်

စာမျက်နှာ » ၁၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နိုင်ငံ့ရည်မှန်းချက် ဖွံ့ဖြိုးရေးပန်းတိုင်

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတို၊ ကာလရှည် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် လုပ်ငန်းကိုပိုမိုထိရောက်စေပြီး ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိအောင်မြင်နိုင်မည်ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းတစ်ခုချင်း စီအလိုက် အောင်မြင်စွာပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် အတွက် တွန်းအားတစ်ရပ်လည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံဖွံ့ဖြိုးရေးအတွက် ကာလတို၊ ကာလရှည်စီမံကိန်းများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်စီမံကိန်းကော်မရှင်က ပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်နှင့်လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၏ အကူအညီကိုရယူကာ ကာလတို၊ ကာလရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

စီမံကိန်းကော်မရှင်အနေဖြင့် ပထမကာလတိုင်းနှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်)ကို "ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု" ခေါင်းစဉ်ဖြင့်ရေးဆွဲပြီး အေးချမ်းတည်ငြိမ်သောဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေး၊ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက် (MDGs) များပြည့်မီရေး၊ ကောင်းမွန်သောသန့်ရှင်းသောအိုးရဖြစ်ပေါ်ရေး၊ အခြေခံကျန်းမာရေးနှင့် ပညာရေးဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ငန်းစဉ် (၇)ရပ်နှင့် ပေါင်းစပ်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ ဆိုရလျှင် ဤကာလတိုင်းနှစ်စီမံကိန်းသည် အစိုးရသက်တမ်းတစ်ခုအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို အခိုင်အမာချမှတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့်လည်း လက်ရှိနိုင်ငံတော်အစိုးရ လက်ထက်တွင် ချမှတ်ထားသော ရည်မှန်းချက်များနှင့်အတူ တိုးတက်အောင်မြင်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ထို့အတူဒုတိယကာလတို ငါးနှစ်စီမံကိန်း (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)ကို "စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုအခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် စက်မှုထုထောင်ရေးဆီသို့" ခေါင်းစဉ်ဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်စီစဉ်လျက်ရှိပါသည်။ ဤရည်မှန်းချက်နှင့်အတူ လာမည့်အစိုးရငါးနှစ်သက်တမ်းကာလအတွင်း အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာပြီး ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်အားကောင်းလာမှုနှင့်အတူ စက်မှုနိုင်ငံတစ်ရပ်ဆီသို့ ဦးတည်ရည်မှန်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအခြေစိုက် စက်မှုလုပ်ငန်းများစတင်ဖွံ့ဖြိုးလာရန် မျှော်မှန်းလျက်ရှိသည်။

တစ်ဖန်ကာလရှည်အနှစ် ၂၀ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုဗျူဟာ (၂၀၁၁-၂၀၃၀) ကိုလည်း "ကမ္ဘာ့အသိုက်အဝန်းသို့ဝင်ဆံ့လာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောစက်မှုနိုင်ငံတော်သစ်ဆီသို့" ခေါင်းစဉ်ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။ ဤကာလရှည်စီမံကိန်းအလွန်ကာလများတွင် မြန်မာနိုင်ငံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာဘီလီယံ ၁၈၀ အထိ ရောက်ရှိပြီး နိုင်ငံသားတစ်ဦးချင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ ၃၀၀၀ အထိရောက်ရှိစေရန် မျှော်မှန်းရေးဆွဲထားကြောင်း သိရပါသည်။

သို့ဖြစ်၍ ဤစီမံကိန်းများတိုးတက်အောင်မြင်စေရန် ပြည်သူတစ်ရပ်လုံးက ရိုးသားကြိုးစားမှု၊ ပွင့်လင်းမြင်သာရှိမှု၊ စည်းကမ်းရှိမှုတို့နှင့်အတူ နိုင်ငံ့ရည်မှန်းချက်များကို အလေးထားဆောင်ရွက်ရင်း မိမိတို့မိသားစုအားလုံး လူမှုစီးပွားဘဝတိုးတက်ပြောင်းလဲအောင် ကာယ၊ ဉာဏ၊ ဝိရိယတို့ကို လုံးလေပြီးအားကုန်စိုက်၍ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။

REDD+ လုပ်ငန်းစဉ်များ၌ ကျား၊ မ ကဏ္ဍနှင့် မျိုးဆက်သစ်များ ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၇

သစ်တော ပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျော့ချခြင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍဆိုင်ရာ နိုင်ငံတကာအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်နံနက် ၉ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကြိုးပိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကို ၀၀ ရာခိုင်နှုန်းအထိ တည်ထောင်ထားရှိရေးရည်မှန်းချက်ကို INDC (Intened Nationally Determined Contributions) တွင် သစ်တောကဏ္ဍ၏ ပထမဦးစားပေးလုပ်ငန်းစဉ်အဖြစ် ထည့်သွင်းထားကြောင်း၊ နိုင်ငံ၏သစ်တောဖုံးလွှမ်းမှုပမာဏ တိုးမြှင့်ရန်ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်မှ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချခြင်းသာမက မြေဆီလွှာနှင့်ရေအရင်းအမြစ် ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားခြင်းစသော ဆက်စပ်အကျိုးကျေးဇူးများရရှိမည် ဖြစ်ပါကြောင်း။

ကမ္ဘာ့အပူချိန်ပြောင်းလဲမှုကို ၂ ဒီဂရီစင်တီဂရိတ်အောက် ထိန်းချုပ်နိုင်ရန်အခြေခံကျသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါသဘောတူညီချက်တွင် သစ်တောကဏ္ဍကို အလေးအနက်ထားထည့်သွင်းခဲ့ပြီး REDD+ လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် ရန်ပုံငွေထောက်ပံ့မည့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်လုပ်ငန်းသည် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ရေးတွင် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပြီး အမျိုးသားအဆင့် သစ်တောစီမံချက်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ သစ်တောမှီခိုဒေသခံအစုအဖွဲ့များမှ အမျိုးသမီးများမှာ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေပါကြောင်း၊ REDD+လုပ်ငန်းစဉ်များတွင် ကျား၊ မကဏ္ဍများနှင့် မျိုးဆက်သစ်များ ပူးပေါင်းပါဝင်ခြင်းက အဓိကအရေးကြီးပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲကို ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိခြင်းဆိုင်ရာဖြစ်စဉ်များ REDD+ နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်လုပ်ငန်း၏အတွေ့အကြုံများကို မျှဝေရန်၊ နိုင်ငံအဆင့် REDD+ လုပ်ငန်းစဉ်များတွင် အစုအဖွဲ့ပိုင်သစ်တောနှင့် အမျိုးသမီးများ၏ပါဝင်မှုကို မြှင့်တင်ရန်၊ အမျိုးသမီးများအပါအဝင် ဆက်စပ်ပတ်သက်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် REDD+ လုပ်ငန်းစဉ်များကို တိုးမြှင့်ရန်ရည်ရွယ်ပြီး ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

ဆီတင်ယာဉ်များ မြို့ပြင်ရှောင်ကွင်းလမ်းမှ သွားစေချင်

ထင်သာမြင်သာပြုပြင်စရာ

ဒီဇင်ဘာ ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအုပ်စု တုံးလုံရွာအနီး ပြည်ထောင်စုလမ်းမကြီးတွင် ဆီတင်ကားဒီးလောင်မှုတစ်ခု ရွာနှင့်မနီးသည့် လမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့ဖူးသည်။

အဆိုပါဖြစ်စဉ်မှာ မြို့တွင်း၌ ဖြစ်ပွားခဲ့ပါက မည်မျှစိုးရိမ်ထိတ်လန့်နိုင်ဖွယ်ရှိမည်ကို မခန့်မှန်းနိုင်ပါ။ ဆီတင်ယာဉ်များ မော်လူးမြို့တွင်း နေ့ရောညပါ ဥဒဟိုသွားလာနေမှုအပေါ် ဒေသခံအချို့က "ကျွန်တော်တို့အနေနဲ့ ကသာကနေ ဖားကန့်ကို ပို့တဲ့ဆီကားတွေကို မော်လူးမြို့တွင်းကို လုံးဝမဖြတ်သန်းစေချင်ဘူး။ တစ်ရက်ကို အသွားအပြန် ဆီတားခု၀၀ ကျော်လောက် ဖြတ်သန်းကြတယ်။ ကြာရင်မြို့တွင်းလမ်းတွေပျက်လာမယ်။ ကားတွေ တန်းစီလာရင် ရှောင်တိမ်းဖို့မလွတ်ဘူး၊ အမြဲတမ်း ကျွန်တော်တို့ လမ်းဘေးရှောင်နေရတယ်။ မြို့ရှောင်လမ်းဖောက်ပေးပြီး ဆီတင်ယာဉ်တွေကို အဲဒီမြို့ပြင်ရှောင်ကွင်းလမ်းကနေ သွားစေချင်ပါတယ်။

"အခုပွင့်လင်းရာသီ ရောက်လာပြီဖြစ်လို့ မြို့တွင်းမှာ ဆီတားတွေ မီးလောင်မှုဖြစ်ရင် ကျွန်တော်တို့ မြို့သူမြို့သားတွေ ဖြစ်လာမယ့် အန္တရာယ်ကိုတွေးပြီး စိုးရိမ်နေရပါတယ်"ဟု ဒေသခံများက ပြောသည်။

သို့ဖြစ်၍ မြို့နေပြည်သူများသောကကင်းဝေးနေထိုင်ရေးအတွက် ဆီသည်ယာဉ်များကို မြို့တွင်းမှ မဖြတ်ရအောင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် ဒေသခံပြည်သူများ လိုလားလျက်ရှိကြသည်။

ညီမြင့်ထက်(မြန်မာစာ)

လူကုန်ကူးမှု အသိပညာပေးဟောပြော

ကန့်ပက်လက် ဒီဇင်ဘာ ၁၇

လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ကန့်ပက်လက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲလွင်စိုးနှင့် မြို့နယ်တရားသူကြီး ဦးအောင်အောင်တို့က လူကုန်ကူးမှုဖြစ်ပေါ်ရသည့်အကြောင်းနှင့် ပြစ်မှုဆိုင်ရာအကြောင်းများကို ဆွေးနွေးဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၁၂-၂၀၁၅

ရွှေဈေးနှုန်း(အောင်သာဗဒံ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၄၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၀၀၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၄၄၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

ဒီဇယ်	၆၃၀/၆၄၀	ကျပ်
အောက်တိန်း ၉၂	၆၅၀/၆၇၀	ကျပ်
အောက်တိန်း ၉၅	၇၅၀/၇၇၀	ကျပ်
ပရီမီယံဒီဇယ်	၆၆၀/၆၇၀	ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

ဒီဇယ်	၆၇၀/၆၉၀	ကျပ်
အောက်တိန်း ၉၂	၇၂၀/၇၄၀	ကျပ်
အောက်တိန်း ၉၅	၈၄၀/၉၂၀	ကျပ်
ပရီမီယံဒီဇယ်	၇၂၀/၇၅၀	ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဗိုင်းများ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။ ငါးမြစိမ်းချင်း	တစ်ပိဿာ	၃၅၀၀-၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀-၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀-၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးယူနစ်လဲနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉၉.၀
ဥရောပ	တစ်ယူရို	၁၄၃၁.၂
စင်ကာပူ	တစ်ဒေါ်လာ	၉၂၇.၆၃
ထိုင်း	တစ်ဘတ်	၃၆.၁၈၀
အိန္ဒိယ	တစ်ရူပီး	၁၉.၄၃၁
တရုတ်	တစ်ယွမ်	၂၀၂.၀၈
မလေးရှား	တစ်ရင်းဂစ်	၃၀၆.၀၄

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

*** ရှေ့မှာ**

အလားတူ ဒီဇင်ဘာ ၁၈ ရက်တွင်ကျရောက်သော ကာတာနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကာတာနိုင်ငံဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးရှိတ်ခ် အဗ္ဒုလာ ဘင် နာဆာ ဘင် ခလီးဖာ အယ်လ်ဌာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကာတာအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင်ကျရောက်သော ကာတာနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ခါလိဒ် ဘင် မိုဟာမက် အယ်လ်အတီရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၊ အမျိုးသားကာကွယ်ရေး ကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၊ အမျိုးသားကာကွယ်ရေး ကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး(ငြိမ်း) Hon. Mr. KIM Sung Chan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တက်ရောက်ကြပြီး ဧည့်သည်တော် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတ နိုင်ငံ သံအမတ်ကြီး H.E.Mr.Lee Baek-soon လည်း တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယကအား AFEO Distinguished Honorary Fellow 2015 ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၇

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းအား အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (ASEAN Federation of Engineering Organizations - AFEO) က ချီးမြှင့်သော AFEO Distinguished Honorary Fellow 2015 ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော် လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က AFEO Distinguished Honorary Fellow 2015 ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (AFEO) ဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအား AFEO Distinguished Honorary Fellow 2015 ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ပေးအပ်သည်။ **(ဝဝုံ)**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်သည့်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှတစ်ဆင့် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (AFEO) ကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ အဆိုပါဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို တစ်သီးပုဂ္ဂလ ဂုဏ်ပြုခြင်းထက် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်တော်မတီများသို့ ဂုဏ်ပြုပေးအပ်သည်ဟု သတ်မှတ်ပါကြောင်း။

လွှတ်တော်အနေဖြင့် အင်ဂျင်နီယာကောင်စီဥပဒေသာမက ဆေးကောင်စီဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ အလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေစသည်တို့အပါအဝင် ဥပဒေပေါင်း ၁၉၈ ခုကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လွှတ်တော်၏ဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာကအသိအမှတ်ပြု ချီးကျူးကြသော်လည်း ယခုကဲ့သို့ ချီးမြှင့်ဂုဏ်ပြုမှုမှာ ပထမဆုံးဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဦးအေးမြင့်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဝင်းမြင့်နှင့် ဦးစိုးတင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှမ်းစစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ABC အသံလွှင့်ဌာနမှ "မမဦး" မိခင်နှင့်ကလေး ကျန်းမာရေးပညာပေး ရေဒီယိုဇာတ်လမ်းတွဲရှစ်ခု မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၇

ABC (Australian Broadcasting Corporation) နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲ မြန်မာ့အသံရေဒီယိုတို့ ဒုတိယအကြိမ် ပူးပေါင်းထုတ်လုပ်သည့် "မမဦး" မိခင်နှင့်ကလေး ကျန်းမာရေးပညာပေး ရေဒီယိုဇာတ်လမ်းတွဲရှစ်ခုကို လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Mr.Nicholas Coppel နှင့် ABC(Australian Broadcasting Corporation)မှ ကျွမ်းကျင်ပညာရှင် ဒေါ်ခင်မာဝင်းတို့က အစီအစဉ်ပူးပေါင်းထုတ်လွှင့်မှုနှင့်ပတ်သက်၍ အမှာစကားပြောကြားကြသည်။

ယင်းနောက် ABC အသံလွှင့်ဌာန၏ "မမဦး" မိခင်နှင့်တကလေး ကျန်းမာရေးပညာပေး ရေဒီယိုဇာတ်လမ်းတွဲရှစ်ခုကို ဩစတြေးလျသံအမတ်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

"မမဦး" မိခင်နှင့် ကလေးကျန်းမာရေးပညာပေး ရေဒီယိုဇာတ်လမ်းတွဲများကို မြန်မာ့အသံရေဒီယိုအစီအစဉ်မှ ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် စတင်ထုတ်လွှင့်မည်ဖြစ်ပြီး ရက်သတ္တပတ်ရှစ်ပတ်ကြာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၇

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာတွက်ကျား မိုးရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

(မိုး/စလ)

ကြည့်မြင်တိုင်-သာရဝေါရထား တိုက်ရိုက်ပြေးဆွဲပြီ

လက်ပံတန်း ဒီဇင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်း-သာရဝေါရထားလမ်းပိုင်းရှိ ကျောက်အိုင်ကျေးရွာနှင့် ခမုကျေးရွာအကြား မီးရထားတံတားအမှတ် ၁၅(က)မှာ ထပ်မံ၍ ရေတိုက်စားခံရမှုကြောင့် တံတားပေါ်သို့ ဖြတ်သန်းမောင်းနှင်မှုကို အောက်တိုဘာ ၂ ရက်တွင် ခေတ္တရပ်ဆိုင်းခဲ့ရသည်။

ထိုသို့ရပ်ဆိုင်းမှုကြောင့် အမှတ်(၆၉) ကြည့်မြင်တိုင်-သာရဝေါ အဆန်ရထားမှာ ကျောက်အိုင်ကျေးရွာဘက် တံတားထိပ်ထိရပ်တန့်၍ ခမုဘက်ခြမ်းမှ ရထားတစ်စီးဖြင့် သာရဝေါဘက်ထိ ကုန်နှင့်ခရီးသည်များအား ဆက်လက်ပို့ဆောင်ပေးနေရပြီး သာရဝေါမှ ကြည့်မြင်တိုင်သို့ ထွက်ခွာသည့် ရထားအမှတ်(၇၀) အစုန်မှာလည်း ခမုဘက်ခြမ်းတံတားထိပ်တွင် ရပ်တန့်ပြီး ကျောက်အိုင်ကျေးရွာဘက်ခြမ်းမှ ရထားတစ်စင်းဖြင့် ကြည့်မြင်တိုင်သို့ ဆက်လက်ပေးနေရသောကြောင့် အခက်အခဲများဖြင့် သွားလာနေရာ ဒီဇင်ဘာ ၁၆ ရက်က မြန်မာ့မီးရထားတိုင်း(၆) တိုင်းမန်နေဂျာ (သွား/လာ) ဦးနိုင်ဇော်ဦး၊ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးကျော်လင်း၊ အင်ဂျင်နီယာမှူး(စက်မှု)ဦးတင်မြင့်တို့သည် ဝန်ထမ်းများနှင့်အတူ အဆိုပါ တံတားသို့သွားရောက်၍ ရထားများစမ်းသပ် ဖြတ်သန်းမောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးပြီး ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ ကြည့်မြင်တိုင်-သာရဝေါ ရထားဖြင့် အမှတ်(၁၉၆)သာရဝေါ-လက်ပံတန်း၊ ၁၉၅ လက်ပံတန်း-သာရဝေါရထားများပါ ပုံမှန်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်**

တရုတ်နှင့်ယှဉ်ပြိုင်ရန် ဗီယက်နမ်စစ်အင်အားတည်ဆောက်

ဗီယက်နမ် တပ်မတော်သားများက အစွမ်းရေးလုပ် ဂါလီရိုင်ဖယ်များနှင့်အတူ စက်တင်ဘာ ၂ ရက်က ဟန္နိုင်းမြို့ ဘာဒင်းရင်ပြင်၌ ပြုလုပ်သော အမျိုးသားနေ့ အခမ်းအနားတွင် စစ်ရေးပြနေစဉ်။

ဟန္နိုင်း ဒီဇင်ဘာ ၁၇

ဗီယက်နမ်အစိုးရအနေဖြင့် ဆယ်စုနှစ်တစ်ခုကြာ တပ်အင်အားကို အရှိန်မြှင့်တင်တည်ဆောက်နေသည့် တရုတ်နှင့်ပဋိပက္ခများကို ရင်ဆိုင်ရန် ၎င်း၏တပ်အင်အားကို အမြင့်ဆုံးအဖြစ် တည်ဆောက်နေပြီဖြစ်ကြောင်း၊ ယင်းမှာ ဗီယက်နမ်စစ်ပွဲအပြီး အကြီးမားဆုံး စစ်အင်အား တည်ဆောက်မှုဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တောင်တရုတ်ပင်လယ်အငြင်းပွားမှုအပေါ် အမြင့်ဆုံးမြင့်တက်လာချိန် မြောက်ဘက်အိမ်နီးချင်းနိုင်ငံကိုယှဉ်ပြိုင်ရန် အာဏာရကွန်မြူနစ်ပါတီက ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း၊ တပ်အင်အားကို အကောင်းဆုံး တည်ဆောက်ခြင်းမရှိလျှင် ပိုင်နက်နယ်မြေကို ကာကွယ်ရန်မဖြစ်နိုင်ကြောင်း ဝါရင့်ထိပ်တန်းအရာရှိများက ရိုက်တာသို့ ပြောသည်။

မြောက်ပိုင်းတိုင်းအမှတ်(၃၀၈)အပါအဝင် ရုတ်တရက်တိုက်ခိုက်နိုင်စွမ်းရှိသော တပ်ဖဲ့နောက်ကွယ်တွင် ဗီယက်နမ်က မဟာဗျူဟာဆောင်ရွက်ထားကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါနှစ်နိုင်ငံနယ်စပ်တွင် ၁၉၇၉ ခုနှစ်က တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။ မိမိတို့ တရုတ်နှင့် ပဋိပက္ခမဖြစ်ချင်ကြောင်း အမည်မဖော်လိုသူ အစိုးရ တာဝန်ရှိသူတစ်ဦးက ရိုက်တာသို့ ပြောသည်။

(ရိုက်တာ)

လိုက်ဘေးရီးယား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံဖြစ်ပြီ

နိုင်ရိုဘီ ဒီဇင်ဘာ ၁၇

ဗုဒ္ဓဟူးနေ့က ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌တျင်းပသော (၁၀)ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ဝန်ကြီးများအစည်းအဝေးတွင် လိုက်ဘေးရီးယားနိုင်ငံအား ရှစ်နှစ်ကြာ ဇွေစပ်ညှိနှိုင်းမှုများပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင်သဘောတူလိုက်ပြီဖြစ်သည်။ လိုက်ဘေးရီးယားနိုင်ငံသည် ၁၉၃၃ နိုင်ငံမြောက် ဒဗလျူတီအို့အဖွဲ့ဝင်နိုင်ငံဖြစ်လာပြီး ယင်းအဖွဲ့ကြီးသို့ဝင်ရောက်သည့် ဖွံ့ဖြိုးမှုအနည်းဆုံး (အယ်လ်ဒီစီ) နိုင်ငံ ၃၅ နိုင်ငံမြောက် ဖြစ်လာသည်။

(ဆင်ဟွာ)

ယူကရိန်းနှင့် လွတ်လပ်စွာကုန်သွယ်မှုရရှားဆိုင်းငံ့

မော်စကို ဒီဇင်ဘာ ၁၇

ကိယက်ဗ်၏ လွတ်လပ်စွာကုန်သွယ်မှုဒေသအဖြစ် အီးယူနှင့် အကျိုးသက်ရောက်မှုရှိလာချိန် တစ်နေ့တည်းမှာပင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး ရုရှား၏ ယူကရိန်းနှင့် လွတ်လပ်စွာကုန်သွယ်မှုကို ဆိုင်းငံ့ထားရန် အမိန့်ဒီကရီတစ်ရပ်ကို ရုရှားသမ္မတဗလာဒီမာပူတင်က ဗုဒ္ဓဟူးနေ့တွင် လက်မှတ်ရေးထိုးလိုက်သည်။

ယူကရိန်းနှင့်အီးယူတို့သည် ၂၀၁၄ ခုနှစ်က လွတ်လပ်စွာကုန်သွယ်ရေးဇုန် ထူထောင်ရန် သဘောတူလက်မှတ်ရေးထိုးခဲ့သော်လည်း မော်စကို၏ စိုးရိမ်မှုကြောင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက် တိုင်အောင် ရွေ့ဆိုင်းခဲ့ရသည်။

(ဆင်ဟွာ)

ကမ်းတက်ယာဉ်များအပါအဝင် အမေရိကန်က ထိုင်ဝမ်သို့ စစ်လက်နက်များရောင်း

ထိုင်ဝမ်ကမ်းတက်ယာဉ်များ စစ်ရေးပြနေမှုကို တွေ့ရစဉ်။

ဝါရှင်တန် ဒီဇင်ဘာ ၁၇

သမ္မတအိုဘားမား အစိုးရက ရေတပ်သင်္ဘောနှစ်စင်း၊ တင့်ကား ဖျက်ဒုံးကျည်တင်ယာဉ်များ၊ ကမ်းတက်ယာဉ်များနှင့် အခြား စစ်လက်နက်ပစ္စည်းများအပါအဝင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၃ ဘီလီယံတန်ဖိုးရှိ စစ်လက်နက်များ ထိုင်ဝမ်သို့ ရောင်းချရန် လွှတ်တော်သို့ ဗုဒ္ဓဟူးနေ့တွင် တရားဝင် အတည်ပြုပြောကြားလိုက်သည်။

အမေရိကန် ကွန်ဂရက်တ အဆိုပါလက်နက်များ ရောင်းချရန် ခွင့်ပြုခဲ့ပြီး တစ်နှစ်အကြာ အိုဘားမား အစိုးရ၏ကြေညာချက် ထွက်ပေါ်ခဲ့ရာ ရိုက်တာက တနလ်ာနေ့တွင် ဖော်ပြသည်။

အမေရိကန်အစိုးရက ထိုင်ဝမ်သို့ အဆိုပါလက်နက်ရောင်းချမှုသည် လေးနှစ်ကျော်အတွင်း ဝထမဆုံးသော အဓိကလက်နက်ရောင်းချမှုဖြစ်သည်။

အဆိုပါ လက်နက်ရောင်းချမှုသည် အမေရိကန်က ကာလကြာရှည် စွာထားရှိခဲ့သော တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ပြောင်းလဲလိမ့်မည်မဟုတ်ကြောင်း အိမ်ဖြူတော်က ပြောသည်။ သို့သော်လည်း အမေရိကန်က ထိုင်ဝမ်သို့ လက်နက်ရောင်းချခြင်းကို ထိုင်ဝမ်အား ပြည်နယ်တစ်ခုအဖြစ်သာ ရှုမြင်သော တရုတ်နိုင်ငံက အဖြင်းအထန် ရှုတ်ချလျက်ရှိသည်။

(ရိုက်တာ)

ကမ္ဘောဒီးယားနိုင်ငံတွင် လုပ်ခတိုးမြှင့်ပေးရန် ဆန္ဒပြမှုများဖြစ်ပေါ်

ဖနောင်ပင် ဒီဇင်ဘာ ၁၇

ကမ္ဘောဒီးယားနိုင်ငံရှိ မဟာတ်တန်နှင့် တိုင်ဆန်စီးပွားရေးစက်မှုဇုန်ရှိ စက်ရုံ ၃၉ ခုမှ အလုပ်သမား ၃၀၀၀၀ နီးပါးသည် အနည်းဆုံးလုပ်အားခကို တိုးမြှင့်ပေးရန် ဆန္ဒပြတောင်းဆိုမှုများကို ဒီဇင်ဘာ ၁၆ ရက်အထိ ဆက်လက်ပြုလုပ်ခဲ့ကြောင်း ဆဇေးရန်ဒေသအလုပ်သမားဌာနအကြီးအကဲ ဟက်ဇ်ဘန်သီက ဆင်ဟွာသတင်းဌာနသို့ ပြောခဲ့သည်။

ယင်းနိုင်ငံ ဆဇေးရန်ဒေသအရှေ့ဘက် ဘာဗက်မြို့၏အထူးစီးပွားရေးဇုန်နှစ်ခုရှိ ကမ္ဘောဒီးယားစက်ရုံ အလုပ်သမားထောင်ပေါင်းများစွာတာ ၎င်းတို့၏ အနည်းဆုံးလုပ်အားခကို တိုးမြှင့်ပေးရန် ဆန္ဒပြတောင်းဆိုမှုများကို ဒီဇင်ဘာ ၁၇ ရက် ကြာသပတေးနေ့အထိ ဆက်လက်ပြုလုပ်ခဲ့ကြောင်း အကြီးတန်း အလုပ်သမားအရာရှိတစ်ဦးက ပြောသည်။

ဒေသဆိုင်ရာ အလုပ်သမားရေးရာအရာရှိများက အထည်ချုပ်စက်ရုံနှင့် ဖိနပ်စက်ရုံတွင် အလုပ်လုပ်နေသော အလုပ်သမားများကို လုပ်ခတိုးမြှင့်ပေးရန် ကြေညာလိုက်ချိန်မှစပြီး ထိုသို့ဆန္ဒပြမှုများ ဖြစ်ပေါ်လာကြောင်း သိရသည်။

(ဆင်ဟွာ)

တောင်ကိုရီးယားသမ္မတကို ဝေဖန်ခဲ့သူ ဂျပန်သတင်းစာဆရာအား တရားသေလွှတ်

တိုကျို ဒီဇင်ဘာ ၁၇

တောင်ကိုရီးယားတရားရုံးတစ်ခုက သမ္မတပတ်ဝန်ဟေးကို ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုမူမှုဖြင့် စွဲချက်တင်ခံရသော ဂျပန်သတင်းစာသမားတစ်ဦးကို အပြစ်မရှိကြောင်း စီရင်ချက်ချခဲ့သည်။

အပြစ်မရှိကြောင်းစီရင်ချက်ချခဲ့သူမှာ ဂျပန်နေ့စဉ်သတင်းစာ ဆန်ကေးရှင်ဘွန်း၏ ယခင်အကြီးအကဲ တက်ခ်ဆုရာကာတိုဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်က တောင်ကိုရီးယားသတင်းစာတွင် ဖော်ပြခဲ့သည့် "ဖယ်ရီနစ်မြုပ်သောနေ့တွင် ပတ်ဘယ်ရောက်နေလဲ" ဆိုသည့် သတင်းဖော်ပြချက်နှင့်ပတ်သက်ပြီး ၎င်းကိုထောင်ဒဏ်ပေးခြင်းဖြစ်မည်ဖြစ်ကြောင်း ကာတိုက ရှည်လျားစွာပြောဆိုသည်။ ထို့အပြင် ၎င်းက "ပတ်"သည် ၎င်း၏အတွင်းရေးမှူးဟောင်းနှင့် အတူရှိနိုင်ကြောင်း ပြောခဲ့ခြင်းနှင့်ပတ်သက်ပြီး ထောင်ဒဏ်ပေးခြင်းဖြစ်နိုင်ကြောင်း ပြောခဲ့သည်။

အဆိုပါကိစ္စနှင့်ဝတ်သက်ပြီး တောင်ကိုရီးယားအစိုးရရှေ့နေများက ၎င်းကို ထောင်ဒဏ် ၁၈လ ချမှတ်ခဲ့သည်။ အစိုးရရှေ့နေများက တိုကောလာဟလမှာ အမှန်မဟုတ်ကြောင်းကို ကာတိုက သိသိကြီးနှင့် ပြောသည်ဟု ဆိုသည်။

သို့သော်လည်း ကာတိုက ၎င်းတွင်အပြစ်မရှိကြောင်း၊ အဆိုပါသတင်းမှာ လူထုစိတ်ဝင်စားရန်အတွက် ဖြစ်ကြောင်း၊ "ပတ်"၏ ဂုဏ်သိက္ခာကို ကျဆင်းစေရန် လုံးဝမရည်ရွယ်ကြောင်း ပြောခဲ့သည်။

(အင်နှစ်အိတ်ရှိကေ)

မြန်မာ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်လုပ်ဆောင်ရန်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၇

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၊ အမျိုးသား ကာကွယ်ရေးကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး(ငြိမ်း) Hon. Mr. KIM Sung Chan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် အနာဂတ်တွင်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြင့်တင်လုပ်ဆောင်သွားရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟားခါး၌ သဘာဝဘေးသင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်

ဟားခါး ဒီဇင်ဘာ ၁၇

အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဝိုလ်တြွမ်ဘိခ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်က ချင်းပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအား စောင်များထောက်ပံ့ပေးခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဗန်ထောင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ တိုင်းမှူးနှင့် တာဝန်ရှိသူများက သဘာဝဘေးသင့်ပြည်သူများအား တစ်ထည်လျှင် ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ စောင် ၄၄၈ ထည်ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(ချင်းပြည်နယ် ပြန်/ဆက်)

မူဆယ်နှင့် (၀၀၅)မိုင်ကြား ယာဉ်ကြောပိတ်ဆို့နေသည့်အတွက် သွားလာရေးခက်ခဲ

မူဆယ် ဒီဇင်ဘာ ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နှင့် မိုင်းယု (၁၀၅)မိုင်ကြားရှိ ယာဉ်ကြောပိတ်ဆို့မှုကြောင့် **(အောက်ပုံ)** ခရီးသွားပြည်သူများ အခက်အခဲများဖြင့် ကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ ယာဉ်ကြောပိတ်ဆို့မှုများသည် မကြာခဏကြုံတွေ့နေရသော်လည်း ယခုဒီဇင်ဘာလအတွင်း ယာဉ်ကြောပိတ်ဆို့မှုများက ယခင်ထက်ပိုမိုဆိုးရွားနေကြောင်း သိရသည်။ ယခု ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ရခြင်းမှာ ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များ တစ်စီးနှင့် တစ်စီး ကျော်တက်ခြင်းကြောင့် လည်းကောင်း၊ လမ်းများကျဉ်းမြောင်းခြင်းနှင့် အကွေ့အကောက်များခြင်းကြောင့်လည်းကောင်း၊ တစ်ခါတစ်ရံ မိုးရွာသွန်းမှုကြောင့် တိုးချဲ့လမ်းများ ရွံ့ရေ၊ နုန်းရေများ စီးဆင်းလာပြီး လမ်းပိတ်ဆို့ခြင်းကြောင့် လည်းကောင်း၊ မူဆယ်(၁၀၅)မိုင်အတွင်း ကုန်တင်ကားများ လမ်းဘေးထိုးရပ်ပြီး ညအိပ်ညနေပြုလုပ်ခြင်းကြောင့် လည်းကောင်းစသည့် အကြောင်းအမျိုးမျိုးကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်းဖြစ်သည်။

မူဆယ်နှင့် (၁၀၅)မိုင်သည် ခုနှစ်မိုင်ခန့်သာ ကွာဝေးသော်လည်း ယခုရက်ပိုင်းအတွင်း ယာဉ်ကြောပိတ်ဆို့မှုကြောင့် တစ်ခါတစ်ရံ ငါးနာရီခန့်မောင်းနှင်ခဲ့ရသည်ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ကားဆရာတစ်ဦး၏ပြောပြချက်အရ သိရသည်။ မူဆယ်နှင့် (၁၀၅)မိုင်အကြား ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေသော်လည်း ကုန်စည်စီးဆင်းမှုနှင့် အတက်အဆင်း ကားခနှုန်းမှာ ပုံမှန်ဖြစ်ကြောင်း သိရသည်။

"ကားတွေက တစ်ခါတလေ မနက် ၈ နာရီလောက် ခဏပိတ်ပြီး မွန်းလွဲ ၁ နာရီ နောက်ပိုင်းဆိုရင် ကုန်သွယ်ရေးဇုန်အတွင်းမှ စစ်ဆေးခံပြီးထွက်လာတဲ့ ကုန်တင်ကားတွေကြောင့် တစ်နေကုန်ပိတ်ဆို့မှုဖြစ်ခဲ့တာမျိုးလည်းရှိပါတယ်၊ ဒီကားတွေပိတ်ဆို့တဲ့အတွက်ကြောင့် ကားဆရာတွေ၊ ကုန်သည်တွေ၊ ခရီးသွားပြည်သူတွေ အလွန်ကို ဒုက္ခရောက်ပါတယ်၊ တာဝန်ကျ ယာဉ်ကြောရှင်းလင်းပေးတဲ့အဖွဲ့ကလည်း အတတ်နိုင်ဆုံးတော့ ရှင်းပေးပါတယ်၊ အခုဟာက ကုန်တင်ကားမောင်းတဲ့သူတွေရော၊ ကားလေး၊ ကားလတ်တွေမောင်းတဲ့သူတွေကြောင့် ဖြစ်ရတာပါ" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

မူဆယ်နှင့် (၁၀၅)မိုင်အကြား ကားအဝင်အထွက်များသည့်အတွက် ကားသမားအချင်းချင်း နားလည်မှုယူခြင်းသော်လည်းကောင်း၊ တာဝန်ကျ ယာဉ်ကြောရှင်းလင်းရေးအဖွဲ့မှလည်း စနစ်တကျစီစဉ်ဆောင်ရွက်ပြီး ကျော်တက်ကားများကို ဒဏ်ရိုက်ခြင်းသော်လည်းကောင်း၊ အပြစ်ပေးခြင်းသော်လည်းကောင်း၊ လမ်းဘေးအိပ်သော ကားများကို စီစစ်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းသော်လည်းကောင်း တိတိကျကျ လုပ်ဆောင်သွားမည်ဆိုလျှင် ယခုလို ယာဉ်ကြောပိတ်ဆို့ခြင်းကို ကာကွယ်နိုင်လိမ့်မည်ဟု ဒေသခံတစ်ဦးက ပြောသည်။

သတင်း-သန့်ဇင်
ဓာတ်ပုံ-စိုးမိုး(၁၀၅)မိုင်

မြန်မာ YMCA မိသားစုခရစ်ယာန်ကြိုပွဲတော်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ကျရောက်မည့် ခရစ္စမတ်နေ့အခမ်းအနားကို ကြိုဆိုသောအားဖြင့် မြန်မာ YMCA မိသားစု၏ ခရစ္စမတ်အကြိုပွဲတော်ကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ မြန်မာ YMCA ရုံးချုပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ YMCA ဥက္ကဋ္ဌ ဦးသာစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ခရစ္စမတ် သတင်းစကားနှင့် ကောင်းချီးပေးခြင်းကို သိက္ခာတော်ရဆရာ ဒေါက်တာ ဦးဝင်းတင်က လည်းကောင်း၊ ဆုတောင်းမင်္ဂလာပြုခြင်းကို သိက္ခာတော်ရဆရာ ဦးကျော်ညွှန့်ကလည်းကောင်း၊ ကျေးဇူးတင်စကားနှင့် အနာဂတ်လုပ်ငန်းများအကြောင်းကို မြန်မာ YMCA အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်းကလည်းကောင်း ပြောကြားကြသည်။

ထို့နောက် မြန်မာ YMCA ဝန်ထမ်းများနှင့် တက်ရောက်လာကြသူများက ခရစ္စမတ်တေးသီချင်းများ စုပေါင်းသီဆိုကြခြင်း၊ လက်ဆောင်ပစ္စည်းများပေးအပ်ခြင်းနှင့် ဧည့်ခံခြင်းများဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကျင်းပကြကြောင်း သိရသည်။

စော်မင်းလတ်

ရောင်းချိုးစုပုံ ရေနံမြေပြိုသူ သုံးရက်ကြာမှ အလောင်းပေါ်

အောင်လံ ဒီဇင်ဘာ ၁၇

သရက်တောရပ်ကွက် ဧရာဝတီမြစ် ရေချိုးဆိပ်၌ ဒီဇင်ဘာ ၁၃ ရက် ညနေ ၅ နာရီက ရေဆင်းချိုးစဉ် ရေနစ်မြုပ်သွားခဲ့သော မောင်ထွေးသရက်တောရပ်ကွက် နေသူ၏ အလောင်းကို အခင်းဖြစ်နေရာ၏ တောင်ဘက်နှစ်ဖာလုံ ခန့်အကွာ ဆင်ပေါင်ဝဲ မော်တော်ဆိပ်ကမ်း မြစ်အတွင်း၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၆ နာရီခွဲက မှောက်လျက်ပေါ်နေသည်ကို ရေလုပ်သား ကိုဖိုးတုတ်က တွေ့ရှိအကြောင်းကြားချက်အရ အောင်လံမြို့မရဲစခန်းမှူး ဒုရဲမှူးနော်ခမ်းနှင့် ဒုရဲအုပ် ကျော်စွာဝင်းတို့အဖွဲ့ သွားရောက်စစ်ဆေးရာ သေဆုံးသူ မောင်ထွေးမှာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရသဲ့ သေဆုံးနေသည်ကိုတွေ့ရသဖြင့် အမှုရေးဖွင့်စစ်ဆေးလျက်ရှိသည်။ **သင်းလွင်(အောင်လံ)**

တရုတ်ပြည်မှရောက်ရှိလာသော တွဲဆိုင်းအသစ်များပြုပြင်ပြီး စမ်းသပ်ပြေးဆွဲ

မြစ်ကြီးနား ဒီဇင်ဘာ ၁၇

ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ရန်ကုန်-မန္တလေးလမ်းပိုင်း အစုန်-အဆန်ရထားများတွင်ပြေးဆွဲရန် တရုတ်နိုင်ငံမှရောက်ရှိလာသော ရထားတွဲသစ် ၁၈ တွဲကို ရထားစီးခရီးသည်များ ဘေးအန္တရာယ်တင်းရှင်းစေရန် တွဲဆိုင်းအသစ်များကို(တွဲစမ်း) စမ်းသပ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)** တရုတ်နိုင်ငံမှ ချေးငွေဖြင့် လူစီးတွဲသစ်တည်ဆောက်ရေးစီမံကိန်း စတင်ဆောင်ရွက်လျက်ရှိပြီး ယခုအချိန်တွင် စက်ရုံအဆောက်အအုံများဆောင်ရွက်ခဲ့ရာ ၂၀၁၆ နိုဝင်ဘာလကုန်တွင် စက်ရုံကြီးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင်ပါဝင်သော လူစီးတွဲ ၆၀ အနက် တရုတ်ပြည် Sifang တွဲ ထုတ်လုပ်ရေးစက်ရုံမှ ၃၉ တွဲ၊ မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ ၂၁ တွဲ တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ တရုတ်ပြည် Sifang တွဲထုတ်လုပ်ရေးစက်ရုံမှ ၃၉ တွဲအနက် ယခုလတ်တလော ၁၈ တွဲရောက်ရှိလာရာ မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ တွဲသစ်များကို ယခုကဲ့သို့(တွဲစမ်း) စမ်းသပ်မောင်းနှင်ခြင်းဖြစ်ကြောင်း သိရသည်။

"လူစီးတွဲသစ်စီမံကိန်းကို မြန်မာ-တရုတ် အင်ဂျင်နီယာများ ပူးပေါင်းတည်ဆောက်မှာ ဖြစ်ပါတယ်။ ယခုတွဲဆိုင်းများကိုလည်း ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွေမှာ အစုန်အဆန်ပြေးဆွဲစေမှာ ဖြစ်ပါတယ်။ မြန်မာ့မီးရထားက ရထားစီးခရီးသည်တွေ စိတ်ချမ်းမြေ့အဆင်ပြေစေဖို့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်) စက်ရုံအထွေထွေမန်နေဂျာ ဦးတင်မောင်သန်းက ပြောသည်။

အဆိုပါတွဲသစ်များတွင် လမ်းခရီးတစ်လျှောက် ခရီးသည်များအသုံးပြုရန် ရေ၊ လျှပ်စစ်မီး၊ ပန်ကာ၊ အိမ်သာ၊ လက်ဆေးကန်စသည်တို့ကို အလုံအလောက် တပ်ဆင်ပေးထားကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

ခုံညားထည်ဝါ ၅၁ လမ်း အဆင့်မြင့်အိမ်ရာ

သတင်းဆောင်းပါး - သီသီမင်း
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

နှစ်ပေါင်း ၅၀ ကျော် သက်တမ်းရှိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၅၁ လမ်း အိမ်ရာအဆောက်အအုံများသည် ယိုယွင်းဆိုဟောင်းနေပြီး သစ်ပင်နွယ်ပင်များ တွယ်ကပ်ပေါက်ရောက်နေခဲ့သည်။ ရည်ညွှန်းများကပ်ငြိနေသကဲ့သို့ အင်္ဂတေအရှိန်မှာလည်း ကွာကျလျက်ရှိသည်။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၅၁ လမ်း အဆင့်မြင့်အိမ်ရာအဆောက်အအုံသစ်ကို တွေ့ရစဉ်။

အဆိုပါ အဝါရောင်တိုက်ကြီးများ၏နေရာတွင် ခေတ်မီလှပပြီး သစ်လွင်ခိုင်ခံ့သည့် အထပ်မြင့်အဆောက်အအုံများက အစားထိုးဝင်ရောက်လာပါပြီဟု ယင်းနေရာတွင် ငယ်စဉ်ကတည်းက နေထိုင်ခဲ့သူ ကိုစိုးမင်းက ဆိုသည်။

"အရင်က ပြည်တော်သာ အိမ်ရာပေါ့။ ကျွန်တော်မမွေးခင်ကတည်းက အဒေါ်အမည်နဲ့ရှခဲ့တာ၊ အခုဆို နှစ်ပေါင်း ၅၀ ကျော်ပြီ၊ အဆင့်မီအိမ်ရာဆောက်ပေးမယ်ဆိုတော့ ဖြစ်ပါ့မလားလို့ သံသယရှိခဲ့ကြတယ်။ ယုံကြည်တဲ့သူတွေလည်းရှိတယ်။ ကျွန်တော်ကတော့ ယုံကြည်တဲ့အထဲမှာပါတာပေါ့။ ဒါပေမယ့် ဒီလောက်မြန်မြန်နဲ့ ခေတ်မီတဲ့အိမ်ရာအဆောက်အအုံကြီးအဖြစ်နဲ့တော့ မျှော်မှန်းမထားမိခဲ့ဘူး"ဟု ၄င်းကပြောသည်။

လက်ရှိအစိုးရအဖွဲ့ တာဝန်ယူစဉ် ငါးနှစ်တာ ကာလအတွင်း အိမ်ရာပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ခဲ့ရာတွင် **"၅၁ လမ်း အိမ်ရာပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း"** သည် တစ်ခုအပါအဝင်ဖြစ်ပြီး ဆောက်လုပ်ခြင်းနှစ်နှစ်အတွင်း အမြန်ဆုံးနှင့် စံချိန်စံညွှန်းကိုက်ညီစွာ ဆောက်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ယခင်အဆောက်အအုံက နှစ်ပေါင်း ၅၀ ကျော် သက်တမ်းရှိလာပြီး ဟောင်းနွမ်းယိုယွင်းလာတာကြောင့် အိမ်ရာများပြန်လည်ဖွံ့ဖြိုးရေးအစီအစဉ်အရ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီး ခွင့်ပြုချက်ရယူကာ ပထမဦးဆုံး ဆောင်ရွက်ခဲ့တဲ့ Pilot Project ဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

အဆိုပါ ၅၁ လမ်းအိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မဟာပန္ထလလမ်းနှင့် ကုန်သည်လမ်း၊ ၅၀ လမ်းနှင့် လမ်း ၅၀ အကြားတွင်ရှိပြီး ၂ ဒသမ ၄၈၆ ဧကခန့် ကျယ်ဝန်းကာ မြေအမျိုးအစားမှာ အစိုးရမြေဖြစ်သည်။ မူလအိမ်ခန်းများ၏ အိမ်ရာနေထိုင်မှုစနစ်မှာ အငှားချဝန်ထမ်းအိမ်ရာများဖြစ်ပြီး နိုဝင်ဘာ ၀၅ ရက်က မူလပိုင်ရှင် ၂၂၄ ဦးအား အခန်းသော့များ ပြန်လည်အပ်နှံကာ နေထိုင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

"နှစ်နှစ်အတွင်း ပြီးမှပြီးပါ့မလားလို့ တွေးပြီးစိုးရိမ်နေခဲ့တာ။ နေ့မနား ညမနားကြိုးစားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း အနီးကပ်ကူညီခဲ့တယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ရန်ကုန်မြို့တော်စည်ပင် စတဲ့အဖွဲ့အစည်းတွေက ကူညီလို့သာ မြန်မြန်ပြီးသွားတာပါ။ အခုတိုက်မှာ နေထိုင်ကြပြီဖြစ်တဲ့ သူတွေအားလုံး အဆင်ပြေတယ်ပြောလို့ စိတ်ချမ်းသာရတယ်"ဟု မဟာနဝရတ်မြေဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။

၂၀၁၂ ခုနှစ် ဇူလိုင်လ ၀၀ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးမှ မဟာနဝရတ်မြေ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် အောင်မြင်ပြည့်စုံဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ကို တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ကုမ္ပဏီအဖွဲ့အစည်းများအဖြစ် ရွေးချယ်ခဲ့ပြီး လုပ်ငန်းအဝိန်သည့် ဌာနနှင့် လုပ်ငန်းလက်ခံသည့်ကုမ္ပဏီများအကြား လုပ်ငန်းသဘောတူစာချုပ်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၀၄ ရက်နေ့တွင် လုပ်ငန်းစတင်ရန် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

"ပုဂ္ဂလိကနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်တာကို တခြားပြည်ပတိုင်းပြည်တွေမှာကဲ့သို့ လုပ်ကိုင်ဆောင်ရွက်တာဖြစ်ပါတယ်။ နိုင်ငံတော်က အခန်းတွေပြန်ယူပြီး မူလနေထိုင်သူတွေကို အခန်းတွေပြန်ပေးတာပေါ့။ ဒါ့အပြင် အခန်းပိုတွေထွက်လာတာကြောင့် တခြားလိုအပ်တဲ့ပြည်သူတွေကို ရောင်းချပေးနိုင်တဲ့အတွက် အိမ်ရာလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်တင်းပေးနိုင်မှာပါ" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မိမိတင်ကပြောသည်။

စီးပွားရေးပညာရှင် ဒေါက်တာမောင်အောင်က "အစိုးရသစ်တက်လာပြီး ငါးနှစ်တာကာလအတွင်းမှာ တော်တော်လေးလုပ်လာတာ တွေ့ရတယ်။ အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာကတော့ တစ်ဖက်မှာလည်း အားနည်းချက်တွေ၊ အားသာချက်တွေရှိတယ်။ လစာနည်းတဲ့ဝန်ထမ်းတွေအတွက် အိမ်ရာစီမံကိန်းတွေ များများဖော်ဆောင်ပေးနိုင်လေ ကောင်းလေပဲဗျ။ နိုင်ငံတကာမှာလည်း ဒီလိုပဲလုပ်ကြတယ်။ ရန်ကုန်မှာက လူဦးရေငါးသန်းကျော်လာပြီဆိုတော့ အိမ်ရာစီမံကိန်းတွေက မလုပ်လို့ကို မရတော့ဘူး"ဟု သုံးသပ်ပြောကြားသည်။

စီမံကိန်းစတင်ရန် တိုက်ဟောင်းများဖြိုဖျက်မှု မပြုလုပ်ခင်ကတည်းက ကုမ္ပဏီများအနေဖြင့် ခေတ်ကာလနှင့်လျော်ညီသော အိမ်ဌားစရိတ်များနှင့် ပြောင်းရွှေ့စရိတ်များ ထုတ်ပေးခဲ့ကြောင်း၊ ပြောင်းရွှေ့စရိတ်မပယူလိုသူများအတွက် ခေတ္တနေထိုင်ရန် စီစဉ်ပေးခဲ့ကြောင်း အိမ်ရာနေထိုင်သူများထံမှ သိရသည်။

တိုက် (အေ)တွင် ပြန်လည်နေထိုင်နေပြီဖြစ်သည့် ဦးဝင်းနိုင်က"ပြောင်းရွှေ့စရိတ်က တစ်လကို တစ်သိန်းခွဲနဲ့ နှစ်နှစ်စာ ၃၆ သိန်းပေးတယ်။ တစ်သိန်းခွဲမလိုချင်တဲ့သူကို ယုဇနမှာထားပေးတယ်။ စရိတ်လည်း ပေးတယ်။ အခြားမှာနေတဲ့သူတွေကိုလည်း အိမ်ငှားခပေးတယ်။ နောက်လေးလအတွက် ငွေကျပ် ကိုးသိန်းထပ်ပေးတယ်။ ပြောင်းရွှေ့တဲ့အခါမှာလည်း အလုပ်သမားရော၊ ကားရောကူညီပြီး ပြောင်းပေးပါတယ်။ အခု ပြန်ပြောင်းလာပြန်တော့လည်း အဲဒီလိုပဲလုပ်ပေးတာပါ။ အစစအရာရာ အဆင်ပြေပါတယ်"ဟု ပြောသည်။

၅၁ လမ်းအိမ်ရာ၏ မူလအခန်းအကျယ်မှာ စတုရန်းပေ ၃၈၀ ဖြစ်ပြီး ရှစ်ခန်းတွဲ လေးထပ်တိုက် ခုနစ်လုံးတွင် စုစုပေါင်းအခန်းအရေအတွက်မှာ ၂၂၃ ခန်းနှင့် ရုံးခန်း တစ်ခန်းသာရှိခဲ့ရာမှ ယခု အသစ်တည်ဆောက်ပြီးစီးခဲ့သည့် အိမ်ရာစီမံကိန်းတွင် ၁၂ ထပ်ခွဲ အဆောက်အအုံနှစ်လုံး၊ ၀၅ ထပ်ခွဲ အဆောက်အအုံနှစ်လုံးပါဝင်ပြီး စီမံကိန်းဧရိယာအတွင်း လူနေအိမ်ခန်းပေါင်း ၅၀၈ ခန်းအထိ ပါဝင်ကာ အခန်းအကျယ်များမှာ စတုရန်းပေ ၆၀၀ မှ ၁၈၀၀ အထိ ရှိကြောင်းနှင့် ပြန်လည်ပေးအပ်ခဲ့သော အခန်းများမှာ စတုရန်းပေ ၆၀၀ အကျယ်ရှိသော အခန်းများဖြစ်ကြောင်း သိရသည်။

"၀၉၇၀ ပြည့်နှစ်ကတည်းက ဒီမှာနေခဲ့တာ။ အဖေက ရေနံကဝန်ထမ်းဆိုတော့ အဖွေနာမည်နဲ့ရခဲ့တာ။ ဝန်ထမ်းအိမ်ရာဖြစ်တော့ ပြန်ရမယ်ဆိုတာသိတယ်။ အစည်းအဝေးမှာလည်း ပြောလို့သိပါတယ်။ အရင်အခန်းထက်ပိုကျယ်လာတယ်။ အခန်းတစ်ခန်းလည်း ပိုလာတဲ့အတွက် မိသားစုကျယ်ကျယ်ဝန်းဝန်း နေလို့ရတယ်။ လေ့ကား အတက်အဆင်းကအစ အဆင်ပြေတဲ့အတွက် စိတ်ချမ်းသာတယ်။ လေကောင်းလေသန့်လည်းရတယ်" ဟု အောင်မြင်ပြည့်စုံကွန်ဒိုတွင် ပြန်လည်နေထိုင်လျက်ရှိသော ဒေါ်တင်တင်ရွှေက ပြောသည်။

"အစက ဝန်ထမ်းတွေရော၊ ပြည်သူတွေရော နေတဲ့ပြည်သူ့အိမ်ရာပါ။ အခု တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ အငှားအိမ်ရာဆိုပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဲဒါတွေပြီးသွားတာနဲ့ တစ်ပြိုင်နက် ဒီအိမ်ရာမှာနေတဲ့သူတွေကို နှုန်းထားတစ်ခုသတ်မှတ်ပြီး ကောက်သွားဖို့ရှိပါတယ်။ အရောင်းအိမ်ရာတွေက သိန်း ၁၂၀ ကျော်တဲ့အခါကျတော့ အခြေခံလူတန်းစားတွေ မဝယ်နိုင်ဘူး။ ဒါကြောင့် ဒီအိမ်ရာမှာ မူလနေထိုင်ခဲ့သူတွေအတွက်ကတော့ အငှားအိမ်ရာစနစ်ပါ။ ကုမ္ပဏီတွေဘက်ကတော့ အရောင်းအိမ်ရာစနစ်ဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မိမိတင်ကပြောသည်။

တိုက်အဆောက်အအုံ အရည်အသွေးပိုင်းနှင့် ကြံ့ခိုင်မှုရှိရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝါရင့် ကျွမ်းကျင်အင်ဂျင်နီယာကြီးများပါဝင်သော အဖွဲ့မှ တစ်လွှာချင်းစီအလိုက် စစ်ဆေးမှုများပုံမှန်ပြုလုပ်ခဲ့ပြီး နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ဖောင်ဒေးရှင်းကစပြီးတော့ အထပ်မြင့်တွေအထိ တစ်လွှာပြီးတစ်လွှာ နိုင်ငံတကာမှာ သုံးတဲ့နည်းစနစ်တွေနဲ့အညီ စစ်ဆေးခဲ့ပါတယ်။ နိုင်ငံတော်နဲ့လုပ်တဲ့ အဆောက်အအုံဖြစ်တဲ့အတွက် အဆောက်အအုံတွေ ဆောက်လုပ်မယ်ဆိုရင် အရည်အသွေးစစ်တဲ့ပညာရှင်တွေ အခုလို ထည့်ပေးထားတဲ့အတွက် သူတို့ရဲ့ စစ်ဆေးညွှန်ကြားမှုကြောင့် အဆောက်အအုံတွေ ပိုပြီးခိုင်ခံမှုရှိပါတယ်"ဟု စစ်ဆေးရေးအဖွဲ့မှ လုပ်သက်အတွေ့အကြုံ ၄၂ နှစ်ရှိပြီဖြစ်သည့် ဦးမြင့်ဆွေက ပြောသည်။

အဆိုပါ စီမံကိန်းအတွက် နိုင်ငံတော်မှ မြေတန်ဖိုးရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ငွေကျပ်သိန်း ၁၂၉၉၅၀ ဖြစ်ကာ လုပ်ငန်းလက်ခံသူ ကုမ္ပဏီများဘက်က အဆောက်အအုံနှင့် Infrastructure လုပ်ငန်းများဆောက်လုပ်မှု ကုန်ကျစရိတ်အတွက် ရင်းနှီးမြှုပ်နှံရမည့်တန်ဖိုးမှာ ငွေကျပ်သိန်း ၁၄၉၀၀၀ ရှိသဖြင့် နိုင်ငံတော်နှင့် ကုမ္ပဏီတို့၏ ရင်းနှီးမြှုပ်နှံမှုမှာ ၄၆ ဒသမ ၆ အချိုး ၅၃ ဒသမ ၄ ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုအခါ ဆောက်လုပ်ရေးကုမ္ပဏီ နှစ်ခုစလုံးမှ အသစ်တည်ဆောက်ခဲ့သည့် ၁၂ ထပ်ခွဲ ကွန်ဒိုမီနီယမ် နှစ်ခုလုံးမှာ ၉၈ ရာခိုင်နှုန်းစီ လုပ်ငန်းပြီးစီးခဲ့သဖြင့် ရေနှင့် မီးရရှိရေးအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခန်းနေပြည်သူများ ရေဖုံးလုံစွာ ရရှိစေရန်အတွက် မူလသွယ်တန်းထားသည့် ကြိုးဖြုတ်ပိုက်လိုင်းမှရေအပြင် စက်ရေတွင်းနှစ်တွင်းလည်း တူးဖော်ပေးထားကြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ကုမ္ပဏီများ စုပေါင်းပြီး ဓာတ်အားခွဲရုံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အောင်မြင်ပြည့်စုံကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ကိုကောင်းထက်မော်က ပြောသည်။

ထို့အပြင် အိမ်ရာစီမံကိန်းတွင် နေထိုင်သူများ အပန်းဖြေအနားယူနိုင်ရန် ကလေးကစားကွင်းများ၊ ကော်ဖီဆိုင်များ၊ ဘိလိယက်ကစားရန်နေရာများ၊ ကျန်းမာရေးအတွက် အားကစားလေ့ကျင့်ရေးခန်းမများ၊ ရေကန်ငယ်များ စသည်ဖြင့် ထည့်သွင်းဆောက်လုပ်ထားသည့်အပြင် ရုံးခန်းများ၊ ကျယ်ဝန်းသော ကားပါကင်များပါဝင်သည့် အဆောက်အအုံများဖြင့် အစားထိုးတည်ဆောက်နိုင်မှု ကြောင့် လူဦးရေသိပ်သည်းမှုကို Densification နည်းဖြင့် ဖြည့်ဆည်းပေးနိုင်သည့်အပြင် နိုင်ငံတော်၏ အိမ်ရာ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်သည့် အိမ်ရာစီမံကိန်းတစ်ခုဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်က ဗိုလ်တထောင် ၅၁ လမ်း အိမ်ရာမှာ မွေးပြီး ကြီးပြင်းခဲ့တာဆိုတော့ အိုဟောင်းတဲ့အိမ်ရာကနေ အခုလို ခေတ်မီတဲ့တိုက်ခန်းမှာ နေထိုင်ရတဲ့အပေါ် မှာလောလောဆယ် ခံစားရမှုကိုပြောပြရခက် ရေမှီးပြည့်စုံတယ်။ ဓာတ်လှေကားပါတဲ့အတွက် အသက်ကြီးတဲ့သူတွေအတွက် အဆင်ပြေတယ်။ အလယ်မှာ လေဝင်လေထွက်ကောင်းတယ်။ အခန်းအတွင်းပိုင်းကတော့ သူကြိုက်/ကိုယ်ကြိုက် ပြင်ဆင်နိုင်တာပေါ့။ လက်မှီနေသူတွေကို အဝေးလွှင့်မသွားစေဘဲ မူလရှိတဲ့နေရာမှာပဲ အဆင့်တန်းခြင့်မြင့်နေနိုင်အောင်၊ ပြန်နေခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်" ဟု မဟာနဝရတ်မြေ အဆောက်အအုံဘက်အခြမ်းတွင် နေထိုင်သည့် ကိုစိုးမင်းက ပြောသည်။

ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တည်ဆောက်ခဲ့သော ၅၁ လမ်း အိမ်ရာသည် မြို့ပြအင်္ဂါရုပ်နှင့် အညီ ခေတ်မီခမ်းနားစွာ ပေါ်ထွက်လာသကဲ့သို့ အဆိုပါ အိမ်ရာနေ ပြည်သူများအတွက်လည်း လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၅၁ လမ်း အဆင့်မြင့်အိမ်ရာအတွင်း တည်ဆောက်ပေးထားသည့် အားကစားလေ့ကျင့်ရေးခန်းမ၌ လေ့ကျင့်နေသူတစ်ဦးကို တွေ့ရစဉ်။

၅၁ လမ်း အဆင့်မြင့်အိမ်ရာတွင် နေထိုင်သူ ဦးဝင်းနိုင်က "ဒီလောက်ကောင်းတဲ့ အဆောက်အအုံကြီးနဲ့ ဓာတ်လှေကားကြီးတွေဖြစ်လာမယ်လို့ ထင်မထားပါဘူး။ အရင်နေခဲ့ရတာနဲ့ နှိုင်းယှဉ်ရင် လူနေမှုအဆင့်အတန်းက ခေတ်မီသွားတယ်။ လွန်ခဲ့တဲ့နှစ်နှစ်က ဒီနေရာမှာရှိတဲ့ တိုက်ခန်းဈေးနှုန်းနဲ့ အခုပေါက်တဲ့ တိုက်ခန်းဈေးနှုန်းက အများကြီး ကွာခြားသွားပါပြီ" ဟု ပြောသည်။

လက်ရှိ နိုင်ငံတော်အစိုးရအဖွဲ့ တာဝန်ယူစဉ် ဖော်ဆောင်လျက်ရှိသည့် အိမ်ရာစီမံကိန်းများနှင့် စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်က "အိမ်ရာစီမံကိန်းတွေ ဖော်ဆောင်တဲ့အခါမှာ တိုက်ခန်းဈေးနှုန်းတွေက မြင့်မားတာကြောင့် ဝင်ငွေနည်းပါးတဲ့လူထုအတွက် ဝယ်နိုင်ဖို့ အခက်အခဲရှိပါတယ်။ တန်ဖိုးနည်းလို့ဆိုပေမယ့် သာမန်ပြည်သူတွေက မဝယ်နိုင်ကြသေးပါဘူး။ ပြည်ဝင်နိုင်ငံတွေမှာဆိုရင် အငှားအိမ်ရာစနစ်တွေရှိတယ်။ အစိုးရက မြို့လယ်မှာကို အငှားချထားပေးတာ။ ကျွန်တော်တို့နိုင်ငံမှာလည်း အဲဒီလို အငှားအိမ်ရာတွေများများလုပ်ပေးနိုင်ရင် လူအများနေနိုင်တဲ့ အနေအထားရောက်သွားမယ်"ဟု ၄င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့ ၅၁ လမ်းရှိ အဝါရောင်တိုက်အိုကြီးများသည် သမိုင်းတစ်ခေတ်တွင်ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ရန်ကုန်မြို့တော်၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ၅၀ လမ်း အိမ်ရာပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဖော်ဆောင်ခဲ့သည့် ၅၁ လမ်း အဆင့်မြင့်အိမ်ရာများသည် နေ့သစ်၏ ရောင်ခြည်နှင့်အတူ ခုံညားထည်ဝါစွာ ပေါ်ထွက်လာခဲ့ပါပြီ။ ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် စိစစ်လေ့လာတွေ့ရှိချက်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၇

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၀၀ နာရီ ၀၆ မိနစ် ၅၀ က ကျင်းပပြီး(ယာဝုံ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ဥပဒေကြမ်းသုံးခု မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာတစ်ခုဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီထားသည့် **တိရစ္ဆာန်ဆေးပညာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာကို** လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးကြသည်။

ဒွဲမဲဆန္ဒနယ်မှ ဦးကြည်သာက ယခုခြောက်လပတ်တွင် ပို့ကုန်အားလုံး၏ ၂၅ ဒသမ ၉ ရာခိုင်နှုန်းသည်လယ်ယာကဏ္ဍမှဖြစ်ပြီး စက်မှုကုန်ချောလုပ်ငန်းသည် ၈ ဒသမ ၈ ရာခိုင်နှုန်းသာရှိသည့်အတွက် မြန်မာနိုင်ငံတွင် စက်မှုကုန်ချောထုတ်လုပ်မှုသည် အလွန်အားနည်းနေပါကြောင်း၊ စက်မှုကဏ္ဍကို တိုးတက်အောင် လုပ်မည့်အခြေအနေသည် သိဘိုရီအရ မှန်ကောင်းမှန်သော်လည်း လက်တွေ့အခြေအနေအရ ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ အမျိုးသားစီမံကိန်းများ အောင်မြင်မှုသာ နိုင်ငံတော်တိုးတက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားစီမံကိန်းများကို ယခုထက်ပို၍ စနစ်တကျသုံးသပ် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းနှင့် မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်တို့က အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် သုံးသပ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဟိုက်ဝေးလမ်းတိုးချဲ့ရာတွင် ပျက်စီးဆုံးရှုံးသွားသော ပြည်သူများ၏ပိုင်ဆိုင်မှုများအားလုံး ထိုက်တန်သောလျော်ကြေးပေးလျော်မည်

နေပြည်တော် ဒီဇင်ဘာ ၁၇

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက် မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျင်းပပြီး မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဆွေးနွေးအတည်ပြုခြင်းနှင့် အမျိုးသားလွှတ်တော်က ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းများကို လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် အာဆီယံဟိုက်ဝေးလမ်း AH 14 နှင့် သုဝဏ္ဏလုပ်အားပေးအိမ်ရာကိစ္စရပ်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားသည်။

သိန္နီမဲဆန္ဒနယ်မှ ဦးစိုးဝင်းခိုင်၏ **လားရှိုးမြို့မှ သိန္နီမြို့အထိ အာဆီယံဟိုက်ဝေးလမ်း AH 14 လမ်းကို ဖောက်လုပ်ရဲ့နေဆဲဖြစ်ရာ လမ်းဖောက်ရဲ့မည်ဆိုပါက အစီအစဉ်များအားလုံး ပြည်သူများအား အသေးစိတ်ချပြ ဆွေးနွေးညှိနှိုင်းမှုများ ရှိ၊ မရှိ**

ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။

သိန္နီမဲဆန္ဒနယ်မှ ဦးစိုးဝင်းခိုင် မေးမြန်းစဉ်။

နှင့် ပျက်စီးဆုံးရှုံးသွားသော ပြည်သူများ၏ ပိုင်ဆိုင်မှုများအားလုံးထိုက်တန်သော လျော်ကြေးငွေများပေးလျော်ရန် အစီအစဉ် ရှိ၊ မရှိနှင့် လျော်ကြေးငွေများပေးပါက မည်ကဲ့သို့ ပမာဏအတိုင်းအတာအထိ ပေးလျော်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် လားရှိုးမြို့မိုင် ၁၇၃/၃ မှ သိန္နီမြို့ မိုင် ၂၀၅/၆ အထိကို အာဆီယံ ဟိုက်ဝေးလမ်း AH 14 လမ်းအဖြစ် ၄၈ ပေအကျယ် ၄ လမ်းသွား လမ်းမကြီးအဆင့် တိုးချဲ့ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် Oriental Highway Co,Ltd. တို့မှ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အသေးစိတ်ချပြီးမှသာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လမ်းတိုးချဲ့ခြင်းဆောင်ရွက်ရာတွင် သက်မှတ်လမ်းနယ်နိမိတ်ပြင်ပ၌ လမ်းတိုးချဲ့ရ၍ ပျက်စီးဆုံးရှုံးမှုများရှိပါက ပျက်စီးဆုံးရှုံးသွားသော ပြည်သူများ၏ ပိုင်ဆိုင်မှုများအားလုံး ထိုက်တန်သော လျော်ကြေးပေးလျော်မည်ဖြစ်ပါကြောင်း။ ပေးလျော်ရာတွင် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနှင့် လျော်ကြေးသတ်မှတ်ရေးကော်မတီက ညှိနှိုင်းပြီး ဆောင်ရွက်ထားသည့်အတိုင်း ပေးချေမည်ဖြစ်ပါကြောင်း။

လျော်ကြေးငွေများ ပေးပါက ပျက်စီးသွားသည့် ပြည်သူများ၏ လယ်ယာမြေလျော်ကြေး ကိစ္စ၊ တိုက်ဘာအဆောက်အအုံလျော်ကြေး ကိစ္စများနှင့်ပတ်သက်၍ ပမာဏကို သေချာစွာစစ်ဆေးပြီး လယ်ယာမြေစိမ်ခန့်ခွဲရေးကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီ စသည့်ကော်မတီများနှင့် စုပေါင်းပြီး လျော်ကြေးနှုန်းထားများကို သတ်မှတ်မည်ဖြစ်ပါကြောင်း၊ သတ်မှတ်ပြီးသည့် နှုန်းထားများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရက အတည်ပြုပြီးသည့်အတိုင်း မိမိတို့ဝန်ကြီးဌာနမှ ပေးလျော်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သဃ်နိုးကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွှန့်၏ **သဃ်နိုးကျွန်းမြို့နယ် သုဝဏ္ဏ လုပ်အားပေးအိမ်ရာနေ ပြည်သူများအား လွှဲအပ်ခဲ့သောနှစ်က သက်ဆိုင်ရာက အိမ်ငှားရမ်းခများ တိုးမြှင့် သတ်မှတ်လာခြင်းနှင့်ပတ်သက်ပြီး မေးမြန်းခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရှင်းလင်းဖြေကြားချက်ကို အကောင်**

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

ထန်တလန်မြို့တွင် 3G စနစ်တိုးချဲ့ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၇

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်းနှင့် ပြည်သူ့တွေးမြို စီမံခန့်ခွဲမှု ဥပဒေကြမ်းအား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **ချင်းပြည်နယ် ထန်တလန်မြို့တွင် GSM ဖုန်းကို 2G စနစ်အစား 3G စနစ်ဖြင့် ပြန်လည်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ထန်တလန်မြို့နယ် ဖာရွန်ရွာတွင် GSM Tower တည်ဆောက်မှု ပြီးစီးသွားပြီဖြစ်သဖြင့် ၂၀၁၅ ခုနှစ်မကုန်မီ အသုံးပြုနိုင်ရန် လိုအပ်သော စက်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ချင်းပြည်နယ် ထန်တလန်မြို့တွင် 3G စနစ်တိုးချဲ့ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်သွယ်ရေးကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အစီအစဉ်အဆင့်(၃)တွင် လျာထားပါကြောင်း၊ ထန်တလန်မြို့နယ် ဖာရွန်ရွာတွင် GSM တာဝါတည်ဆောက်ပြီးစီးပြီဖြစ်၍ ရေဒီယိုစက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု၏ လသာမြို့နယ် ပြည်သူပိုင်သိမ်း အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း အဆောက်အအုံ အကျိုးတူဆောက်လုပ်ရာတွင် မူလအခန်းပိုင်ရှင်အား အကျိုးတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အခန်းပြန်လည်ပေးအပ်ခြင်း မရှိသေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနသို့ အဆိုပါ

ဒုတိယဝန်ကြီး ဦးသောင်းတင် ဖြေကြားစဉ်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းမေးမြန်းစဉ်။

ကိစ္စကို စိစစ်တင်ပြရန် အကြောင်းကြားခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဧပြီလ ၂၄ ရက်က ကျင်းပသည့် ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ တင်ပြချက်အရ မြန်မာမြကုမ္ပဏီသို့ အခန်းအပ်နှံရေးအတွက် စာဖြင့်အကြောင်းကြားရန်နှင့် မပေးပါက တရားစွဲဆိုရေး ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားပါကြောင်း။

အဆိုပါ ဆုံးဖြတ်ချက်အရ ၂၀၁၅ ခုနှစ် ဇွန်လ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ မြန်မာမြကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးအဟုန်ထံသို့ အပ်နှံရန် ကျန်ရှိသောအခန်းများကို အမြန်ဆုံးပြန်လည်ပေးအပ်ရန်၊ ဌာနသို့ လာရောက်ဆက်သွယ်ပေးရန်နှင့် ဆက်သွယ်ခြင်း၊ အခန်းပြန်လည်အပ်နှံခြင်းမပြုပါက တရားစွဲဆိုဆောင်ရွက်သွားမည်ဟု အကြောင်းကြားခဲ့ပါကြောင်း။ ၂၀၁၅ ခုနှစ်

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အမျိုးသားကာကွယ်ရေးကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး (ဒိုမိန်း)နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၇

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အမျိုးသားကာကွယ်ရေးကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး (ဒိုမိန်း) Hon,Mr. KIM Sung Chan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ည နေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်အဆွေ့အမော်ဥက္ကဋ္ဌ ဦးမြည်မိန်း၊ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီနှင့် ကိုရီးယား-မြန်မာ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အမျိုးသားကာကွယ်ရေးကော်မတီအဖွဲ့ဝင် ရေတပ်ဗိုလ်ချုပ်ကြီး (ဒိုမိန်း) Hon,Mr. KIM Sung Chan အား ရင်းရင်းနှီးနှီးနွှဲတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်မှ

အထည်ဖော်ရန်နှင့် မူလလုပ်အားပေးခဲ့သူ မိသားစုများမှ အိမ်ငှားခပုံမှန်ပေးသွင်းခဲ့သူများကို လည်းကောင်း၊ မူလလုပ်အားပေးခဲ့သူများထံ ဝယ်ယူနေထိုင် ငှားရမ်းခပေးသွင်းသူများကို လည်းကောင်း တရားဝင်အမည်ပြောင်းလဲပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အိမ်လခပြန်လည်သတ်မှတ် ညှိနှိုင်းရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးပါက ၂၀၁၆ ခုနှစ် မေလ ၁ ရက်မှ စတင်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် စတင်ကောက်ခံရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိ သုဝဏ္ဏအိမ်ရာတွင် နေထိုင်ကြသော လုပ်အားပေးခဲ့သည့် အငြိမ်းစားများအား အရာထမ်းအငြိမ်းစားလစာ၏ ၅ ရာခိုင်နှုန်း၊ အမှုထမ်းအငြိမ်းစားလစာ၏ ၃ ရာခိုင်နှုန်းကိုသာ ကောက်ခံခြင်းဖြစ်ပြီး ပမာဏကို ပြန်ကြည့်သည့်အခါ ငွေကျပ် ၁၀၀၀ မှ ၃၀၀၀ အတွင်း ကောက်ခံခြင်းဖြစ်သည့်အတွက် သက်သာသော အိမ်လခနှုန်းထားများကို စတင်ခံစားနေကြပြီ ဖြစ်ပါကြောင်း။

မူလလုပ်အားပေးခဲ့သူ မိသားစုများမှ အိမ်လခပုံမှန်ပေးသွင်းခဲ့သူများသည် ခင်ပွန်းကွယ်လွန်က ဇနီး၊ ဇနီးကွယ်လွန်က ခင်ပွန်း၊ ခင်ပွန်းနှင့် ဇနီးကွယ်လွန်က ကျန်ရှိသည့် သားသမီးများထဲမှတစ်ဦးကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ တရားဝင်အမည်ပြောင်းလဲပေးခြင်းကို ဆောင်ရွက်ပေးနေပါကြောင်း။ မူလလုပ်အားပေးခဲ့သူများထံမှ ဝယ်ယူနေထိုင် ငှားရမ်းခပေးသွင်းသူများကို အမည်ပြောင်းလဲပေးရန် အစီအစဉ်မရှိပါကြောင်း။

ဝယ်ယူ နေထိုင်သူများသည် ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခွင့်မရှိသော အစိုးရအိမ်ဥပစာကို ဝယ်ယူနေထိုင်ခြင်းဖြစ်ဝါကြောင်း၊ သုဝဏ္ဏအိမ်ရာသည် ငှားနှုန်းခွဲခေနေသည့် အငှားချ အိမ်ခန်းများအနေဖြင့် အိမ်ခန်းတစ်ခန်းလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဝိုင်းကို သော်လည်းကောင်း ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရကြောင်းကို အိမ်ငှားစည်းကမ်းစာချုပ်များတွင် ပါရှိပြီး ဖြစ်ပါကြောင်း၊ ဝယ်ယူနေထိုင်သူများအနေဖြင့် ဝယ်ယူခွင့်မရှိသော အစိုးရအိမ်ဥပစာကို ဝယ်ယူနေထိုင်ခြင်းဖြစ်သည့်အတွက် တရားဝင်အမည်ပြောင်းလဲပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် သုဝဏ္ဏအိမ်ရာအိမ်ငှားခများကို ထပ်မံလျှော့၍ ကောက်ခံရန် စီစဉ်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် **ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာ**ကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **ဘင်္ဂလားဒေ့ရှ်-ဘူတန်-အိန္ဒိယ-မြန်မာ စွမ်းအင်ဆက်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကိုတင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲသည့် **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

ဒီဇင်ဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တရားမမှုအရ တရားစွဲဆိုနိုင်ရေးအတွက် တိုင်းဒေသကြီးဥပဒေအရာရှိထံသို့ သွားရောက်ညှိနှိုင်းခဲ့ပါကြောင်း၊ ဥပဒေအရာရှိမှ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဥပဒေကြောင်းအရ တရားစွဲဆို၍မရကြောင်း၊ နစ်နာသူများအနေဖြင့် တရားစွဲဆိုလိုပါက နစ်နာသူများဘက်မှသာ ကုမ္ပဏီသို့ တိုက်ရိုက်တရားစွဲဆိုနိုင်ကြောင်း ဥပဒေကြောင်းအရ အကြံပြုခဲ့မှုကို ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက် မြောက်နေ့ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာ

နေပြည်တော် ဒီဇင်ဘာ ၁၇

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ ပြည်ထောင်စုကြဲခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ၁၃၅ ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်၏မိသားစုဝင်များနှင့်မိတ်ဆွေ ၁၁ ဦး စုစုပေါင်း ၁၄၆ ဦးတို့သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေပုံနှင့် လွှတ်တော်အဆောက် အအုံများကို လာရောက်လေ့လာကြည့်ရှုရန် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒေါ်ကျော်ဖုံးမှ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ ၉၄ မိုင် ခန့်အကွာရှိ ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရားဝင်တင်သွင်းခွင့်ပြုခဲ့သော ယာဉ်/ ယန္တရားများသည် တင်သွင်းခွင့်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာပါရှိက ယာဉ်နံပါတ် မရှိသေးသော်လည်း မြစ်ကြီးနားမြို့သို့ မောင်းနှင်ခွင့် ရရှိကြောင်း အဆိုပါ ယာဉ်/ ယန္တရားများကို တင်သွင်းခွင့်ရရှိပြီး ၂၁ ရက်အတွင်း၌ ကုန်းလမ်းပို့ဆောင်ရေးဥယ်ကြားမှ ဦးစီးဌာနတွင် မှတ်ပုံတင်မှသာ ယာဉ်နံပါတ်များ ရရှိခြင်းဖြစ်၍ ယင်းနေရာနှင့် အချိန်အတွင်း ယာဉ်နံပါတ်မပါရှိသေးသော ယာဉ်အားလုံးကို တရားမဝင်ဟု သတ်မှတ်၍ မရနိုင်ကြောင်း ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း၏ ပြောကြားချက်အရ သိရှိရသည်။

ယာဉ်/ယန္တရားများ တရားဝင်ခြင်းနှင့် တရားမဝင်ခြင်းကို တင်သွင်းခွင့်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာအား တိုက်ဆိုင်စစ်ဆေးမှုဖြင့် သိရှိနိုင်ကြောင်း၊ တင်သွင်းခွင့် ၂၁ရက်ကျော်လွန်ပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဥပဒေနှင့်အညီ စီစစ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ယာဉ်/ယန္တရားများ တရားမဝင်ရောက်ရှိနေမှုများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စစ်ဆေးအရေးယူလျက်ရှိကြောင်း၊ အကြမ်းအားဖြင့် ယာဉ်များအားလုံး နံပါတ်ပါရှိကြသော်လည်း ကညာန်၏ နံပါတ်များနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ကြောင်း၊ ယန္တရားအုပ်စုမှာ လုပ်ငန်းသုံးဖြစ်၍ နံပါတ်မပါသော်လည်း အင်ဂျင်နံပါတ်နှင့် တိုက်ဆိုင်စစ်ဆေးနိုင်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း Mobile Team အဖွဲ့ဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိပြီး တရားမဝင်ကုန်သွယ်မှုများ စစ်ဆေးတွေ့ရှိပါက ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူလျက်ရှိကြောင်း၊ ယခုအခါ တရားမဝင်ယာဉ်အစီးရေ ၇၀၀ ကျော် ထိန်းသိမ်းရရှိသဖြင့် လေလံစနစ်ဖြင့် ပြန်လည်ရောင်းချ၍ နိုင်ငံတော်ဘဏ္ဍာငွေရရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ကချင်ပြည်နယ် ဖားကန့်ဒေသသို့ ရောက်ရှိနေသော ယာဉ်/ ယန္တရားများသည် တရားဝင် တင်သွင်းခြင်း ဟုတ်/ မဟုတ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးစီးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် တချင်ပြည်နယ် ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းမှ ယာဉ်/ ယန္တရားများ တင်သွင်းခွင့်ကိုလည်း ခေတ္တဆိုင်းငံ့ထားရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကန်ပိုက်တီးစခန်းတွင် သွင်းကုန်လိုင်စင်ဖြင့် ရောက်ရှိနေသည့် မော်တော်ယာဉ်များအား စစ်ဆေးနေမှုကို တွေ့ရစဉ်။

တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ အစည်းအဝေးစတင်ကျင်းပနေသည်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟော်ရီဇွန်ဟိုတယ် သရဖီဇလာခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ယာဝို)**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ညီလာခံကျင်းပမည့်နေရာ၊ ဆွေးနွေးပွဲသို့တက်ရောက်ရန်အတွက် ဖိတ်ကြားရမည့် ပုဂ္ဂိုလ်အစုအဖွဲ့ဆိုင်ရာများ၊ တက်ရောက်လာကြသူများအတွက် စားသောက်နေထိုင်သွားလာရေးကိစ္စရပ်များတွင် အဆင်ပြေချောမွေ့စေရေးဆောင်ရွက်ရမည့် ကိစ္စရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကမ္ဘာ့အလိုက် ဆက်လက်ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ပင်းရှင်းအပွဲဝင်နိုင်ငံများ၏ (၂၁)ကြိမ်မြောက် ညီလာခံနှင့် ကျိုတိုနောက်ဆက်တွဲ စာချုပ်အပွဲဝင်နိုင်ငံများဆိုင်ရာ (၁၁)ကြိမ်မြောက် အစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၇

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအတွင်း ရေးမျှားရုံးမှ ကြီးမှူးရှု၍ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ကျင်းပသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၂၁)ကြိမ်မြောက် ညီလာခံ COP 21 နှင့် ကျိုတိုနောက်ဆက်တွဲ စာချုပ်အဖွဲ့ဝင်နိုင်ငံများဆိုင်ရာ (၁၁)ကြိမ်မြောက် အစည်းအဝေး CMP 11 သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဦးဆောင်ပြီး ဒုတိယဝန်ကြီးဒေါက်တာ ဒေါ်သက်သက်ဇင်၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူတို့ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင် ၁၈ ဦး တက်ရောက်ခဲ့ကြသည်။ **(အောက်ပို့)**

COP 21 ညီလာခံနှင့် CMP 11 အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပရာ ၂၀၁၄ ခုနှစ်က ကျင်းပခဲ့သည့် COP 20 ညီလာခံ၏ သဘာပတိ ပီရူးနိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီး H.E.Mr. Manuel Pulgar-Vidal၊ COP 21 ညီလာခံ၏ သဘာပတိ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Laurent Fabius၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှုဆောင်အတွင်းရေးမှူး Ms. Christiana Figueres နှင့် ဂြိတိန်နိုင်ငံ ဝေလမင်းသားတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ညီလာခံ၏ နိုင်ငံအကြီးအကဲများ အစည်းအဝေး (Leaders Event)ကို နံနက် ၁၀ နာရီတွင်ကျင်းပရာ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြပြီး ပြင်သစ်နိုင်ငံသမ္မတ မစ္စတာ ဟော်လန်း၊ ကုလသမဂ္ဂအတွေ့ထွေ့အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် COP 21 ညီလာခံ၏ သဘာပတိ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Laurent Fabius တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ထို့နောက် နိုင်ငံအကြီးအကဲများက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ Leader Statement များကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံမှ ဦးဆောင်ကျင်းပသည့် Launch of the International Solar Alliance သို့ တက်ရောက်လေ့လာခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂ ရက်အထိ ကျင်းပသည့် သိပ္ပံနှင့်နည်းပညာ အကြံဉာဏ်များဆိုင်ရာ အကူလုပ်ငန်းအဖွဲ့၏ (၄၃) ကြိမ်မြောက် အစည်းအဝေး၊ အကောင်အထည်ဖော်ခြင်းဆိုင်ရာ အကူလုပ်ငန်းအဖွဲ့၏ (၄၃)ကြိမ်မြောက်အစည်းအဝေး၊ ဒါဘမ်ဆုံးဖြတ်ချက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယ အပိုင်း(၁၂) ကြိမ်မြောက် အစည်းအဝေးများ အပါအဝင် G77+China နှင့် LDC နိုင်ငံများဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့် ပတ်သက်သော အစည်းအဝေး(ITTO) နှင့် ပူးပေါင်း၍ "REDD+ within INDC ; Governance Lessons Leaint From Community Forest Management in the Tropic" ခေါင်းစဉ်ဖြင့် လည်းကောင်း ဥရောပသမဂ္ဂ၏ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာမိတ် (Global Climate Change Alliance-GCCA) ဆွေးနွေးပွဲတွင် မြန်မာရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ထားမှု အခြေအနေ (Myanmar Climate Change Alliance - MCCA) ခေါင်းစဉ်ဖြင့် လည်းကောင်း Panelist များအဖြစ် ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ရေရှည်တည်တံ့ပြီးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက်ချမှတ်နိုင်ရေးထောက်ခံ

နေပြည်တော် ဒီဇင်ဘာ ၁၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ခုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်သည် ဒီဇင်ဘာ ၆ ရက်တွင် ပါရီမြို့ရှိ Pershing Hall ဟိုတယ်၌ UN-OHRLLS မှ ကျင်းပသည့် Ministerial Luncheon on Financing Climate Change Adaptation in Least Developed Countries ဆွေးနွေးပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ COP 21 ညီလာခံ၏ အဆင့်မြင့်အစည်းအဝေး (High Level Segment) ကို ဒီဇင်ဘာ ၇ ရက်မှ ၈ ရက်အထိကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့်အတူ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် COP 21ညီလာခံ၏ သဘာပတိဖြစ်သူ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Laurent Fabius၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၊ ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိ H. E. Mr. Mogens Lykketoft၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစိုးရအချင်းချင်း ဆွေးနွေးမှု အဖွဲ့ဥက္ကဋ္ဌ Mr. Hoesung Lee နှင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှုဆောင် အတွင်းရေးမှူး Ms. Christiana Figueres တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံအလိုက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများမှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံအဆင့်ထုတ်ပြန်တင်ပြချက် (National Statement)များ ဖတ်ကြားရာတွင် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က ရာသီဥတုပြောင်းလဲမှုကြောင့် ပြင်းထန်သည့် ဆိုးကျိုးသက်ရောက်မှုများအတွက် ချက်ချင်းအရေးတကြီး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စက်မှုကာလမတိုင်မီနှင့် နှိုင်းယှဉ်၍ ကမ္ဘာ့အပူချိန်မြင့်တက်လာမှု ရေရှည်ရည်မှန်းချက်အဖြစ် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက် ထိန်းသိမ်းထားနိုင်ရန် ရည်မှန်းဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီထွန်းကားပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အချိန်ဖြစ်သည့်အားလျော်စွာ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ဦးဆောင်လမ်းညွှန်အဖြစ် သမိုင်းဝင်ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သဘောတူညီချက် ချမှတ်နိုင်ရေးကို ထောက်ခံပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်အတွင်း အိန္ဒိယနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းများ ဗဟိုဘက်စုံဖွံ့ဖြိုးရေးဗဟိုဌာန (ICIMOD) တို့ ပူးပေါင်းကျင်းပသည့် " Getting Ready for 2020 REDD; What are the Himalayan Countries Doing" ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း၊ ကျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနမှ ကျင်းပသည့် JCM Partner Countries High- Level Meeting သို့ တက်ရောက်၍ အမှာစကား ပြောကြားခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Chinese Special Envoy on Climate Change၊ ဝန်ကြီး H.E. Mr.Xie Zhenhua ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်မှ ရာသီဥတုပြောင်းလဲခြင်း လိုက်လျောညီထွေဖြစ်စေရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများပေးအပ်ခြင်း စီမံကိန်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

သော်လည်းကောင်း၊ ကားများဆိုင်ကယ်များဖြင့် ဇလုံတောင်တော်ပေါ်သို့ သွားရောက် ဖူးမြော်သူများ ယခုနှစ်ကုန်ပိုင်းတွင် ပိုမိုများပြားလှသည်ဟု ဆိုသည်။ ဘုရားဖူးဧည့်သည်တစ်ဦးက "ဇလုံတောင်တော်ဟာ ထူးခြားပြီး သဘာဝအရင်းအမြစ်တွေ ပြည့်ဝတဲ့နေရာဒေသတစ်ခုဖြစ်ပါတယ်။ မြန်မာပြည်အထက်ပိုင်းက ကျိုက်ထီးရိုးစေတီလို့လည်း တင်စားခေါ်ဝေါ်ကြပါတယ်။ တောတောင်ရေမြေ စိမ့်စမ်းနဲ့ ရှုခင်းတွေက မွန်မြတ်နယ် ကျိုက်ထီးရိုးထက်တောင် သာနေသေးတယ်လို့ အများက ဆိုကြပါတယ်။ မတ်စောက်တဲ့ တောင်တက်တောင်ဆင်းလမ်းတွေကို ပြေပြစ်အောင် လုပ်ဆောင်ပေးကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေကို လေးစားပြီး ကျေးဇူးအထူးတင်ပါတယ်"ဟု ပြောသည်။ ဘုရားဖူးခရီးသည် နောက်တစ်ဦးမှလည်း "ကျွန်တော်က ဒီကိုတတိယအကြိမ်မြောက် လာရောက်တာပါ။ ဇလုံတောင်တော်ဟာ အလွန်ပဲသာယာလှပပါတယ်။ တောင်တော်အနီးက သဘာဝတောတောင်တွေမပျက်စီးအောင် ထိန်းသိမ်းစေချင်ပါတယ်။ အခုဆိုရင် ဇလုံတောင်ကို လာရောက်တဲ့ ဘုရားဖူးဧည့်သည်တွေ အများကြီးပဲ တွေ့ရပါတယ်။ အထူးသဖြင့် ဇလုံတောင်တော်ဟာ တန်ခိုးကြီး သမိုင်းဝင်စေတီဖြစ်ပြီး ထူးခြားတဲ့ အကြောင်းအရာတွေ ပြည့်နှက်နေတဲ့ ဒေသပါ။ အထူးသဖြင့် ဇလုံတောင်တော်ကို လာရောက်ဖူးမြော်ခဲ့သူတွေဟာ နောင်ပွင့်မယ့် ဘုရားရှင်ကို ကိုယ်တိုင်ဖူးတွေ့နိုင်တဲ့သူအဖြစ် စာရင်းဝင်သွားပြီဆိုတဲ့ အယူရှိကြတဲ့အတွက် ဘုရားဖူးဧည့်သည်တွေ တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာတာပါ"ဟု ပြောကြားသည်။

ဗန်းမောက်မြို့နယ် အတွင်းရှိ ဇလုံတောင်တော်တစ်ဝိုက် သာယာလှပရေး၊ ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ ရောက်ရှိဖူးမြော်နိုင်စေရေး၊ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူချောမွေ့စေရေးတို့အတွက် အဘက်ဘက်မှ ဆောင်ရွက်မှုကြောင့် ဇလုံတောင်တော်သည် မြန်မာပြည် အထက်ပိုင်းက ကျိုက်ထီးရိုးစေတီသဖွယ်လူသိများ ထင်ရှားလာမည်ဖြစ်သည်။ **ဖိုးနိုင်(ကသာ)**

သက်ကြီးရွယ်အို အလျင်အမြန်တိုးပွားလာနေသော အရွှေ့အာရှအနေဖြင့် စီးပွားရေးအင်အားအရှိန်ကို မည်သို့ထိန်းထားနိုင်မည်နည်း

အက်ဒေါ်ဝန်ထရော့အင်ဘာ်
ဥက္ကဋ္ဌ ကမ္ဘာဘဏ်အရှေ့အာရှပစိဖိတ်

လွန်ခဲ့သော ဆယ်စုနှစ်သုံးခုအတွင်း အရှေ့အာရှဒေသသည် လူဦးရေပုံသဏ္ဌာန် (demographic) ဖြစ်တည်မှု၏ ကောင်းကျိုးသီးပွင့်ကို ခံစားခဲ့ရသည်။ ၁၉၆၀ ပြည့် လွန်နှစ်များမှ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ဒေသတွင်း တစ်ဦးကျဝင်ငွေတိုးပွားမှု၏ သုံးပုံတစ်ပုံနီးပါးသည် ပေါ်ကြွယ်ပြီး တိုးပွားသည့်အလုပ်သမားအင်အားကြောင့်ဖြစ်ရာ ယင်းကြောင့် အရှေ့အာရှသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်လာခဲ့သည်။ ယခုအခါ အရှေ့အာရှဒေသသည် လူဦးရေပုံသဏ္ဌာန်ပြောင်းလဲမှုပုံစံ တစ်ရပ်ဖြစ်သော သက်ကြီးရွယ်အိုဦးရေ အလျင်အမြန်တိုးပွားလာခြင်းဆိုသည့် စိန်ခေါ်မှုနှင့်ရင်ဆိုင်နေရသည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသသည် သမိုင်းတစ်လျှောက်တွင် အခြားသောဒေသများထက်ပို၍ အသက်အရွယ်ကြီးသူများ တိုးပွားလာမှုကိုတွေ့ရှိရကြောင်း ကမ္ဘာဘဏ်၏ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် အသက်(၆၅) နှစ်နှင့်အထက် လူဦးရေ ၂၁၁ သန်းကျော်ရှိပြီး အဆိုပါ အရွယ်ရောက် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၃၆ ရာခိုင်နှုန်းရှိသည်။ ၂၀၄၀ ပြည့်နှစ်တွင် အရှေ့အာရှ၌ သက်ကြီးလူဦးရေ နှစ်ဆမြင့်တက်လာပြီး ၄၇၉ သန်းအတိ ရှိလာမည်ဖြစ်သည်။ ကိုရီးယား၊ တရုတ်နှင့် ထိုင်းစသည့် နိုင်ငံတို့တွင် အလုပ်လုပ်နိုင်သည့် အရွယ်ရှိ လူဦးရေမှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျော့ကျသွားမည်ဖြစ်သည်။

ဒေသတစ်ဝန်းတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ် လူဦးရေလျော့ကျလာခြင်းနှင့် သက်ကြီးရွယ်အို တိုးပွားနှုန်းမြင့်မားလာခြင်းတို့ကြောင့် မူဝါဒချမှတ်သူများအနေဖြင့် စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်လာနိုင်ဖွယ်အခြေအနေကိုလည်းကောင်း၊ ကျန်းမာရေး၊ ပင်စင်နှင့် ကာလရှည် ပြုစုစောင့်ရှောက်ရေးစနစ်ထက္ကမများအတွက် ပြည်သူ့ဘဏ္ဍာငွေမှ သုံးစွဲရန် ပိုမိုတောင်းဆိုလာနိုင်မှုများကိုလည်းကောင်း ဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

ဒေသတွင်း သက်ကြီးလူဦးရေ အလျင်အမြန်တိုးပွားလျက်ရှိရာ အလုပ်ကြေးစားသူများ အသက်ကြီးရင့်သည့်အခါ ကျန်းမာပြီး အလုပ်လုပ်နိုင်သောဘဝတွင် နေထိုင်နိုင်ရေးအတွက် အစိုးရအဖွဲ့များ၊ အလုပ်ရှင်များနှင့် အိမ်ထောင်စုများက မည်သို့စီစဉ်ဆောင်ရွက် ကြမည်နည်း။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသရှိ လူအဖွဲ့အစည်းများအနေဖြင့် လူစွမ်းလူအိုများရရှိအောင်၊ အားလုံးအလုပ်လုပ်နိုင်သော လူဘောင်များဖြစ်အောင် မည်သို့ပြုစုပျိုးထောင်ကြမည်နည်း။

သက်ကြီးရွယ်အို များလာခြင်းနှင့်ဆိုင်သော အခက်အခဲများကို ဆေးမြီးတိုနည်းဖြင့် ဖြေရှင်းခြင်းမှာ ဆွဲဆောင်မှုရှိသော်လည်း အကောင်းဆုံးဖြစ်မည့် ရွေ့လျှောက်လမ်းစဉ်မှာ ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်း၊ ပညာရေး၊ အလုပ်သမားဈေးကွက် မူဝါဒများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးမှသည် နာတာရှည်စောင့်ရှောက်မှုအထိ ပြည်သူလူထု၏ တစ်ဘဝလုံးစာဖြစ်သည့် မိခင်ဝမ်းတွင်းမှသည် အိုမင်းမစွမ်းရောက်သည်အထိ စဉ်းစားပေးသည့် နည်းလမ်းပင်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

ရှေ့ဆက်မည့်ပုံစံအပေါ် ပြည်သူတစ်ရပ်လုံးက သဘောတူမှုရအောင် တည်ဆောက်ရာတွင် နိုင်ငံရေးအရ စိန်ခေါ်မှုရှိသည့်အားလျော်စွာ မူဝါဒရေးရာ ရွေးချယ်မှုများကို ပြုလုပ်ရန် ခိုင်မာသည့်ခေါင်းဆောင်မှု လိုအပ်မည်ဖြစ်ပါသည်။ လုပ်နည်းကိုင်နည်း မှန်ကန်မည်ဆိုပါက လွှမ်းခြုံပါဝင်သည် ချဉ်းကပ်ပုံကြောင့် အလုပ်လုပ်နိုင်သူများ၏ အလုပ်လုပ်ကိုင်မှုကို မြင့်တက်လာစေနိုင်သလို၊ ကျန်းမာသန်စွမ်းစေမည့်ပြုမူနေထိုင်ပုံများဖြစ်အောင် တွန်းအားပေးနိုင်ပြီး ကုန်ထုတ်လုပ်မှု မြင့်တက်စေကာ လူမှုဖူလုံရေးကဏ္ဍကိုလည်း ပြုပြင်ပြောင်းလဲနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အများပြည်သူဝန်ဆောင်မှုများသည် ထိရောက်မှုရှိလာပြီးလျှင် လူတိုင်းလက်လှမ်းမီသည့် အရာများလည်းဖြစ်လာစေမည်ဖြစ်ပါသည်။

သတင်းကောင်းတစ်ခုမှာ အရှေ့အာရှဒေသသည် အားကောင်းသည့်အနေအထားမှ အစပြုရခြင်းဖြစ်သည်။ အရှေ့အာရှသားများသည် အခြားဒေသမှ သက်တူရွယ်တူ လူများထက် ပို၍ အချိန်ပိုကြာကြာ အလုပ်လုပ်ကြသည်။ ၎င်းတို့ကိုကြည့်လျှင် အသက်အရွယ်တန်း အားလုံးတွင် ဒွေစုဆောင်းမှုနှုန်းမြင့်မားသည်။ ပညာရေးဝိုင်းအောင်မြင်မှု အလျင်အမြန် မြင့်တက်လျက်ရှိသည်။ လူမှုဖူလုံရေးစနစ်တွင် စရိတ်ကြီးမြင့်သည့် ဆက်ခံပိုင်ခွင့် ကိစ္စများနည်းပါးသည်။

မူဝါဒရေးရာ ပြုပြင်ပြောင်းလဲမှုအချို့သည် အရွယ်အိုမင်းမှုနှင့် ဆက်စပ်ဖြစ်လာနိုင်သည့် ဆုံးရှုံးထိခိုက်နိုင်ခြေများကို စီမံခန့်ခွဲရေးအတွက် အခရာဖြစ်ပါသည်။ ဥပမာအားဖြင့် အလုပ်သမားဈေးကွက်တွင် နိုင်ငံများအနေဖြင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးများ ထားပေးခြင်း၊ အစိုးရက စရိတ်စိုက်ထုတ်ပေးခြင်းဖြင့် ဈေးနှုန်းမကြီးမြင့်သော ကလေးပြုစုစောင့်ရှောက်ရေး ဖြစ်လာစေခြင်းတို့ဖြင့် အမျိုးသမီးအလုပ်သမားများ အလုပ်လုပ်ကိုင်မှုကို မြင့်တက်အောင် နိုင်ငံများအနေဖြင့် ဆောင်ရွက်ပေးနိုင်ပါသည်။

ပင်စင်စနစ်တွင် ပင်စင်ခံစားရသူ များပြားလာရေး လုပ်ကိုင်ရင်း ရေရှည်ပင်စင် ထောက်ပံ့ပေးနိုင်ရေးဆိုသည့် စိန်ခေါ်မှုနှစ်ခုနှင့် ရင်ဆိုင်နေရသည်။ ထို့အတွက် နိုင်ငံတချို့တွင် ပင်စင်ယူသည့် အသက်ကို တဖြည်းဖြည်း တိုးမြှင့်ခြင်း၊ ပမာဏကြီးပြီး ပုံသေမရှိသည့်ကဏ္ဍများမှ အလုပ်သမားများပါ ပင်စင်ခံစားနိုင်အောင် မူဝါဒရေးရာနှင့် ဘဏ္ဍာရေးပိုင်းတွင် တီထွင်ဆန်းသစ်ပြောင်းလဲခြင်း စသည့်ခက်ခဲမည့် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင် အသက်ကြီးသူများ အလျင်အမြန်တိုးပွားလာခြင်း၊ မကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှု များပြားလာခြင်းနှင့်အတူ ဆေးရုံအခြေပြု ကျန်းမာရေးစနစ်မှသည် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအလေးထားသောစနစ်တစ်ခုသို့ ပြောင်းလဲရန် လိုအပ်လာသည်။ အိုစရိတ်နှင့် နာစရိတ်များစီမံခန့်ခွဲရန်အတွက် လိုအပ်လာမည့်အရာများမှာ ကျန်းမာရေးစောင့်ရှောက်သူများကို လစာပေးပုံ၊ ဆေးဝါးများဝယ်ယူပုံနှင့် ကျန်းမာရေးဆိုင်ရာ နည်းပညာများ စီမံခန့်ခွဲပုံတို့တွင် အချိန်နှင့်ငွေ ဆုံးရှုံးမှုသက်သာလာရေး ပင် ဖြစ်ပါသည်။

ထို့အတူပြည်သူများ၏ အသက်ကြီးရင့်လာမှုကြောင့် ကာလရှည်ပြုစုစောင့်ရှောက်မှုအတွက် တောင်းဆိုမှုနှင့် ဈေးကွက်အလျင်အမြန်တိုးပွားလာနေပါသည်။ အစဉ်အလာ မိသားစုကွန်ရက်များကြီးမားပြီးကျယ်ပြန့်မှုမြင့် တက်လာခြင်းနှင့်အတူ လိုအပ်ချက်၊ ဖြည့်ဆည်းပေးနိုင်စွမ်းနှင့် ကုန်ကျစရိတ်တို့အကြား ဟန်ချက်ထိန်းနိုင်မည့် ရပ်ရွာအခြေပြုနှင့် နေအိမ်အခြေပြု စောင့်ရှောက်မှုပုံစံသစ်များ တည်ထောင်ရန်အတွက် တီထွင်ဆန်းသစ်မှုများ အရေးတကြီးလိုအပ်နေပါသည်။

အသက်ကြီးသူဦးရေ အချိုးသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီသောကြောင့် မူဝါဒချမှတ်သူများအနေဖြင့် စီမံခန့်ခွဲနိုင်သော ဖြစ်စဉ်ဖြစ်အောင်၊ အများပြည်သူလက်လှမ်းမီသောဖြစ်စဉ်ဖြစ်အောင် နည်းဗျူဟာအမျိုးမျိုးချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဂျပန်၊ တောင်ကိုရီးယားနှင့် စင်ကာပူအပါအဝင် အချမ်းသာဆုံးသော နိုင်ငံများသည် အမျိုးသမီးများအား အလုပ်လုပ်ကိုင်စေခြင်း၊ အလုပ်နှင့်ပတ်သက်၍ စီစဉ်ရာတွင် အဆင်ပြေမှုကို ဦးစားပေးခြင်းဖြင့် ကုန်ထုတ်လုပ်သားသက်တမ်းများကို ဆက်လက်ဆွဲဆန့်ခြင်း၊ လူငယ်လုပ်သားလူဝင်မှုကို တိုးမြှင့်ခြင်းတို့ဖြင့် အလုပ်သမားအင်အားကျဆင်းလာမှုကို ဖြေရှင်းကျော်လွှားနိုင်သည်။

တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့သော အလျင်အမြန်ဖွံ့ဖြိုးလာနေသည့် ဝင်ငွေအလယ်အလတ် နိုင်ငံများသည်လည်း သက်ကြီးရွယ်အို များပြားလာမှုကို ရင်ဆိုင်နေရသည်။ အဆိုပါ နိုင်ငံများအနေဖြင့် ကုန်ထုတ်လုပ်နိုင်စွမ်းတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားရန် အရေးကြီးသည်ဟု ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ပြီး ထိုသို့ဆက်လက် ထိန်းသိမ်းထားနိုင်ရန် အတွက် ၎င်းတို့အနေဖြင့် ပင်စင်၊ လူမှုဖူလုံရေး၊ ကျန်းမာရေးနှင့် ကာလရှည် ပြုစုစောင့်ရှောက်မှု၊ အလုပ်သမားဈေးကွက် မူဝါဒများအပိုင်းတွင် အခြေခံတျတျ ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်ရန်လိုအပ်သည်။

တတိယအုပ်စုဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ပါပူဝါနယူးဂီနီ၊ ပစိဖိတ်ကျန်းနိုင်ငံများနှင့် အရှေ့တီမောနိုင်ငံအပါအဝင် အခြားနိုင်ငံများသည် အသက်အရွယ်ငယ်ရွယ်သူ များပြားနေသေးပြီး အသက် ၆၅ နှစ်အထက် လူဦးရေမှာ ၅ ရာခိုင်နှုန်းသာ ရှိသေးသည်။ အဆိုပါနိုင်ငံများ အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အတွက် ၎င်းတို့အနေဖြင့် ပင်စင်၊ လူမှုဖူလုံရေး၊ ကျန်းမာရေးနှင့် ကာလရှည် ပြုစုစောင့်ရှောက်မှု၊ အလုပ်သမားဈေးကွက် မူဝါဒများအပိုင်းတွင် အခြေခံတျတျ ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်ရန်လိုအပ်သည်။

တတိယအုပ်စုဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ပါပူဝါနယူးဂီနီ၊ ပစိဖိတ်ကျန်းနိုင်ငံများနှင့် အရှေ့တီမောနိုင်ငံအပါအဝင် အခြားနိုင်ငံများသည် အသက်အရွယ်ငယ်ရွယ်သူ များပြားနေသေးပြီး အသက် ၆၅ နှစ်အထက် လူဦးရေမှာ ၅ ရာခိုင်နှုန်းသာ ရှိသေးသည်။ အဆိုပါနိုင်ငံများ အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြင့်တက်အောင် ကုန်ထုတ်လုပ်နိုင်မှုကို မြင့်တင်ပြီး လူငယ်များ အလုပ်အကိုင်ခန့်ထားမှုကို အမြင့်ဆုံးမှတ်သို့ရောက်အောင် လုပ်ဖို့ရာ ခြေလှမ်းများ လှမ်းရန် ကျွန်ုပ်တို့အနေဖြင့် အကြံပြုပါသည်။ ၎င်းတို့သည် ခုမ်းသာသောနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာသင်ခန်းစာယူနိုင်ပြီး လာမည့် ဆယ်စုနှစ်များတွင် ကြုံတွေ့ရမည့် အသက်ကြီးသူများ လျင်မြန်စွာများပြားလာမှုပြဿနာကို ဖြေရှင်းရာတွင် အခြေအနေကောင်းနိုင်စေရန်အတွက် တာရှည်ချမှတ်မည့် ပင်စင်မူဝါဒ၊ ကျန်းမာရေးမူဝါဒချမှတ်နိုင်ရေးစိတ်အားရမည်ဖြစ်ပါသည်။

ကာလရှည်စီမံကိန်းများ လိုအပ်သည့်အခြားသောဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနည်းတူ မူဝါဒချမှတ်ထားသူများသည် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည်များကို ခန့်မှန်းကာ အနာဂတ်မျိုးဆက်များအား ကာကွယ်ရန် နည်းဗျူဟာများ ချမှတ်ရမည်ဖြစ်သည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသသည် အသက်အရွယ်ကြီးရင့်သူများ အလျင်အမြန်တိုးပွားလာခြင်းကို စီမံခန့်ခွဲရင်း တစ်ဖက်ကလည်း စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကို ထိန်းသိမ်းထားနိုင်မည်ဟု ကျွန်ုပ်တို့ အကောင်းမြင်စိတ်ဖြင့် ယုံကြည်မိပါသည်။

□ တတိယအုပ်စုဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ပါပူဝါနယူးဂီနီ၊ ပစိဖိတ်ကျန်းနိုင်ငံများနှင့် အရှေ့တီမောနိုင်ငံအပါအဝင် အခြားနိုင်ငံများသည် အသက်အရွယ်ငယ်ရွယ်သူ များပြားနေသေးပြီး အသက် ၆၅ နှစ်အထက် လူဦးရေမှာ ၅ ရာခိုင်နှုန်းသာ ရှိသေးသည်။ အဆိုပါ နိုင်ငံများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင့်တက်အောင် ကုန်ထုတ်လုပ်နိုင်မှုကို မြင့်တင်ပြီး လူငယ်များ အလုပ်အကိုင်ခန့်ထားမှုကို အမြင့်ဆုံးမှတ်သို့ရောက်အောင် လုပ်ဖို့ရာ ခြေလှမ်းများလှမ်းရန်

မန္တလေးမြို့ မန္တလေးတောင်ပန်းချီပြခန်း၌ ဆောင်းအမှတ်တရပန်းချီပြပွဲပြသမည်

မန္တလေး ဒီဇင်ဘာ ၁၇

ဆောင်းအမှတ်တရ ပန်းချီပြပွဲ ပွဲစဉ်(၁) ဟုအမည်ပေးထားသည့် ဝါရင့်ပန်းချီဆရာကြီးများ ပါဝင်ရေးဆွဲထားသည့် ဆောင်းအမှတ်တရပန်းချီပြပွဲ ပွဲစဉ်(၁)ကို မန္တလေးမြို့ မန္တလေးတောင်ပန်းချီပြခန်း (ခြင်္သေ့ကြီးနှစ်ကောင်အနီး)၌ ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အတိ ပြသထားမည်ဖြစ်သည်။

ဝါရင့်ဆရာကြီးများ၏ ပန်းချီကားများကို လက်တွေ့ရေးဆွဲနေပြီဖြစ်သည်။ တချို့ပန်းချီဆရာများကလည်း ရေးဆွဲပြီးပြသရန် အဆင်သင့်ဖြစ်သူများလည်း ရှိပြီဖြစ်သည်။

ပါဝင်ရေးဆွဲပြသမည့် ဝါရင့်ပန်းချီဆရာကြီးများမှာ ဆရာကြီးဦးခင်မောင်သန်း (မန္တလေး)၊ ဆရာကြီးဦးဇော်ဝင်း (သစ်တွင်း)၊ ဆရာကြီး ဦးမာလာ၊ ဆရာကြီးဦးခင်မောင်စန်း၊ ဆရာကြီး ဦးလှထွန်း(ဆီဆေး)၊ ဆရာကြီး ဦးအောင်သန်း၊ ဆရာကြီး ဦးစိုးဝင်း (ရွှေလက်ရာ)၊ ဆရာဦးလွန်သိန်း၊ ဆရာဦးမင်းလွင်(ယဉ်ကျေးမှု)၊ ဆရာဒေါက်တာ တင်ဌေအောင် (ယဉ်ကျေးမှု)၊ ဆရာစိုးဝင်းအောင်၊ ဆရာမြင့်ထွန်း (Pol)။ ဆရာမိုးမြင့်သိုက်၊ ဆရာပန်းချီလူမော်၊ ဆရာမိုးဦးပန်းချီ စသည့်ဝါရင့်ပန်းချီဆရာငါးဦး၏ ပန်းချီကားများပါဝင်မည်ဖြစ်သည်။

ယခုပြပွဲကို ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ ပြသထားမည်ဖြစ်ကာ စိတ်ပါဝင်စားသူမည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်းသိရပြီး ဆက်လက်၍ ပြပွဲအစီစဉ်(၂)ကို ပြသရန်စီစဉ်နေပြီဖြစ်ကြောင်း ပြပွဲစီစဉ်သူဦးမြင့်ထွန်းက ပြောပြသည်။

ခင်ခင်ဝင်း(ပညာရေး)

စစ်တွေနာရီစင်အား MPT က ပြုပြင်ပေးမည်

စစ်တွေ ဒီဇင်ဘာ ၁၇

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) က စစ်တွေမြို့ရှိ မြို့ဝုဏ်ဆောင်နာရီစင်ကို ဒီဇင်ဘာ ၁၅ ရက်က ပြင်ဆင်ရန် ကျပ်သိန်း ၃၁၀ လျှဒါန်းခဲ့ကြောင်း သိရသည်။

ဤနာရီစင်သည် စစ်တွေမြို့၌ တည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်း ၁၂၈ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။ **(ယာဝုံ)**

ရခိုင်လူမျိုးများနှင့် စစ်တွေမြို့၏ အရေးကြီးသော အထိမ်းအမှတ်ဖြစ်သည့် ဤနာရီစင်ကြီးကို နှစ်ပေါင်း ၂၀ အတွင်း ပြန်လည် အလုပ်လုပ်နိုင်ရန် ယခုကဲ့သို့ ပြုပြင်ခြင်းဖြစ်သည်။ နာရီစင်ကြီးအား စက်ပိုင်းဆိုင်ရာပြုပြင်ခြင်းနှင့် ကိုယ်ထည်ပိုင်းဆိုင်ရာ နာရီစင်အသံပိုင်းစနစ်ပြင်ဆင်ခြင်းအတွက်လည်း ရခိုင်ရိုးရာတေးသံများ ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ထူး(မန္တလေး)

ရန်ကုန် ဇီဝတဒါနသံဃာ့ဆေးရုံကြီး အလှူမင်္ဂလာဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၇

ဇီဝတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် အလှူမင်္ဂလာဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၀၉ ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလှူမင်္ဂလာဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီမှ စတင်ရောင်းချမည်ဖြစ်ပြီး ညနေ ၄ နာရီခွဲတွင် ဇီဝတဒါန "ရတုပိဒ်စံ"ဖြင့် အခမ်းအနားဖွင့်လှစ်မည်ဖြစ်ပြီး ညပိုင်းတွင် အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေခြင်းများနှင့်အတူ စားသောက်ဖွယ် မျိုးစုံရောင်းချမည့် ဈေးဆိုင်များ၊ တိုင်းရင်းဆေးနှင့် နိုင်ငံခြားဆေးအရောင်းဆိုင်များ၊ လက်ဆောင်ပစ္စည်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ဖျော်ရွှင်စရာကစားနည်းများ ပါဝင်ဆင်နွှဲခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ အလှူဒါနပြုရင်း ဖျော်ရွှင်နိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ခေတ်ကာလသမိုင်းနှင့် ခေတ်တစ်ခေတ်၏ ပုံရိပ်များကို ထင်ဟပ်စေသော တံဆိပ်ခေါင်းများ

သတင်း-ဂိုရီမြင့် ဥမ္မာသန့်

ရန်ကုန် ဒီဇင်ဘာ ၁၇

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စာတိုက်လုပ်ငန်းနှင့်စပ်လျဉ်း၍ သမိုင်းများအရ စစ်တွေစာတိုက်ကို ၁၈၂၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ စာတိုက်လုပ်ငန်းကို ပထမဦးဆုံး စတင်ခဲ့သည်ဟု သိရှိရသည်။

ရွှေမြန်မာမင်းများ လက်ထက်က မြင်းလျင်တော်၊ ခြေလျင်တော်၊ လှေလျင်တော်တို့သည် ဘုရင့်စာချုပ်တော်များကို လက်ဆင့်ကမ်းစနစ်ဖြင့်လည်းကောင်း၊ တောက်လျှောက်သယ်ယူ၍လည်းကောင်း ပို့ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်များ စတင်ဝင်ရောက်ပြီးနောက် မှတ်တမ်းများအရ ၁၈၂၇ ခုနှစ်တွင် စစ်တွေစာတိုက်ကိုလည်းကောင်း၊ ၁၈၅၂ ခုနှစ်တွင် ပဲခူးစာတိုက်ကို လည်းကောင်း၊ ၁၈၅၄ ခုနှစ်တွင် ရန်ကုန်စာတိုက်ကြီးကိုလည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်းနှင့် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်တို့က မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူခဲ့ပြီးနောက် စာတိုက်နှင့် ကြေးနန်းလုပ်ငန်းနှစ်ခုကို ပူးတွဲအုပ်ချုပ်ခဲ့သည်။ ၁၈၈၅ ခုနှစ်မှ ၁၉၃၇ ခုနှစ်တွင် မတ် ၃၁ ရက်အထိ မြန်မာနိုင်ငံ စာတိုက်နှင့်ကြေးနန်းဌာနကို အိန္ဒိယနိုင်ငံစာတိုက်နှင့် ကြေးနန်းဌာနလက်အောက်တွင် ထားရှိခဲ့ကြောင်း မြန်မာ့စာတိုက်လုပ်ငန်း သမိုင်းကြောင်းများအရ သိရသည်။

မြန်မာ့စာတိုက်လုပ်ငန်း၏ တံဆိပ်ခေါင်းများသည် မြန်မာနိုင်ငံ၏ ခေတ်ကာလနှင့် သမိုင်းကိုကိုယ်စားပြုသကဲ့သို့ ခေတ်တစ်ခေတ်၏ပုံရိပ်များကိုလည်း ထင်ဟပ်စေသည်။ တံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင်များအတွက် ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရန်ကုန်စာတိုက်ကြီး၌ တံဆိပ်ခေါင်းကောင်တာအသစ်တစ်ခု ဖွင့်လှစ်ခဲ့သည်။ အဆိုပါတံဆိပ်ခေါင်းကောင်တာ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့စာတိုက်လုပ်ငန်း ရန်ကုန်စာတိုက်ကြီး တာဝန်ခံအရာရှိ ဦးသောင်းနိုင်စိုးကို မြန်မာ့သတင်းစဉ်က မေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ပါသည်။

မေး ။ ။ တံဆိပ်ခေါင်းကောင်တာဖွင့်ဖြစ်ခဲ့ရခြင်း ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ ။ ။ ဒီတံဆိပ်ခေါင်းကောင်တာဖြစ်ခဲ့ပုံက စာတိုက်ကို ချစ်တဲ့သူရှိတယ်၊ တံဆိပ်ခေါင်း ဝါသနာရှင်တွေနဲ့ တံဆိပ်ခေါင်း စုဆောင်းသူတွေပါ။ သူတို့က စာတိုက်ကထွက်တဲ့ တံဆိပ်ခေါင်းလေးတွေ ပို့စက်လေးတွေကို အမြတ်တနိုးတန်ဖိုးထားကြတယ်၊ စာတွေတစ်စောင်နဲ့ တစ်စောင်ခြားရင်လည်း စာအိတ်ပေါ်မှာ ဘယ်စာတိုက်က ထည့်လိုက်တယ်၊ စာတစ်စောင်ရဲ့ ခရီးစဉ်မှတ်တမ်းတွေကိုလည်း သုတေသနပြုကြတယ်။ တံဆိပ်တုံးတွေခေတ်နဲ့အညီ ပြောင်းလဲလာသလို တံဆိပ်ခေါင်းနဲ့ပတ်သက်ပြီး သူတို့လေ့လာကြတယ်။ မှတ်တမ်းရေးကြတယ်။ တံဆိပ်ခေါင်းဆိုတာ သာမန်အားဖြင့် ပန်းချီကားတစ်ချပ်ပါ။ ပုံလေးတစ်ပုံ ဓာတ်ပုံလေးတစ်ပုံပါ။

မေး ။ ။ တံဆိပ်ခေါင်းတွေ အကြောင်းရှင်းပြပေးပါ။

ဖြေ ။ ။ တံဆိပ်ခေါင်းတစ်ခုဖြစ်ဖို့ဆိုရင် ဘယ်ပုံကို ထုတ်မလဲ စဉ်းစားကြတဲ့အခါ ခေတ်ကာလကို ကိုယ်စားပြုဖို့လိုတယ်၊ တချို့ဝါသနာရှင်တွေဆိုရင် တံဆိပ်ခေါင်းကပြောတဲ့ သမိုင်းကြောင်းတွေကို တင်စားခေါ်ဝေါ်တာလည်းရှိတယ်၊ နိုင်ငံရဲ့ပုံရိပ်၊ ခေတ်တစ်ခေတ်ရဲ့ပုံရိပ် ပြည်သူကို အထူးပြုပြီး ပြောလိုတဲ့ကိစ္စ၊ မှတ်တမ်းတစ်ခုပြုလိုတဲ့ကိစ္စတွေအားလုံးကို တံဆိပ်ခေါင်းတွေပေါ်မှာ အဲဒီအချက်တွေကို ထည့်သွင်းတာပါ။ ဇနီနပါရီလ လွတ်လပ်ရေးနေ့ကို ဝုဏ်ပြုပြီး တံဆိပ်ခေါင်းတွေထွက်မယ်၊ အဲဒီအပေါ်မှာ အရောင်အသွေးလေးတွေ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ဈာန်ဝင်စားပြီး ဝါသနာတစ်ရပ်အနေနဲ့ ကျေနပ်ကြည်နူးနေတာ စာတိုက်ဝန်ထမ်းတွေထက်တောင် သူတို့ကပိုပါတယ်။

မေး ။ ။ စာစီတ်ပေါ်မှာ တံဆိပ်ခေါင်းကပ်တာဘယ်လိုသဘောရှိုးပါလဲ။

ဖြေ ။ ။ အားလုံးနားလည်တာကတော့ တံဆိပ်ခေါင်းဆိုတာစာထည့်တဲ့နေရာမှာ စာပို့ခပေးတာပါ။ ဒါပေမယ့်စုဆောင်းသူတွေအနေနဲ့ စုဆောင်းဖို့၊ သုတေသနပြုဖို့ ခေတ်စနစ်ကို လေ့လာဖို့၊ တံဆိပ်ခေါင်းပေါ်မှာရှိတဲ့ ဒီဇိုင်းတွေကို လေ့လာဖို့ဆိုတဲ့ကိစ္စရပ်တွေက သူနဲ့အတူယှဉ်တွဲပြီးဖြစ်နေတာ၊ တံဆိပ်ခေါင်းတွေကို မြန်မာ့စာပို့တိုက်လုပ်ငန်း ဝင်ငွေတိုးတာက်အောင် အဘက်ဘက်က လုပ်ဆောင်ကြတဲ့အခါမှာ စာထည့်ဖို့ ရည်ရွယ်ခြင်းအပြင် စုဆောင်းတဲ့သူတွေအတွက် ဈေးကွက်ကိုပါ ဦးတည်လိုက်တဲ့အတွက် တံဆိပ်ခေါင်းစုဆောင်းတဲ့ သူတွေကို မေတ္တာနဲ့ ဆက်ဆံမယ်၊ အသိအမှတ်ပြုပေးမယ်၊ အသုံးပြုရလွယ်အောင် လုပ်ပေးမယ်ဆိုရင် စုဆောင်းသူတွေ ပိုများလာမယ်။

မေး ။ ။ တံဆိပ်ခေါင်းစုဆောင်းမှုဈေးကွက်အခြေအနေကို သိပါရစေ။

ဖြေ ။ ။ တံဆိပ်ခေါင်းစုဆောင်းမှု ဈေးကွက်ဖွံ့ဖြိုးလာတာနဲ့အမျှ တံဆိပ်ခေါင်းရောင်းအားလည်း တက်လာမယ်၊ အဲဒီရည်ရွယ်ချက်တွေနဲ့ မြန်မာ့စာတိုက်လုပ်ငန်းက ပထမခြေလှမ်းတစ်ရပ်အနေနဲ့ ဒီကောင်တာလေးကို ဖွင့်လိုက်တာပါ။ ဖွင့်လိုက်တဲ့အခါ တံဆိပ်ခေါင်းနဲ့ ပတ်သက်ပြီးရေးထားတဲ့ စာအုပ်တွေကို ဝင်ဖတ်ကြတယ်၊ လေ့လာကြတယ်၊ တံဆိပ်ခေါင်း စုဆောင်းချင်စိတ်ရှိလာတယ်၊ တံဆိပ်ခေါင်းတွေ ဝယ်မယ်၊ တံဆိပ်ခေါင်းတွေ စုဆောင်းတဲ့ ဝါသနာတွေက လူတစ်ယောက်အတွက် ကောင်းမွန်တဲ့ အလေ့အထတစ်ခုလည်းဖြစ်သလို တံဆိပ်ခေါင်းတွေဝယ်မယ်၊ ဝယ်ရင် မြန်မာ့စာပို့တိုက်လုပ်ငန်း ဝင်ငွေတိုးမယ်၊ မြန်မာ့စာပို့တိုက်လုပ်ငန်းကို ပြည်သူလူထုယုံကြည်ရတဲ့ စာတိုက်တစ်ခုဖြစ်လာအောင် အရင်းကျေတဲ့စာတိုက်၊ အရင်းကျေတဲ့ စာတိုက်ကနေ နိုင်ငံတော်ဘဏ္ဍာကို တစ်စိတ်တစ်ပိုင်း ထည့်ဝင်နိုင်တဲ့ပြည်သူအကျိုးပြုတဲ့၊ ပြည်သူကို တစ်ထောင့်တစ်နေရာကနေ တတ်စွမ်းသည့်ဝန်ဆောင်မှုပေးတဲ့ စာပို့တိုက်လုပ်ငန်းဖြစ်လာအောင် စာတိုက်ဝန်ထမ်းအားလုံး ကြိုးစားလှုံ့ဆော်ရှိပါတယ်လို့ ပြောချင်ပါတယ်။

ကျေးဇူးတင်ပါတယ်။

ယခုအခါ အဆိုပါတံဆိပ်ခေါင်းများကို ဝါသနာရှင်စုဆောင်းသူများအပြင် စီးပွားဖြစ်ဝယ်ယူစုဆောင်းသူ ဝါသနာရှင်များလည်းရှိနေကြောင်း မြန်မာ့စာတိုက်လုပ်ငန်းမှ သိရသည်။

လူထုဗဟိုပြုစီမံကိန်းမြို့နယ်ပေါင်း ၆၃ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်မည်

နေပြည်တော် ဒီဇင်ဘာ ၁၇

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ရပ်ဖြစ်သည့် လူထုဗဟိုပြု စီမံကိန်းကို မြို့နယ်ပေါင်း ၆၃ မြို့နယ်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၄၀၀ နဲ့ အီတလီနိုင်ငံမှ ယူရို သန်း ၂၀ နှစ်ရှည်ချေးငွေများကမ်းလှမ်းလာတဲ့အတွက် မွေးမြူရေး၊ ရေလုပ် ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ လူထုဗဟိုပြု စီမံကိန်းကို မြို့နယ်ပေါင်း ၆၃ မြို့နယ်အထိ ဖြန့်ကြက်ဆောက်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဒုတိယဝန်ကြီး ဦးတင်ငွေကလယ်ဝေမြို့နယ်၌ပြုလုပ်သော လူထုဗဟိုပြုစီမံကိန်းအစည်းအဝေးတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါ လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ အမေရိကန်ဒေါ်လာသန်း ၈၀ အထောက်အပံ့ဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှစ်စနစ်မြို့နယ်၊ ချင်းပြည်နယ် ကန့်ပက်လက်မြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တို့တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ မကွေးတိုင်း ဒေသကြီး စေတုတ္တရာမြို့နယ်၊ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တို့၌ လူထုဗဟိုပြု စီမံကိန်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

အဆိုပါလူထုဗဟိုပြုစီမံကိန်းသည် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရသည့် မြို့နယ်များအတွင်းရှိ စီမံကိန်းကျေးရွာအုပ်စု တစ်စုလျှင် ခန့်မှန်း ငွေကျပ်သန်း ၂၄၀ ကို သုံးနှစ်ဆက်တိုက်ထောက်ပံ့ပေးအပ်ပြီး ကျေးရွာ အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများကိုယ်တိုင်ဆောင်ရွက် စေခြင်းဖြစ်သည်။ မူလက ယင်းစီမံကိန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ရန်ရှိခဲ့သော်လည်း ဖွံ့ဖြိုးမှုနောက်ကျနေသော မြို့နယ်များကို ဦးစားပေးအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခုအခါ ကမ္ဘာ့ဘဏ်မှ နှစ်ရှည်ချေးငွေတိုးမြှင့်ကမ်းလှမ်းလာသည့်အတွက် လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်ခွင့်ရသော ကျေးရွာများသည် သုံးနှစ်ဆက် တိုက်အထောက်အပံ့ကို လေးနှစ်ဆက်တိုက်အထိ တိုးမြှင့်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။ လူထုဗဟိုပြုစီမံကိန်း၏ အဓိကအချက်များမှာ ကျေးရွာလူထုကိုယ်တိုင်အကောင်အထည်ဖော်ပြီး ကိုယ်ပိုင်အကျိုးခံစားခွင့်ရရှိခြင်းဖြစ်၍ စဉ်ဆက်မပြတ် လေ့လာသင်ယူရုံး စီမံကိန်းလုပ်ငန်းများကို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူတာဝန်ခံရသော အလေ့အထများဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကြံတိုင်းအောင်

တိမ်အသင့်အတင့်ဖြစ်ထွန်း ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်ကောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ (မိုး/၈လ)

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့အထက က တက္ကသိုလ်ဝင်တန်း(D)မှ (၁၁) ဦးသာဝ၏သား အမည်မှန်မှာ မောင်ဝင်းထိုက်အောင် ဖြစ်ပါကြောင်း။

မောင်ဝင်းထိုက်အောင်

အမည်ပြောင်း

ဦးမြိုးဇင်း ၁၄/ဃသရ(နိုင်)၀၉၅၄၁၂ ၏ သမီး၊ ကန်ကြီးထောင့်မြို့နယ်၊ ရှမ်းဂူကျေးရွာ၊ အမှတ်၄၁၊ အလက-၃ ပဉ္စမတန်းမှ မမွေးဖွားမီဥစ္ဆေးအားယနေ့မှစ၍ မစမ်းသော်တာလင်းဟု ပြောင်းလဲပါရန်။

မစမ်းသော်တာလင်း

အမည်ပြောင်း

ဦးကျော်ဦး ၁၄/ဃသရ(နိုင်)၀၀၂၅၃၃ ၏သား၊ ကန်ကြီးထောင့်မြို့နယ်၊ ရှမ်းဂူကျေးရွာ၊ အမှတ် ၄၁၊ အလက-၃ စတုတ္ထတန်းမှ မောင်ကောင်းမြတ်အား ယနေ့မှစ၍ မောင်ကောင်းမြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းမြတ်သူ

ပဲ့ပြင်တတ်တာ မြတ်ဆရာ

သင်းမြင့်အေး (ခရမ်း)

"အမေ . . . အန်တီယုတို့လာတယ်"

သမီးလေးကအိမ်ရှေ့သို့လှမ်းကြည့်ရင်းပြောလိုက်ပါသည်။

"အေးအေး . . . အမေထွက်ခဲ့မယ်"

"ယု" ဆိုသည်မှာ ဒေါ်နှင်းမြယုကိုချစ်စနိုးအတိုကောက်ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ စင်စစ်ဒေါ်နှင်းမြယုမှာအသက်(၆၁) နှစ် ပင်စင်စားတော့ချင်း အုပ်ဆရာမကြီး ဖြစ်ပါသည်။ စာရေးသူကသူ့ထက် အသက်ကြီးပါသည်။ စာရေးသူကိုလာကန်တော့ခြင်းဖြစ်ပါသည်။ စာရေးသူ၏ တပည့်တော့မဟုတ်ခဲ့ပါ။

"အို . . . ယုရယ် ဒုတ္ထရှာလို့ ဘာလို့ဒါတွေဝယ်လာခဲ့တာလဲ။ မမကို သတိရရင်အလည် သက်သက်လာခဲ့ပါ"

"မဟုတ်တာ မမရယ်၊ မမက ကျွန်မထက်အသက်ရော၊ ဝါရောကြီးပါတယ်။ ဒါကြောင့်ဂုဏ်ဖို့ ဝယ်ဖို့ဂုဏ်နှစ်ပါးလုံးပြည့်စုံလို့ လာကန်တော့တာပါ။

"ပြည့်စုံအောင်ပြောရရင် ဆရာမကြီးကို သတိရအောက်မေ့လို့ ဆရာမကြီးမရှိတော့ပေမယ့် ဆရာမကြီးနေသွားတဲ့အိမ်၊ ဆရာမကြီးကို ပြုစုလိုက်သူတွေကို အမှတ်တရလာကန်တော့တာပါ"

"အေးအေး . . . သာဓုသာဓုသာဓုပါညီမရယ်။ ညီမလိုတပည့်မျိုးကတော့ ရှိတော့ရှိမယ်။ ဒါပေမယ့်ရှားမှာပါညီမရယ်"

"ဆရာမကြီးမရှိတော့ပေမယ့် သီတင်းကျွတ်တဲ့အခါ သတိရလွန်းလို့ ဆရာမကြီးကိုယ်စား မမကိုလာကန်တော့တာပါ"

စာရေးသူဆုတ်တွေအရှည်ကြီးပေးလိုက်ပါသည်။ "အခုလိုပူဇော်ရိုကျိုးလက်စုံမိုး၍ ရှိခိုးရသောကောင်းမှု၊ ဝတ္ထုပစ္စည်းဖြင့် ပေးအပ်ပူဇော်ရသောဒါန၊ ကုသိုလ်ကောင်းမှု၊ ပူဇော်အပ်သူကို ပူဇော်ရသော ပူဇာစမဂ်လာ၊ နှိမ့်ချရှိခိုးခြင်းဟူသော နိဝါတမဂ်လာ၊ ကျေးဇူးသိတတ်ကျေးဇူးဆပ်ခြင်းတည်း ဟူသော ကတညုတမဂ်လာစသည်တို့နှင့် ပြည့်စုံသော ကောင်းမှုမဂ်လာအပေါင်းပြည့်စုံစွာလာရောက်ပူဇော်ခြင်းဖြစ်၍ ဘုန်းကြီး၍ အသက်ရှည်ပါစေ၊ အသက်ရှည်သည်နှင့်အမျှ ကျန်းမာပါစေ၊ ကျန်းမာခြင်းနှင့်ပြည့်ပြီး စိတ်လည်းချမ်းသာပါစေ၊ မိမိ၏ဘဝတို့ ကျေနပ်ရောင့်ရဲမျော်ရွှင်စွာ၊ ဂုဏ်ကျက်သရေရှိစွာ ဖြတ်သန်းပြီးသည့် အဆုံးငြိမ်းချမ်းစွာ ဘဝကို နိဂုံးကမ္ဘာ့အဆုံးသတ်နိုင်ပါစေ"

ယုတို့ပြန်သွားကြပါပြီ။ သမီးလေးက

"အမေ . . . အန်တီယုက အမေ့ကိုဘာလို့လာကန်တော့တာလဲဟင်။ အမေ့တပည့်လည်း မဟုတ်ဘဲနဲ့"

"ဒီလိုသမီးရဲ့ ယုငယ်ငယ်က ကျောင်းမှာစာစီစာကုံးပြိုင်ပွဲပင်ဖြေတယ်။ စာစီစာကုံးဖြေရမယ့်အခန်းမှာ ယုတို့အပါအဝင် ဖြေဆိုမယ့် ကျောင်းသူကျောင်းသားလေးတွေထိုင်နေကြတယ်။ အခန်းစောင့်ရမယ့် ဆရာမကသမီးရဲ့အဘွားပေါ့။

"ဖြေဆိုချိန်မကျသေးခင် ယုတို့စာကျက်နေကြတယ်။ ယုကရှစ်တန်းကျောင်းသူမို့စကတ်ကလေးပတ်ထားတယ်။ စာစီစာကုံးဖြေဆိုချိန်က ကျောင်းချိန်မဟုတ်ဘူး။ ကျောင်းပိတ်ရက်မို့ ကျောင်းဝတ်စုံမဝတ်လည်းရတယ်"

"ဆက်ပြောပါအမေ"

"သမီးရဲ့အဘွား အခန်းထဲဝင်လာတော့ ယုကစာထိုင်ကျက်နေတယ်။ စာရေးခုံအောက်ကို ခြေထောက်သွင်းပြီးထိုင်နေတယ်။ ထိုင်ရတာကြမ်းပြင်ပေါ်မှာလေ။ ခြေထောက်လေးနှစ်ခုကားကားလေးလုပ်ပြီး ထိုင်နေတာ၊ ဒူးလေးနှစ်ခုကို ထောင်ထားတာပေါ့"

"ဆက်ပြောပါအမေ၊အဘွားက ဘယ်လိုဆုံးမလိုက်လဲ"

"သမီးရဲ့အဘွားက ယုထိုင်နေပုံကိုကြည့်ပြီး သမီးယု ဒီလိုမထိုင်ရဘူးသမီး။ ထိုင်ပုံလေးကို ပြင်လိုက်နော်၊ မိန်းကလေးဆိုတာ ထိုင်လည်းပိပိပြားပြား၊

ဆရာဆိုတာ အတတ်ပညာသင်ရုံမကဘူး။ ပဲ့ပြင်ဆုံးမတတ်တာဆရာပဲ။ "နာနာကျင်ကျင်အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို ဟုတ်တိုင်းဆိုသည်" ဆိုတဲ့စကားအတိုင်း အချိန်မရွေး၊ နေရာမရွေး၊ အဖြစ်အပျက်မရွေး အခြေအနေမရွေး၊ တပည့်တွေကို ညွှန်ပြရေးရာ ဆုံးမတတ်တာ ပဲ့ပြင်တတ်တာ မြတ်ဆရာပါပဲ . . .

ထလည်း သိုသိုသိပ်သိပ်ဖြစ်ရမယ်၊ ဗိုင်းကောင်း ကျောက်ဖိဆိုတဲ့စကားကြားဖူးတယ်မဟုတ်လား၊ ဝါဂွမ်းဗိုင်းတောင့် တွေကို ကျောက်ပြားနဲ့ ဖိထားသလိုရှိသင့်တယ်။ ကြမ်းပြင်ပေါ်မှာ ထိုင်တယ်ဆိုရင် ဒူးခေါင်းနှစ်လုံးကို စုပြီးကြမ်းပေါ်မှာ ဒူးချထိုင်ရမယ်။ ဒါမှမဟုတ် မိန်းမထိုင် ထိုင်ရမယ်။

"အခုလိုထိုင်ပုံက ယောကျ်ားလေးတွေသာထိုင်ရမယ်၊ သမီးက မိန်းကလေးဖြစ်လို့ ယဉ်ကျေးလိမ္မာတဲ့ မြန်မာမိန်းကလေးတစ်ယောက်ရဲ့ သိမ်မွေ့မှုကို ဝေါ်လွင်အောင် ဂရုစိုက်ရမယ်ဆိုပြီး အဲဒီလိုပြောဆိုဆုံးမခဲ့သတဲ့။ အဲဒါကို ယုကဘယ်တော့မှ မမေ့နိုင်တော့ဘူးတဲ့။ သမီးရဲ့အဘွားကို ကျေးဇူးတင်လို့မဆုံးဘူးတဲ့။ ယုတစ်သက်မှာ အဲဒီလိုထိုင်ပုံကို ဘယ်တော့မှမထိုင်ဖြစ်တော့ဘူးတဲ့"

"အော် . . ဒါကြောင့်အန်တီယုက ယဉ်ကျေးသိမ်မွေ့တဲ့ မြန်မာမိန်းကလေးဝီသုိပြီး စာတွေလည်းထူးချွန်၊ စာမေးပွဲတွေလည်းအောင်၊ ဆရာမလည်းဖြစ်လာ၊ နောက်ဆုံးကျောင်းအုပ်ကြီးတောင်ဖြစ်သွားတာပေါ့နော် အမေ"

"ဒါပေါ့သမီးရယ်၊ ဆရာဆိုတာ အတတ်ပညာသင်ရုံမကဘူး။ ပဲ့ပြင်ဆုံးမတတ်တာဆရာပဲ။ 'နာနာကျင်ကျင်အပြစ်မြင်တိုင်း၊ ဝမ်းတွင်းမသို ဟုတ်တိုင်းဆိုသည်'ဆိုတဲ့ စကားအတိုင်း အချိန်မရွေး၊ နေရာမရွေး၊ အဖြစ်အပျက်မရွေး၊ အခြေအနေမရွေး၊ တပည့်တွေကိုညွှန်ပြရေးရာ ဆုံးမတတ်တာပဲ့ပြင်တတ်တာမြတ်ဆရာပါပဲသမီးရယ်။

"ယုကတော့ ဆရာဝတ်ဇရုံးပါးနဲ့ ပြည့်စုံတဲ့ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်တွေကို ရိုသေလေးမြတ်ကျေးဇူးသိတတ်လွန်းသူပါ။ ကျန်တဲ့ဆရာ့ဝတ်တွေကို အသာထား၊ ပဲ့ပြင်ဆုံးမ ဆိုတဲ့ ဆရာ့ဂုဏ်တစ်ခုတည်းကိုပင် 'ကြည်ညိုလို့ဆုံး၊ ဂုဏ်တင်လို့မဆုံး၊ ကျေးဇူးတင်လို့မဆုံး၊ ထုတ်ဖော်ဆင်ခြင်လို့မဆုံး၊ လိုက်နာကျင့်သုံးပါသည် တစ်သက်လုံး'လို့ ဆိုရလောက်အောင် လိမ္မာယဉ်ကျေးတဲ့ တပည့်ကောင်းတစ်ယောက်ပေါ့ကွယ်"

"အဲ့ဒါကြောင့် သမီးအဘွား မသေခင် နှစ်စဉ်လာကန်တော့ရုံနဲ့တင် အားမရဘူး၊ အခုသမီးအဘွားမရှိတော့တာတောင် အမေ့ကိုဆက်ကန်တော့နေသေးတယ်။

"ဆရာကောင်းတစ်ဦးဟာ လိမ္မာအဖိုးထိုက်တဲ့ တပည့်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်တယ်ဆိုတဲ့ ရှေးပညာရှိတို့ရဲ့ စကားဟာမှန်ပါတယ်"

"အန်တီယုက အဘွားလို ဆရာကောင်းတစ်ဦးက မွေးထုတ်လိုက်တဲ့ တပည့်ကောင်း တပည့်မွန်ထောင်သောင်းများစွာထဲက တစ်ယောက်ပေါ့နော် အမေ"

"ဆရာရဲ့ဂုဏ်ကိုစာပန်းချီခြယ်မှုန်းလို့ မဆုံးနိုင်ပါဘူးသမီးရယ်။ ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုတဲ့စကားအတိုင်း ယုဟာထူးချွန်သော ကျောင်းသူ၊ အောင်မြင်သော ဆရာမ၊ တာဝန်ကျေသော ဝန်ထမ်းကောင်း၊ ဂုဏ်သတင်းမွေးသော ပညာရေးဝန်ထမ်းကျောင်းအုပ် ဆရာမကြီးဖြစ်ခဲ့ရတယ်လို့ မေမေတော့ကောက်ချက်ချမိပါတယ်သမီးရယ်"

"ဟုတ်ပါတယ် အမေ . . . ဆရာ့ကျေးဇူးမြင့်မိုရ်ဦးကို ကျေးဇူးသိတတ် ကျေးဇူးဆပ်သူများ၊ ကျေးဇူးဆပ်ခွင့်မသာသော်မှ ရင်မှာညှာတ်နူးကျေးဇူးသိရှိသူများ၊ ဘဝမှာ ကောင်းကျိုးချမ်းသာမဂ်လာတွေနဲ့ ပြည့်စုံတတ်ပါတယ်လို့ သမီးစံယုပါရစေအမေ"

"အေးအေး . . . သမီးလည်း အန်တီယုကို နမူနာယူပြီး ဆရာများသည့်ငွေမလှိုသော်လည်း၊ ပညာလှိုအောင်ကြဲဆောင့်ခဲ့သူများ၊ ဂုဏ်လှိုဂုဏ်ကျန်ခဲ့သူများ အဖြစ်မှတ်စွဲယူငင်ဆရာတို့၏ ဂုဏ်အင်ကိုမြင်နိုင်ကြပါစေကွယ်"

(ကျေးဇူးရှင်အဘွားဖြစ်သူ ဆရာမကြီး ဒေါ်မြတင်ကို ဂုဏ်ပြုပူဇော်ပါသည်။)

မိုးစပါးပုလဲသွယ် GW 1 စံကွက်ရိတ်သိမ်း

ရွှေကျင် ဒီဇင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဦးရာသီ မိုးစပါး ၄၅၃၀၅ ဧကခွဲ ပုလဲသွယ် GW 1 ၄၇၇၈ကေ စိုက်ပျိုးထားကြောင်း သိရသည်။ ပုလဲသွယ် GW 1စံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၇ တိယပတ်က တောင်ဘက်ကျေးရွာ တောင်သူဦးဇော်နိုင်၏စပြကွက်၌ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမိုးညီနှင့်ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနဦးစီးမှူး ဦးရဲထွဋ်အောင်နှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမိုးနှင့်တောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြရာ စံကွက်မှ တစ်ကော ၁၈၃ ဒသမ ၅၃ တင်းထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန့်/ဆက်)**

တစ်မျိုးသားလုံး ကျန်းမာကြွရှင်ရေး၊ အားကစားနှင့်ကာယပညာကဏ္ဍမြှင့်မားရေးအတွက် မြို့နယ်အတွင်း စုပေါင်းလမ်းလျှောက်ပွဲများ၊ အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ မိုးကုတ်မြို့အောင်နန်းရပ်ရှိ အားကစားကွင်းအတွင်း ဘော်လီဘော အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ကျင်းပစဉ်။

နေပါ (မိုးကုတ်)

တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ မောင်သန်းထိုက်အောင် အထက(၂) တက္ကသိုလ်ဝင်တန်း(C)Bio တွဲ၊ မရဏနာဝင်း အထက(၂)နဝမတန်း(E)Bio တွဲနှင့် မအေးခြိမ်မွန် အမက(ဖ)ပဥမတန်း(C)တို့၏ ဖခင်အမည် ဦးစောလှ ၁၂/ဒဂတ(နိုင်)၀၈၀၃၀၂နှင့် ဦးဌေးအောင်တို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

ဦးစောလှ(ခ)ဦးဌေးအောင်

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁၂-၂၀၁၅ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ စောထွန်းလှ-နော်သင်းတို့၏ ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်အစား ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

စောထွန်းလှ-နော်သင်းဝေ

ဖောင်းကြွပျောက်လျောက်ထားခြင်း

ယာဉ်အမှတ် 6I/6114 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညနု၊
စိုင်ဆုံး(ရန်ကုန်အနောက်ပိုင်း)

မိဘ အမည်မှန်

ကလောမြို့နယ်၊ အောင်မန်းမြို့ အထက(၅) မဉ္ဇမတန်း(ခ)မှ မယ္ဗနိုးသက်ထားဒန်၏ မိဘအမည်မှန်မှာ ဦးမျိုးမြင့် သိန်း-ဒေါ်ချိုချိုမြင့်ဖြစ်ပါကြောင်း။

ဦးမျိုးမြင့် သိန်း-ဒေါ်ချိုချိုမြင့်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်ဟုပ်မေးနားမြို့နယ်၊ ပျဉ်းမနားရွေးဆိုင်ခန်းအမှတ် A1-၁၅၀အား ပျဉ်းမနားမြို့၊ ရွှေချိုရပ်ကွက်၊ ရွှေချို(၄)လမ်းအမှတ်၁၀/၂၀၊ ၂၂နေ ဒေါ်ခင်မေ၉/ပမန(နိုင်)၀၁၃၂၁၄ အမည်ပေါက်ပိုင်ဆိုင်ပြီး ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ထွက်၊ ချင်းစု(၂)လမ်း၊ အမှတ် ၁၀/ဉဂုဏ ဒေါ်ကေသီအောင် ၉/ပမန(နိုင်) ၁၈၈၈၈၇၃ အရောင်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ရေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဗဟန်းရပ်ကွက်(၂၄)၊ အမှတ်(၁၇)၊ ဗဟန်းအလွှာ၊ အထွာ(၁၇ မေ)။ အမှတ်(၂၅ ဧ)ရှိ တိုက်အမှတ်နှင့် အဂၢိဆရာတော်အလွှာအပေါ်ရပ်တို့ကို ဦးကျို(စ်)နာရုဏသန်းအားဆေးတို့မှ အရောင်းအဝယ်အချေပြုခဲ့ရာတွင် ဦးကျို(စ်)နာရုဏသန်း အားဖြစ်စေ ကွယ်လွန်ခဲ့သူ ဒေါ်ဆုနာရုဏ်းအားဖြစ်စေ (၁၂/ဗဟဆ(နိုင်)၀၂၄၃၄၂)နှင့် သားသမီးများဖြစ်ကြသော (၁) ကော်ပို့လီယာအေစီ (၁၂/ဗဟန(နိုင်)၀၆၆၃၃၃)၊ (၂) ဆူဇောနာအေစီ(၇/ပမန(နိုင်)၂၀၁၆၂၆)၊ (၃) ဇူလွန်းဒီးအေစီ (၁/မကန(နိုင်)၀၃၆၂၂၁)၊ (၄) ကျဲဒါးအေစီ (၁/မကန(နိုင်)၀၈၀၀၀၄)၊ (၅) ဆူမာစုံးဘူးဆက်ဇာဒုံစား (၁၂/ပဗတ(နိုင်)၀၀၆၀၇၂)၊ (၆) ပါရိုသိအေစီ (၁၂/ဗဘန(နိုင်)၁၂၉၃၃၃)၊ (၇) ဇာဝါးအေစီ (၁၂/ဗဘဆ(နိုင်)၁၂၉၃၃၃)၊ (၈) ပွတ်စီပါးအေစီ (၁၂/ဗဟဆ(နိုင်)၁၂၉၃၀၂)တို့၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်းအပါအဝင် ကျွန်ုပ်အပါအဝင်သော သားသမီးများ၏ အကျိုးစီးပွားကို ထိခိုက်စေသည့် ကျွန်ုပ်တို့၏ အဆိုပါမြေအား ပြိုင်ဖြစ်ပါသည်။

ကန့်ကွက်ပိုင်ဆိုင်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ရိုင်ဖမ်း သေစာရဖွင့်ဆေးရုံ၊ အထောက်အထား(ဖွင့်ရုံး)ရှေ့နှင့်ဘဏ္ဍ ကျွန်ုပ်တို့ကိုယ်စား ကန့်ကွက်ပိုင်ပါသည်။ သက်ဆိုင်ရာအထောက်အထားများ၊ ကန့်ကွက်ခြင်းဆိုင်ပါက အထောက်အထားဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူနှင့်ကြားစာပို့အရာ-

ဒေါ်ဇေးဖြူဖြူ (L.L.B, LL.M)

အထောက်အထားရှေ့ရေး (ရှေ့)-၃၄၆၇၇၉

ကြေးကြေညာခြင်း

အလောင်ဝတ်ကာသပ ဗန္ဓုလ မဲကိုင်(ဒီးသန့်) အစ်ကို- မွေးရေး မြင်ဦးမှင်းခန့်
တောင်ငြိုး အင်းစေး ပင်အေး လူဇော်ကဏ္ဍ အစ်မအပြုံးစိုးမှ
အစ်ကို-(ဗန္ဓုလ မြင်ဦးကွင်း မဲကိုင်း တက္ကသိန်းဝင်းဘုရား)
ပုတ်း ညောင်ဦး နွယ်တော်လေးဌာန ပုပ္ပါး ဝေဂဏ္ဍ သီဟိုဠ်ဒွန်
ပုတ်း ညောင်ဦး နွယ်တော်လေးဌာန ပုပ္ပါး ဝေဂဏ္ဍ ဗန္ဓုလ မြင်ဦးကွင်း တက္ကသိန်းဝင်းဘုရား
ကျိုက္ခမိ မော်လမြိုင်၊ ဇော်ဘူ နွားလှိုင်တောင်-(ဘားအံမြို့ဝင်းအောန့်)
(သားများ-မြတ်-ခဲဆောက်)(အဝကာက်တောင်)(လှဖွန်)(နေပြည်တော်)
Dec 24
Jan 1

လျှပ်စစ်မီးပေါ့ဆစွာသုံးစွဲမှုကြောင့် အပူရှိန်လွန်ကဲပြီး မီးလောင်

မကွေး ဒီဇင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေမျိုး(ဃ)ရပ်ကွက် အဝေရာလမ်းနှင့် (၃)လမ်းထောင့် အမှတ်(၂၉၆)နေအိမ်ထွေး(၇၀နှစ်)၏ သွပ်မိုး၊ အပေါ်ထပ်ထရံကာ၊ နှစ်ထပ်ပျဉ်ခင်း၊ တိုက်ခံအိမ်တွင် ဒီဇင်ဘာ ၁၆ ရက် ညနေ ၃ နာရီခန့်က နေအိမ်အောက်ထပ်ရှိ မီးပလပ်နှင့် အပေါက်တို့ မထိတထိရှိရာမှ အပူရှိန်လွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့သဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်ခုနစ်စီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက ပိုင်းဝန်းငြိမ်းသတ်ခဲ့၍ ညနေ ၅ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ နေအိမ်အပေါ်ထပ်နှင့် အတွင်းပစ္စည်းအချို့ ပျက်စီးဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာအသုံးပြုသူ ဒေါ်ထွေးအား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ဂျင်ဝိုင်းလောင်းကစားသူများအား ဖမ်းဆီးရမိ

မြင်းမူ ဒီဇင်ဘာ ၁၇

ဒီဇင်ဘာ ၁၃ ရက်က စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ခန္ဓီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စစ်ကိုင်းမြို့မှ ကျောက်တာရေခါးကျေးရွာသို့သွားကားလမ်း အနောက်ဘက် တောင်ဖီလာစေတီအနီးတောတွင်းရှိ လျှိုထဲ၌ လေးကောင်ဂျင် လောင်းကစားနေကြောင်း သတင်းရ၍ ဖမ်းမိရာ ဝင်းကြိုင်(၄၅နှစ်) နန်းဦးမြို့သစ်ရပ် စစ်ကိုင်းမြို့၊ မျိုးကျော်ဦး (၂၂နှစ်)ဇေယျာတိုးခဲ့ရပ် စစ်ကိုင်းမြို့၊ ကျော်စွာ(၃၆နှစ်) ဆားတောင်ကျေးရွာ စစ်ကိုင်းမြို့နယ်၊ ဒေါ်ချို (၄၉ နှစ်) ပိုးတန်းရပ် စစ်ကိုင်းမြို့ တို့အပါအဝင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၅ ဦး တို့အား လေးကောင်ဂျင် လောင်းကစားရာတွင် အသုံးပြုသည့် လေးကောင်ဂျင်သီးလေးလုံး၊ လေးကောင်ဂျင်အရုပ်များပါ ဇယားချပ်တစ်ချပ်နှင့် ငွေစက္ကူရောရာ ၄၆၁၅၀၀၀၊ မော်တော်ယာဉ်သုံးစီး၊ မော်တော်ဆိုင်ကယ် မျိုးစုံ ၂၉ စီးတို့ကို ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူများအား စစ်ကိုင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၇၉)

ကားရပ်ရန်နေရာကိစ္စပြင့် လမ်းမတော်မြို့နယ် လှည်းတန်းလမ်း၌ ဓားထိုးမှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၁၇

ဒီဇင်ဘာ ၁၆ ရက် ည ၇ နာရီခွဲက လမ်းမတော်မြို့နယ် လှည်းတန်းလမ်း တိုက်အမှတ် ၅၆ ရှေ့တွင် ကားရပ်ရန်နေရာကိစ္စဖြင့် အဆိုပါတိုက်တွင်နေသူအချင်းချင်း စကားများရာမှ ဓားထိုးမှုကြောင့် ဝင်ရောက်ဖျန်ဖြေသူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လမ်းမတော်မြို့နယ် အမှတ်(၅)ရဲကွက် လှည်းတန်းလမ်း တိုက်အမှတ်(၅၆) လေးလွှာတွင် နေထိုင်သော ဒီဇိုင်းလှဝင်းနဲးလုပ်ကိုင်သူ လှိုင်ဝင်းထွဋ် (၃၉နှစ်)သည် ဇနီးဖြစ်သူနှင့်အတူ ၎င်း၏တိုက်ခန်းသို့ မော်တော်ယာဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ပြီး တိုက်ရှေ့တွင် ရှုပ်ထားသော ခြောက်လွှာတွင် နေထိုင်သည့် ထွန်းထွန်းမိုးဇ၏ယာဉ်ကို ဖယ်ရှားပေးရန် ခေါင်းလောင်းကြိုးဆွဲ၍ အသိပေးခဲ့သည်။

ထွန်းထွန်းမိုးက တိုက်အောက်သို့ ဆင်းလာကာ လှိုင်ဝင်းထွဋ်နှင့် စကားအချေအတင်များရာ လှိုင်ဝင်းထွဋ်၏ဖခင်ဖြစ်သူ ဦးစိုးလှိုင် (၆၄နှစ်) က ဝင်ရောက်ဖျန်ဖြေ ပြောဆိုစဉ် ထွန်းထွန်းမိုးက အသင့်ပါလာသော ဓားဖြင့်ထိုးရာ ဖျန်ဖြေသူ ဦးစိုးလှိုင်၏ ရင်ဘတ်တွင် ဒဏ်ရာ တစ်ချက်နှင့် လှိုင်ဝင်းထွဋ်၏ ဇနီးဖြစ်သူ မဇင်ဇင်မင်းတွင် ဒဏ်ရာရရှိသွားပြီး ထွန်းထွန်းမိုးမှာ တိမ်းရှောင်ထွက်ပြေးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားစဉ် ဒဏ်ရာရရှိသူများအား ရန်ကုန်ဆေးရုံကြီးသို့ ပို့ခဲ့ရာ ဆေးရုံရောက်ပြီး ၁၀ မိနစ်ခန့်အကြာတွင် ဦးစိုးလှိုင်မှာ သေဆုံးသွားကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ လမ်းမတော် မြို့မရဲစခန်းက ထွန်းထွန်းမိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခင်ဆိုင်

တရားမဝင်ရေနံစိမ်းများ လက်ဝယ်ထားရှိသူကို အရေးယူဆောင်ရွက်

မင်းဘူး ဒီဇင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မန်းရေနံမြေလုံခြုံရေးရဲတပ်စုမှ အဖွဲ့သည် သက်သေများနှင့်အတူ ဒီဇင်ဘာ ၁၅ ရက် ည ၈ နာရီခွဲက မင်းဘူးမြို့နယ် အောက်ကျောင်းကျေးရွာနေ တင်ဝင်း(၅၃နှစ်)၏ နေအိမ်ဝိုင်းအတွင်း ဝင်ရောက်ရှာဖွေရာ ကျောက်စည်ဝိုင်း(၂)လုံး၏အခြေမှ (၂)အိတ်နှင့် နေအိမ်ဝိုင်း အရှေ့ဘက်ကပ်လျက်ရှိ လူမနေသော နေအိမ်ဝိုင်း၏ အရှေ့မြောက်ထောင့်မှတစ်အိတ် စုစုပေါင်း ရေနံ ၂၁ ဂါလန်ခန့်ကို သိမ်းဆည်းရမိ သဖြင့် တရားမဝင်ရေနံစိမ်းများလက်ဝယ်ထားရှိသူ တင်ဝင်းအား မင်းဘူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ညီညာ(မြေလတ်)

ဆူဒိုအက်ဖီဒရင်းဆေးပြားများ ဖမ်းမိ

ကလေး ဒီဇင်ဘာ ၁၇

ကလေးမြို့ တပ်ဦးသီတာရပ်ကွက်ရှိ ကားကြီးဝင်းအတွင်း ကလေး-မန္တလေးပြေးဆွဲမည့် ကျော်ဇေယျာကားပေါ်တွင် ငွေကျပ်သိန်းပေါင်း ၁၀၈၀ တန်ဖိုးရှိ ဆူဒိုအက်ဖီဒရင်းဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျော်ဇေယျာကားကိတ်မှ သတင်းပေးချက်အရ ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀က မူးယစ်တစ်ဖွဲ့စု (၅)ကလေးမှ ဒုတိယရဲမှူးလှထွေးက သွားရောက်စစ်ဆေးရာ သာစည်အုပ်စု ရွာတော ကျေးရွာနေ ဟရင်နယ်ပြောင်း (ခ) ပြောင်းသယ်အား ရွာဖွေစစ်ဆေးရာ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၀၈၀၀၀၀ အထုပ် ၁၂၀ (၁၀၈ကီလို)ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ပြစ်မှုကျူးလွန်သူနှင့်အတူ အခြားလေးဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသောကြောင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျူနိုင်း

ဆေးခြောက်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၇

မူးယစ်တပ်ဖွဲ့စု(၄၇)စစ်တွေမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက်က အမ်း(ပဲပုံ)စစ်ဆေးရေးဂိတ်တွင် စစ်တွေမှ ရန်ကုန်သို့ မောင်းနှင်လာသည့် မင်းထက်သာ ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ထိုင်ခုံအမှတ်(၁၄)တွင် လိုက်ပါလာသူ ကျော်ဝင်းအောင်နှင့် ထိုင်ခုံအမှတ်(၁၈)တွင် လိုက်ပါလာသူ အောင်ကျော်မိုးတို့ထံမှ ဆေးခြောက်အလေးချိန် ၅ ဒသမ ၄၃၂ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၀၄ ရက်က တွမ်းလုံမြို့နယ် နမ့်ကျမ်းကျေးရွာမှ တိုလီကျေးရွာဘက်သို့ ကျူကွမ်ဆင်း မောင်းနှင်ပြီး မကျန်ဆလန် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၆၂ ပြားနှင့် ဘိန်းဖြူ အလေးချိန် သုညဒသမ ၁၉ ကီလိုကိုလည်းကောင်း၊ ဒီဇင်ဘာ ၁၅ ရက်က တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် သုမမွစာရီလမ်း တိုက်-အေ လေ့ကားတွင် တွေ့ရှိသူ အောင်ဇော်မိုးနိုင်နှင့် ကျော်သက်မင်းတို့ခုစ်ဦးအား ရှာဖွေရာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၇၃၈ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ စိတ်ချမ်းသာ

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆အက်(ဖ်)၊ မြေကွက်အမှတ် ၉၆၊ ဧရိယာ ၀ဒသမ ၀၃၄၈ရှိ နှစ် ၆၀ဂရန်ခြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်၊ ကစ်နားလမ်း၊ အမှတ် ၄၀၅၇ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အခွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၁၁၂/၉၄အရ ပိုင်ဆိုင်သူ ဦးငြိမ်းအောင် ၁၂/သက၀(နိုင်)၀၅၁၀၀၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ပထမအရစ်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား များဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှမော်(LLB)	ဦးမျိုးသူရအောင်	ဦးဝေယံဦး
(စဉ်-၄၃၁၄)	(စဉ်-၄၂၂၁၀)	(စဉ်-၄၂၂၂၇)

တရားလွှတ်တော်ရှေ့နေများ

အထက်တန်းရှေ့နေများ

အမှတ် ၄၆/ပထဇဝီ၊ မဟာဗန္ဓုလလမ်း၊ ဒဂုံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄၊ ၀၉-၂၆၁၂၀၂၆၁၁

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ တောင်ပြင်(၂)ရပ်ကွက်နေ ဦးသုခ၏ သမီး မခင်တိုးနှင့် မခင်တိုးတို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မခင်တိုး(ခ) မခင်တိုးတိုး
၈/တတက(နိုင်)၀၀၉၇၉၁





ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် IC-3307၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J-3122၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I-1285၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H-4592၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

အမျိုးသား၊ အမျိုးသမီး တန်းတူရှိမှုနှင့် ခွဲခြားမှုမရှိဘဲ ပေါင်းစည်းဆောင်ရွက်နိုင်မှုပြင့် နိုင်ငံ့စွမ်းအားတိုးတက်မြင့်မားစေရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ အမျိုးသားလူအခွင့်အရေးကော်မရှင်တို့ ပူးပေါင်းပြီး အမျိုးသား၊ အမျိုးသမီး တန်းတူရှိမှုနှင့် ခွဲခြားမှုမရှိဘဲ ပေါင်းစည်းဆောင်ရွက်နိုင်မှုဖြင့် နိုင်ငံ့စွမ်းအား တိုးတက်မြင့်မားစေရေး အဆင့်မြင့်အရာရှိများ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် နေပြည်တော် အမရဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဇော်ဝင်း၊ မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမရနှင့် UN Women Myanmar မှ ဥက္ကဋ္ဌ Dr. Jean D'Qunha တို့က အမှာစကားပြောကြားခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသားလူအခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ UN Women မှ ဘာသာရပ်ကျွမ်းကျင်သူများ၊ ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့မှ အရာရှိများ ၅၀၊ စုစုပေါင်း ၆၄ ဦး တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် Gender သတ်မှတ်ချက်များ၊ လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် အမျိုးသား၊ အမျိုးသမီးတို့အကြား ခြားနားသော တာဝန်ထမ်းဆောင်မှု၊ အမျိုးသား၊ အမျိုးသမီး ပေါင်းစည်းတာဝန်ထမ်းဆောင်မှုအတွက် အခြေခံလိုအပ်ချက်များ၊ မြန်မာနိုင်ငံရှိ အဖွဲ့အစည်းများ၊ အထူးသဖြင့် လုံခြုံရေးနှင့် တရားဥပဒေဝိုးမိုးရေး တာဝန်ထမ်းဆောင်ရသော အဖွဲ့အစည်းများတွင် ဖြစ်ပေါ်နေသော ကျား/မ ခွဲခြားမှုနှင့်စပ်လျဉ်းသည့် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများ၊ သတိပြုရန်အချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ မြန်မာနိုင်ငံပြည်သူများ၏ သဘောသဘာဝနှင့် ကိုက်ညီသော အမျိုးသား၊ အမျိုးသမီးပေါင်စည်းတာဝန်ထမ်းဆောင်မှုတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဝိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် ညနေ ၅ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းက နိဂုံးချုပ် ပြောကြားခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲဆုပေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၇

မြန်မာ့တင်းနစ်အားကစားအဆင့်အတန်း တိုးတက်အောင်မြင်လာစေရန် အတွက် (၉) ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကို ဒီဇင်ဘာ ၀၆ ရက် ညနေက သိမ်ဖြူကွင်းနစ်မိုးလုံလေလုံ၌ ကျင်းပသည်။

ရွေးဦးစွာ အသက် ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၄ နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဖုံးတွဲရရှိကြသူများ၊ အမျိုးသား၊ အမျိုးသမီးအလွတ်တန်းတစ်ဦးချင်း၊ အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲ ဝထမ၊ ဒုတိယ၊ တတိယရရှိကြသူများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှအမှူဆောင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ၊ အသက် ၆၀ နှစ် အမျိုးသားနှစ်ယောက်တွဲ ဝထမ၊ ဒုတိယ၊ တတိယရရှိကြသူများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းကလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် Jalent (A) ဝထမ၊ Olympic(A) ဒုတိယ၊ သန်လျင်ကလပ်နှင့် Morning Star Club တို့က ဖုံးတွဲတတိယရရှိကြသူများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက ဆုများချီးမြှင့်ကြသည်။

သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

❍ ကျောခုံးမှ

ယခုအပြောင်းအရွှေ့ကာလတွင် ပြည်တွင်းကစားသမားများ၏ ပြောင်းရွှေ့မှုများစွာဖြစ်ပေါ်နေပြီး နာမည်ကြီးကစားသမားများ ပါဝင်လျက်ရှိသည်။ အထူးသဖြင့် MNL ကလပ်အသင်းများမှာ အပြိုင်အဆိုင်ခေါ်ယူနေပြီး ကမ္ဘောဇ(ရှမ်းယူနိုက်တက်) အသင်းမှာ လက်သွက်လျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းမှာ လက်ရွေးစင်ဟောင်း ဝါရင့်ဂိုးသမားသီဟစည်သူကို ပြန်လည်ခေါ်ယူထားသလို စင်ကာပူဆီးဂိမ်းပြိုင်ပွဲ၌ ခြေစွမ်းပြခဲ့သည့် နောက်ခံ ဟိန်းသီဟဇော်နှင့် တောင်ပံကစားသမား နေလင်းထွန်း၊ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မြန်မာ ယူ-၂၀ အသင်းမှနောက်ခံလူ ထိုက်ထိုက်အောင်တို့ကို ခေါ်ယူထားသည်။

ထို့ပြင် လူငယ်ကစားသမားများ ဖြစ်သည့် ဇင်မင်းထွန်းနှင့် လှိုင်မျိုးအောင်တို့ကိုခေါ်ယူထားပြီး ရှမ်းယူနိုက်တက်အသင်းမှာ ကျော်ဇေယျာဝင်းအဝါအဝင် ပြည်တွင်းကစားသမား အများအပြားကို ထွက်ခွာခွင့်ပြုထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီ၏ လူပ်ရှားမှုအများဆုံး အသင်းဖြစ်ပြီး ကစားသမားအပြောင်းအရွှေ့များကို ထပ်မံတွေ့မြင်ရဖွယ်ရှိနေသည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာလည်း မြန်မာ့လက်ရွေးစင် ကွင်းလယ်လူ ကျော်မင်းဦး(ဇရာဝတီ) နှင့် ဖွဲ့ကပင်အသင်း၌ ခြေစွမ်းပြခဲ့သည့် နောက်ခံလူ သိန်းဇော်တို့ကို ခေါ်ယူထားသည်။

နာမည်ကြီးရတနာပုံအသင်းမှာ ကစားသမားသစ်အချို့ ခေါ်ယူထားပြီး ရှမ်းယူနိုက်တက်တောင်ပံကစားသမား သိန်းသန်းဝင်း၊ ဟံသာဝတီဂိုးသမား ရန်အောင်လင်း၊ မြန်မာ့ဘောလုံးအကယ်ဒမီမှ ဖြန်မာယူ-၂၁ အသင်းနောက်ခံလူ ရဲရင့်အောင်တို့ကို ခေါ်ယူထားသည်။ ရှမ်းယူနိုက်တက်မှ ထွက်ခွာခွင့်ပြုထားပြီး အသင်းလက်မဲ့ဖြစ်နေသည့် ကျော်ဇေယျာဝင်းမှာ ဇရာဝတီအသင်းသို့ ရောက်ရှိခဲ့ပြီး ဇရာဝတီအသင်းမှာ နာမည်ကြီးကစားသမားအများအပြား ထွက်ခွာသွားသောကြောင့် ကစားသမားသစ်များအားဖြည့်ရမည်ဖြစ်သည်။ မကွေး၊ ဖွဲကပင်၊ ရခိုင်စသည် အသင်းများမှာလည်း အပြိုင်အဆိုင်ပြင်ဆင်နေပြီး အပြောင်းအရွှေ့ဈေးကွက် ပြီးဆုံးမည့် ဇန်နဝါရီ ၈ ရက်မတိုင်မီ ပြည်တွင်းကစားသမား အပြောင်းအရွှေ့များ ထပ်မံမြင်တွေ့ရဖွယ်ရှိနေသည်။

(မြန်မာ့အလင်း)

မြို့နယ်အုပ်ချုပ်ရေးမှူးပလား ဘောလုံးပြိုင်ပွဲကျင်းပ

မိုးညို ဒီဇင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မိုးညိုမြို့နယ်အားကစားကွင်း၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပသည်။ ဖွင့်ပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်းက အမှာစကား ပြောကြားပြီး ပြိုင်ပွဲသို့ မိုးညိုမြို့နယ် ရပ်ကွက်/ကျေးရွာပေါင်းစုံဘောလုံးအသင်း ကိုးသင်းဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇန်နဝါရီ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

(မြို့နယ် မြန်/ဆက်)

❖ ကျောခုံးမှ

တရုတ်အသင်းကို ရှောကော်နာရှိက်ချက်ဖေးလိုက်ရသဖြင့် ကျော်နံပါတ် ၃၁ J Mi က ပထမဦးဆုံးဂိုးကို စတင်သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ပြီးနောက် မြန်မာအသင်း စိတ်ဓာတ်ခိုင်မာစွာဖြင့် ပြန်လည်တိုက်စစ်ဆင်ကစားနိုင်ခဲ့သော်လည်း ပထမပိုင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ပြီးဆုံးခဲ့သည်။ ဒုတိယပိုင်းပွဲစသည်နှင့် တရုတ်အသင်း အထပေးသည့် မြန်မာအသင်းအပေါ် အခွင့်ကောင်းယူကာ ဖိကစားခဲ့ပြီး ၃၉ မိနစ်နှင့် ၄၈ မိနစ်တို့တွင် ကျော်နံပါတ် ၂၆ E Wenhui က ဒုတိယဂိုးနှင့် တတိယဂိုးကိုလည်းကောင်း၊ မိနစ် ၆၀ တွင် ကျော်နံပါတ် ၂၂ ZHANG Zhixuan က စတုတ္ထ ဂိုးကိုလည်းကောင်း၊ ၆၅ မိနစ်တွင် ကျော်နံပါတ် ၃၁ J Mi တပင် ရွှောကော်နာရိုက်ချက်မှတစ်ဆင့် သွင်းယူခဲ့သဖြင့် ငါးဂိုး-ဂိုးမရှိဖြင့် တရုတ်အသင်းအနိုင်ရကာ ဝိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဒုတိယပွဲစဉ်ဖြစ်သည့် ဟောင်ကောင်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း တို့မှာလည်း ဝိုလ်လုပွဲတက်ရေး တစ်ဖက်နှင့်တစ်ဖက် ရောက္ခန်ရောခနဲကစားခဲ့ကြသော်လည်း နောက်ဆုံးပွဲပြီးခါနီတွင် တရုတ်(တိုင်ပေ)အသင်းက ဟောင်ကောင်အသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ယူပြီး ဝိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သဖြင့် ဝိုလ်လုပွဲတွင် တရုတ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်း၊ တတိယလုပွဲတွင် အိန္ဒိယရှင်မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အဆိုပါ အာရှဖိတ်ခေါ်အမျိုးသားဟော်ကီပြိုင်ပွဲ ဝိုလ်လုပွဲနှင့် တတိယလုပွဲကို လာမယ့်ဒီဇင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် တတိယလုပွဲကို လည်းကောင်း၊ ဝိုလ်လုပွဲကို မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ချင်းပြည်နယ်၊ ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၊ ရုံးအဆောက်အအုံ(၆၀'×၆၅'×၁၂') Brick Nogging တစ်ထပ်အဆောက်အအုံအား ချင်းပြည်နယ်၊ ဟားခါးမြို့တွင် တည်ဆောက်ရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(၁) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၁၂-၂၀၁၅ရက်
(၂) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁၂-၂၀၁၅ရက် နံနက် ၉ နာရီ
(၃) **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၉-၁၂-၂၀၁၅ရက် ညနေ ၃း၃၀နာရီ
(၄) **တင်ဒါသွင်းမည့်နေရာ** - ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့

တင်ဒါစီစစ်ရေးကော်မတီ

ဆက်သွယ်ရန် ဖုန်း-၀၇၀-၂၂၅၅၈၊ ၀၉-၂၅၉၃၇၃၉၈



အခြေခံပညာအထက်တန်းကျောင်း၊ ဂျပ်ကောင်းမြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

အခြေခံပညာအထက်တန်းကျောင်း၊ ဂျပ်ကောင်းမြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ (၂၇)ရက် (တနင်္ဂနွေ) နံနက် ၉ နာရီတွင် ၄င်းကျောင်းဝင်းအတွင်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ကန်တော့ခံအသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများအား လေးစားခင်မင်စွာ ဖိတ်ကြားအပ်ပါသည်။ သူငယ်ချင်း ကျောင်းသား/ကျောင်းသူဟောင်းများအားလုံး ဆုံစည်းနိုင်ဖို့အတွက် မမျှော်မကွက် ဆက်ဆက်တက်ရောက်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကျင်းပမည့်နေရာ - အထက ဂျပ်ကောင်း၊ ရွှေရတုခန်းမ
ဆက်သွယ်ရန် - ဦးတင်မောင်စိုး (ဂျပ်ကောင်းမြို့) ဖုန်း-၀၉-၄၉၇၇၃၀၀၆၆
ဦးတင်ဝင်းလွင် (ရန်ကုန်) ဖုန်း-၀၉-၅၁၁၉၀၄၃
ခေါ်နွယ်နီသက်ဝ (ပုသိမ်) ဖုန်း-၀၉-၂၆၀၅၂၀၅၃၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ(တိုင်းဒေသကြီး ဘတ်ဂျက်)ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျန်းလျှမြို့နယ် မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်။

(က) **လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၈-၁၂-၂၀၁၅ရက်မှ ၂၉-၁၂-၂၀၁၅ရက်
(ခ) **လျှောက်လွှာတင်သွင်းရမည့်အချိန်** - ညနေ ၄း၃၀နာရီအထိ
(ဂ) **လျှောက်လွှာတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မုံရွာမြို့

(၂) သတ်မှတ်ရက်/အချိန်ထက်နောက်ကျရောက်ရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(၃) အသေးစိတ်သိလိုပါက တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မုံရွာ) ဖုန်း-၀၇၁-၂၂၆၉၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ခြောက်ဝိုင်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ မြေကွက်အမှတ် ၃၃၄၊ ဦးမြင့်လွင် CM-၀၀၃၀၀၄၁၊ ၁၂/တနေ(နိုင်)၀၅၄၈၅၅ ဂရန်အမည် ပေါက် ပေ ၄၀×၆၀ မြေကွက်၏ မြောက်ဘက်ခြမ်း၊ ပေ၂၀×၆၀အကျယ်အဝန်းရှိသော တစ်ထပ်တိုက်နှင့် ရေ၊ ဓာတ်လှေကားပါရှိသည့်ခြေနှင့်အိမ်အား ဂရန်အမည်ပေါက်ဖြစ်သူ ဦးမြင့်လွင်၏ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးသုံးဦးက ကျွန်ုပ်၏ မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်း ချရန်ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဂရန်အမည်ပေါက် ဦးမြင့်လွင်၏သားသမီးသုံးဦးထံသို့ စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက အထောက်အထား နိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်သူ တစ်စုံတစ်ဦး/တစ်စုံတစ်ရာမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းအား ဥပဒေအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးပြည့်စုံဆောင် အထက်တန်းရှေ့နေ စဉ်/၃၁၅၆၁
ဖုန်း-၀၉-၅၀၁၃၉၃၁၊ ၀၉-၅၁၃၉၃၀၄

Smile Mart (24 Hour Store)

အမှတ် ၅၀၇/E၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
Ph: 01-514137, 01-525269, 09-30242458

အမြန်အလိုရှိသည်

အရောင်းမန်နေဂျာ(ဘွဲ့ရ)	ကျား/မ(၁)ဦး
Supervisor (ဘွဲ့ရ)	ကျား/မ(၂)ဦး
အရောင်းစာရေး(ဆယ်တန်းအောင်)	ကျား/မ(၈)ဦး
ယာဉ်မောင်းကျွမ်းကျင်	ကျား (၂)ဦး

(ရန်ကုန်မြို့တွင် ကျွမ်းကျင်စွာမောင်းနိုင်ရမည်)

လုပ်ငန်းအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံ တစ်နှစ်ရှိရမည်။

အထက်ပါ အရည်အချင်းများနှင့် ပြည့်စုံပါက CV Form အပြည့်အစုံနှင့် အတူ အထက်ဖော်ပြပါလိပ်စာသို့ အမြန်ဆုံးလျှောက်ထားနိုင်ပါသည်။

သတင်းတိုများ

ဓနုဖြူဒေလှော်အသင်းအား ဂုဏ်ပြုပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဒုတိယအကြိမ် မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲတွင် မအူပင်ခရိုင်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မိတာ ၂၀၀ နှင့် မိတာ ၅၀၀ အမျိုးသား ငါးတက်ပြိုင်ပွဲများတွင် ပထမဆုဖလားများ ရရှိကာ တံခွန်စိုက်ဒိုင်းဆုကြီးကိုလည်းရရှိခဲ့သော ဓနဖြူလေလှော်အသင်းအား ဂုဏ်ပြုပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။ ဂုဏ်ပြုပွဲတွင် ဓနဖြူလေလှော်အသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုပေးအပ်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

လွိုင်ကော်၌ ကျေးလက်ပွဲပြိုင်ရေးလုပ်ငန်းများ ကျင်းသင်းကြည်ရှု

လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ် ၃၂ ဒသမ ၂၈ သန်းဖြင့် ဆောင်ရွက်နေသည့် လင်ဖုံကြီး-နန်းကွယ်ကျေးရွာခုံးဆက်မြေသားလမ်း ဖောက်လုပ်မှု၊ နွားလဝိုးစပြကျေးရွာ၌ ရန်ပုံငွေကျပ် လေးသန်းဖြင့် ဆောင်ရွက်နေသည့် အနက် ၂၇ ပေ ရေတွင်းတူးဖော်မှု၊ ပဒါးညောကျေးရွာ၌ ရန်ပုံငွေကျပ် လေးသန်းဖြင့် ဆောင်ရွက်နေသည့် အနက် ၂၇ ပေ ရေတွင်းတူးဖော်မှုနှင့် ယူနီဆက်မှ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လောဝိတရွမ်းရွာ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်မှုများကို လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အိအိခင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့ ဒီဇင်ဘာ ၁၁ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ဆင်ခြေဖောက်နှင့် ပိုလီယိုကာကွယ်ဆေးများအကြောင်းအသိပေးသွေးဆွဲနွှဲ

ပိုလီယိုကာကွယ်ဆေးသစ် (Inactivated Polio Vaccine – IPV) ထိုးနှံခြင်းနှင့် ဆင်ခြေဖောက်ရောဂါကာကွယ်ဆေးကျွေးခြင်းလုပ်ငန်းများ နှင့်ပတ်သက်၍ မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးမှုများကို ချောင်းဆုံမြို့နယ်ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းညွှန့်ဝင်းက ကာကွယ်ဆေးထိုး ဆေးတိုက်ခြင်းလုပ်ငန်းများအကြောင်း အမှာစကားပြောကြားပြီး ကျေးလက်ကျန်းမာရေးမှူး (HA) ဦးဝင်းနိုင်က ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၁၈)အရ IPV ဆေးထိုးနှံခြင်းလုပ်ငန်းအကြောင်း အသေးစိတ်ရှင်းလင်းပြောကြားကာ မြို့နယ်ကျန်းမာရေးမှူး (HA 1) ဦးမြင့်ဝင်းက ဆင်ခြေဖောက်ရောဂါအကြောင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ချောင်းဆုံမြို့နယ်၌ အသက် လေးလ အရွယ်နှင့်အထက် အကျုံးဝင်သော ကလေးများအားလုံးကို ပိုလီယိုကာကွယ်ထိုးဆေး(IPV)ကို စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကလေးမြို့ ဝိုလ်ချွယ်လမ်းမကြီး အဆင့်မြှင့်တင်

ကလေး ဒီဇင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ပြည်သူများ၏ သွားလာရေးပိုမို အဆင်ပြေချောမွေ့စေရန်အတွက် အများပြည်သူအသုံးပြုနေသည့် အဓိက လမ်းမကြီးဖြစ်သော ဝိုလ်ချွယ်လမ်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ဝိုလ်ချွယ်လမ်းမကြီး၏ ပြင်သာဆီပမ့ ကလေးတက္ကသိုလ်အထိ လမ်းပိုင်း မိုင်တိုင်အမှတ်(၀/၀) မှ (၂/၀)တွင် လမ်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများမှ ကျပ် ၄၈ ဒသမ ၃၀ သန်း အကုန်အကျခံ၍ ၂၄ ပေ အကျယ်၊ ထုသုံးလက်မ ကတ္တရာထပ်ပိုးလွှာခင်းခြင်းကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၂/၀) မှ (၃/၀)အထိတွင် ရန်ပုံငွေ ကျပ် ၅၅ ဒသမ ၉ သန်းဖြင့် လက်ရှိကတ္တရာလမ်းကို တစ်ဖက်လျှင် အကျယ်ခြောက်ပေစီတိုးခဲ့၊ ကာ ကျောက်ခင်းကြိတ်ခြင်းနှင့် ကတ္တရာရေပိတ်လွှာလောင်းခြင်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းများ အမြန်ဆုံးပြီးစီးကာ ပြည်သူများသွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးနှင့် လမ်းဦးစီးဌာနမှ မြို့နယ်အင်ဂျင်နီယာတို့က ဒီဇင်ဘာ ၁၀ ရက်က ထွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဂျူနီင်း**

သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူ

မုံရွာ ဒီဇင်ဘာ ၁၇

မြို့နယ်သွေးလှူရှင်အသင်းများ ကွန်ရက်က ဦးစီး၍ သွေးလှူရှင်များနေ့အထိမ်းအမှတ် ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် သွေးလှူရှင်အသင်းများမှ အသင်းသား ၁၅၀ က မုံရွာပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပြီး ဝါးတန်းကျေးရွာမှ မေထွာပါရမီရှင် အသင်း၊ ရွှေကြာပိုင်ကျေးရွာမှ မာယမောင်မယ် သွေးလှူရှင်အသင်း၊ ညောင်ဖြူပင်ကျေးရွာမှ ပဏ္ဏိတသွေးလှူရှင်အသင်း၊ ကံကုန်းကျေးရွာမှ အမေနေ့သွေးလှူရှင်အသင်း၊ ညောင်ပင်သာကျေးရွာမှ ညောင်ပင်သာသွေးလှူရှင်အသင်းများမှ သံယောတော် သုံးပါး၊ အမျိုးသား ၄၀၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၆၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

မုံရွာမြို့နယ် သွေးလှူရှင်အသင်းများကွန်ရက်နာယက ဦးကျော်စိန်က "မုံရွာမြို့နယ်မှာ သွေးလှူရှင်အသင်းတွေက ကိုယ့်အစီအစဉ်နဲ့ကိုယ် သွေးလှူဒါန်းမှုတွေလုပ်ကြတယ်။ အခုကတော့ မုံရွာမြို့နယ်အတွင်းမှာရှိတဲ့ သွေးလှူရှင်အသင်း ၁၅ သင်းစုပေါင်းပြီး သွေးလှူရှင်များအသင်း ကွန်ရက်ဆိုပြီး ဒီဇင်ဘာ ၁၀ ရက်မှာ ဖွဲ့စည်းတယ်။ အခုစုပေါင်းသွေးလှူဒါန်းပွဲကို ပထမဆုံးအကြိမ် ကျင်းပတာပါ။ သွေးလွန်တုပ်ကွေးရာသီမှာ သွေးအခက်အခဲမဖြစ်စေဖို့၊ နောက်ပြီး အရေးပေါ် အခြေအနေတွေနဲ့ ကြုံတွေ့တဲ့အခါမှာ လိုအပ်တဲ့သွေးကို အကူအညီပေးနိုင်ဖို့၊ တစ်ဖွဲ့နဲ့ အဆင်မပြေရင် တစ်ဖွဲ့နဲ့အဆင်ပြေအောင်လို့၊ လိုအပ်တဲ့သွေးတို့ အချိန်မီရရှိစေဖို့အတွက် ကွန်ရက်ဖွဲ့ပြီးလုပ်ဆောင်ပေးသွားမှာပါ"ဟု ပြောသည်။ မုံရွာမြို့နယ်အတွင်း အရေးပေါ် သွေးလိုအပ်ချက်များရှိပါက ဦးကျော်စိန် ဖုန်း-၀၉-၇၉၄၃၃၃၆၄၃၃ သို့ အချိန်မရွေး ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ဝိုးချမ်း(မုံရွာ)

ကျပ်သိန်းသုံးရာကျော်တန်ဝိုးရှိမီးသတ်ပြိုက်စက် မလိုင်မြို့မ သုသာန်၌ တည်ဆောက်မည်

မလိုင် ဒီဇင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မလိုင်မြို့တွင် လိုအပ်နေသော မီးသတ်ပြိုက်စက်ကို တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေနှင့် မြို့နေလူထု၏ ထည့်ဝင်ငွေများဖြင့် စုပေါင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးသတ်ပြိုက်စက်တည်ဆောက်ရန် တိုင်းဒေသကြီးစည်ပင်သာယာမှ ရန်ပုံငွေ ကျပ်သိန်း ၁၈၀ ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ခွင့်ပြုပေးထားပြီးဖြစ်သည်။ အဆိုပါရန်ပုံငွေဖြင့် မီးသတ်ပြိုက်စက်တည်ဆောက်ပါက ထင်းအုံးပြေရာမှ သုသာန်ဘက်သို့ ပိုက်လိုင်းတစ်လျှောက် ရေဖိအား ပိုမိုကောင်းမွန်သည့်စက် တည်ဆောက်နိုင်ရန် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ ညှိနှိုင်းဆွေးနွေးကာ ဒီဇယ်သုံးမီးသတ်ပြိုက်စက်တည်ဆောက်ရန် အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

မလိုင်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန့်ဇော်က "တိုင်းဒေသကြီး အစိုးရက မီးသတ်ပြိုက်စက်တည်ဆောက်ဖို့ ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို ငွေချထားပေးပါတယ်။ စက်က ထင်းသုံးရမှာဆိုတော့ ရေရှည်မှာ အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့် အဆင့်မြင့်စက် တည်ဆောက်ဖို့ ဒီဇင်ဘာ ၁၀ ရက်က မလိုင်မြို့ လေးမျက်နှာဘုန်းကြီးကျောင်းမှာ မြို့နယ်က ဆရာတော် သံယောတော်တွေအပါအဝင် တာဝန်ရှိသူတွေ ညှိနှိုင်းခဲ့ပြီး ဒီဇယ်သုံးစက်တည် ဆောက်ဖို့ အတည်ပြုခဲ့ကြတာပါ"ဟု ပြောသည်။

ဒီဇယ်သုံးမီးသတ်ပြိုက်စက်တည်ဆောက်ရန် ခန့်မှန်းကုန်ကျငွေမှာ သိန်း ၃၀၀ ကျော်ဖြစ်၍ လိုအပ်နေသည့်ငွေများကို ဆရာတော်သံယောတော်များနှင့် မြို့နေ ပြည်သူများ စုပေါင်းထည့်ဝင်သွားမည်ဖြစ်ကြောင်း၊ မီးသတ်ပြိုက်စက်ကို မြို့မ သုသာန်၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ဌေး(မလိုင်)

ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်

မော်လိုက် ဒီဇင်ဘာ ၁၇

မော်လိုက်မြို့နယ်အတွင်း ချုင်းတွင်းဖြစ်ရေမြင့်တက်မှုကြောင့် နေအိမ်များ ရေမျောပါ ပျက်စီးခဲ့သည့် အိမ်ထောင်စုခြောက်စုအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို ဒီဇင်ဘာ ၁၅ ရက်တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေဘေးသင့် အိမ်ထောင်စုခြောက်စုကို နေအိမ်

များပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးခဲ့ရာ နေအိမ်များကို ပြန်လည်တည်ဆောက်မှုအတွက် ငွေကျပ် ၈၈ သိန်း ကုန်ကျခဲ့ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ဝိုလ်ချွယ်သည့် ငွေကျပ် ၁၂ သိန်းဖြင့် ဆိုလာနှင့်ဆက်စပ်ပစ္စည်းခြောက်စုကို ထပ်မံထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းများအပြင် အဆိုပါဝိုလ်ချွေငွေဖြင့် ရေလောင်းအိမ်သာများဆောက်လုပ်ရန် ထောက်ပံ့ငွေ တစ်အိမ်ထောင်လျှင် ကျပ်သုံးသောင်းစီကို လည်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဆိုလာပြားနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ရေဘေးသင့်အိမ်ထောင်စုမြောက်စုမှ အိမ်ထောင်ဦးစီးများထံ ပေးအပ်ခဲ့ကြသည်။

မော်လိုက်သားလေး

သဘာဝစီမံ့စမ်းရေကိုသွယ်ယူ၍ ကျေးရွာနှစ်ရွာသို့ ရေပေးဝေရေးဆောင်ရွက်

ကနီ ဒီဇင်ဘာ ၁၇

ကနီမြို့နယ်၏အစွန်ဆုံး တောင်ပေါ်ဒေသဖြစ်ပြီး နွေရာသီတွင် သောက်သုံးရေအခက်အခဲရှိသော ထန်းတပင်ကျေးရွာနှင့် အင်ကြင်းပင်ကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် ပြင်းအောချောင်းမှ သဘာဝစီမံ့စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီမံ့စမ်းရေသွယ်ယူရေးလုပ်ငန်းတွင် ရေသွယ်မည့်နေရာမှ ကျေးရွာအထိ ပင်မပိုက်လိုင်း အရှည်ပေ ၉၀၀ ဆွဲပြီး ဂါလန် ၆၀၀၀ ဆံ့ ရေလှောင်ကန်မှတစ်ဆင့် ကျေးရွာများအတွင်း (Gravity Flow System)ဖြင့် အိမ်တိုင်ရာရောက် ရေဖြန့်ဝေပေးနိုင်မည်ဖြစ်ကာ ရေပေးဝေရေးလုပ်ငန်းများကို Well Done Engineering ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ရေသွယ်ယူပြင်းလုပ်ငန်းများပြီးစီးပါက ဒေသခံပြည်သူများအတွက် သောက်သုံးရေလုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

သည်းခြေကျောက်တည်ခြင်း အပိုင်း(၆)

ပါမောက္ခဒေါက်တာမောင်ဝင်း (အသည်း)

သည်းခြေကျောက်ကို ဘယ်တော့ခွဲမှာလဲ

ပြီးခဲ့တဲ့အပတ်မှာ သည်းခြေကျောက်တွေကို ဘယ်တော့ခွဲသင့်လဲဆိုတာနဲ့ပတ်သက်လို့ ကျွန်တော့်ကိုယ်တွေ့ ခြစ်ရပ်ကို ပြောပြနေတာမှာ ကျွန်တော်ပိုက်အောင့်ပြီး ဗဟိုစည်ဆေးရုံကို ရောက်သွားတဲ့အကြောင်းအထိ ရောက်သွားပါပြီ။

ဗဟိုစည်ဆေးရုံမှာ

ကျွန်တော် ဗဟိုစည်ဆေးရုံရောက်သွားတော့ မနက် ၅ နာရီပဲ ရှိပါသေးတယ်။ ဆေးရုံဝန်ထမ်းတွေက ကျွန်တော့်ကို လူနာအနေနဲ့တွေ့လိုက်ရတော့ တအံ့တသြဖြစ်နေကြပြီး အထူးပဲ ဂရုစိုက်ကြပါတယ်။ ကျွန်တော့်ကို အရေးပေါ်ကနေ အခန်းထဲကို ပြောင်းပေးလိုက်ပါတယ်။ ကျွန်တော်ကတော့ ဝိုက်ညာဘက်တစ်ခြမ်းလုံး တအားကိုနာနေပြီး အတော့်ကိုခံစားနေရပါတယ်။ ဘယ်လိုနာမှန်းမသိ၊ ဆိုးဆိုးရွားရွားကိုနာနေပြီး အံကြိတ်ခံနေရပါတယ်။

ခဏနေတော့ ကျွန်တော့်ရဲ့အကြောင်းကြားချက်အရ ခွဲစိတ်ပါရဂူ ပါမောက္ခဒေါက်တာဦးထွန်းဦး ရောက်လာပါတယ်။ ကျွန်တော်ရဲ့ဖြစ်ပုံကိုမေး၊ ဝိုက်ကို သေသေချာချာလက်နှစ်ဖက်သပ်ပြီး ဒါသည်းခြေအိတ်ရောင်တာပဲ ဆိုပြီးတော့ ပိုးသတ်ဆေးတွေ ထိုးခိုင်းပါတယ်။ နောက်ပြီး ဝိုက်နာတာအတွက် Pfizer Co.,Ltd. ကထုတ်တဲ့ Dynastat ထိုးဆေးတစ်လုံး ထိုးခိုင်းပါတယ်။ အဲဒီဆေးထိုးပြီး ၁၅ မိနစ်လောက်အကြာမှာ ကျွန်တော့်ရဲ့ဝိုက်တအားနာနေတာဟာ ရုတ်တရက် ချက်ချင်းကို သက်သာသွားပါတယ်။ တစ်နာရီလောက်ကြာတော့ မခံမရပ်နိုင်အောင် နာနေတာဟာ ယူပစ်လိုက်သလိုကို ပျောက်သွားပါတယ်။ အဲဒီလို ကိုယ်တွေ့ကြုံဖူးတာကြောင့် သိပ်နာနေတဲ့လူနာတွေကို ကျွန်တော် Dynastat ဆေး ထိုးပေးလေ့ရှိပါတယ်။

ဒီလိုနဲ့ ဆေးခန်းရောက်ပြီး နေ့လယ်လောက်ရောက်တော့ တော်တော်လေးနေသာထိုင်သာရှိပြီး ဆန်ပြုတ်သောက်နိုင်တဲ့အဆင့်ကို ရောက်သွားပါတယ်။ အဲဒီနောက်တော့ သွေးတွေဖောက်စစ်၊ တယ်လီဗီးရှင်းဓာတ်မှန်ရိုက်နဲ့ စစ်လိုက်ဆေးလိုက်လုပ်လိုက်တော့ အဖြေက ပါမောက္ခဦးထွန်းဦး ပြောသလိုပဲ ကျွန်တော့်သည်းခြေအိတ်တစ်ခုလုံး ရောင်နေတယ်။ ကျောက်သေးသေးလေးလည်း တွေ့တယ်လို့ပြောပါတယ်။

ဆေးရုံမှာ နှစ်ရက်တက်ပြီး ပိုးသတ်ဆေးတွေထိုးပေးတာနဲ့ ကျွန်တော်ခံစားရတာအားလုံး သက်သာသွားတာနဲ့ ဆေးရုံက ဆင်းခဲ့ပါတယ်။ ပိုးသတ်ဆေးတွေတော့ တစ်ပတ်ဆက်သောက်ရတာပေါ့။ တစ်ပတ်လောက်ကြာတော့ အကောင်းပကတိလိုဖြစ်ပြီး ကျွန်တော်အလုပ်တွေ ပုံမှန်ပြန်လုပ်နိုင်သွားပါတယ်။

အဲလို အကြီးအကျယ်သည်းခြေအိတ်ရောင်ပြီး အလူးအလဲခံစားလိုက်ရတော့ သည်းခြေအိတ်နဲ့ သည်းခြေကျောက်ကို ထုတ်ရတော့မယ်ဆိုတာ ကျွန်တော်

သိလိုက်ပါပြီ။ အခုလောက်ခံစားရတာနဲ့ ကျွန်တော်သိသင့်ပါပြီ။ ဒီလို သည်းခြေအိတ်ရှတ်တရက်ရောင်ပြီး နာလာတာဟာ ကျွန်တော့်ကို ပထမအကြိမ် သတိပေးလိုက်တာပါ။ သည်းခြေအိတ်ရောင်ပြီးနောက်ဆိုရင် ဒီထက်ဆိုးရွားတဲ့ သည်းခြေအိတ်ပြည်တည်တာ၊ သည်းခြေအိတ် ပိုးပျံ့ပြီး ရှော့(shock)ရတာတွေဖြစ်နိုင်တယ်ဆိုတာ သိထားရမှာပါ။ ဒါကြောင့် အဲလိုဆိုးရွားတဲ့ ဖြစ်ရပ်တွေ ဖြစ်မလာနိုင်အောင် ဒီသည်းခြေကျောက်လေးကို မဖြစ်မနေ ထုတ်ပစ်ရမယ်ဆိုတာ သဘောပေါက်မိပါတယ်။ အဲတော့ဒီသည်းခြေကျောက်ကို ဘယ်လို၊ ဘယ်မှာ ထုတ်ရမလဲဆိုတာ စဉ်းစားရတော့တာပေါ့။

သေချာတာကတော့ သည်းခြေကျောက်ကို ဝိုက်ကိုဓားနဲ့ခွဲပြီး ချုပ်ရိုး ၁၂ချောက်လောက်နဲ့ ခွဲထုတ်တဲ့နည်းနဲ့တော့ မထုတ်ဘူး။ အပေါက်လေးတွေဖောက်ထုတ်တဲ့ လက်ပံကိုလီ(Lap Chole)နည်းနဲ့ပဲ ခွဲထုတ်ရမယ်။ ဒါမှ အချိန်လည်းမကုန်၊ အလုပ်လည်းမပျက်၊ ဘယ်သူမှ လည်းမသိဘဲ ဒီကိစ္စပြီးသွားမယ်။ သေချာသွားပြီ။ သည်းခြေကျောက်ကို လက်ပံကိုလီနည်းနဲ့ပဲ ထုတ်မယ်လို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

အဲလိုဆုံးဖြတ်ပြီး နောက်တစ်ဆင့်ထပ်စဉ်းစားရမှာက အဲဒီလို သည်းခြေကျောက် လက်ပံကိုလီနည်းနဲ့ထုတ်တာကို ဘယ်ဆေးရုံမှာ လုပ်မှာလဲ။ မြန်မာပြည်မှာလား။ နိုင်ငံခြားမှာလား။ တစ်ခါတည်း စဉ်းစားလိုက်ပြန်တော့ မြန်မာနိုင်ငံမှာ အဲလို လက်ပံကိုလီကိုလုပ်ပြီး သည်းခြေကျောက်ကို ထုတ်မယ်ဆိုရင် လူထွေအားလုံး သိတုန်ပြီး ဟိမေး၊ ဒီမေး မေးကြတာနဲ့ ဖြေရတာအမောဖြစ်လိမ့်မယ်။

အဲတော့ အကောင်းဆုံးက နိုင်ငံခြားမှာသွားပြီး ဘယ်သူမှမသိအောင် အသာလေးသွားပြီး ခုံးလုပ်မှဖြစ်မယ်လို့ တွေးမိပါတယ်။ ချက်ချင်းဆက်တွေးမိတာကတော့ ကျွန်တော်နဲ့ အလွန်ရင်းနှီးသောမိတ်ဆွေကြီး စင်ကာပူအထွေထွေဆေးရုံက ခွဲစိတ်ပါရဂူ ဒေါက်တာဝီယာစ်ချောင်းပါပဲ။ သူနဲ့ပဲပြီး အပေါက်ကလေးနဲ့ထုတ်တဲ့ လက်ပံကိုလီနည်းနဲ့ပဲ သည်းခြေထုတ်လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲတော့ နောက်တစ်ဆင့်က ဘယ်တော့သွားလို့ ဘယ်လိုတွေ့လုပ်ရမှာလဲဆိုတာ ထပ်စဉ်းစားရပြန်ပါတယ်။ အဲဒီတုန်းက ကျွန်တော်က ရန်ကုန်ဆေးရုံကြီး အသည်းရောဂါပညာဌာနရဲ့ ပါမောက္ခဌာနမှူးတာဝန်ထမ်းဆောင်နေတာဆိုတော့ နိုင်ငံခြားသွားမယ်ဆိုရင် ပြည်ပထွက်ခွာခွင့်တင်ရမယ်။ အဲလို ပြည်ပခွင့်တင်တယ်ဆိုတာ အဆင့်ဆင့်တင်ရပြီး တော်တော်ကို ရှုပ်ထွေးတဲ့ကိစ္စပါ။ အဲတော့ ဘယ်လိုလုပ်ရမလဲဆိုတာ ဆုံးဖြတ်ရခက်နေပါတယ်။

အဲဒီအချိန်မှာပဲ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှာ ကျင်းပတဲ့ အာသည်းရောဂါ အစည်းအဝေးတစ်ခု တက်ဖို့ ကျွန်တော့်ကို ဖိတ်လာပါတယ်။ အဲဒီမှာတင် ကျွန်တော် အတော်လေးဝမ်းသာသွားမိပါတယ်။ ဘာလို့လဲဆိုတော့ အဲဒီအစည်းအဝေးတက်ရင်းနဲ့ အပြန် စင်ကာပူမှာ သုံးညလောက်ဝင်အိပ်လိုက်ပြီး ကျွန်တော့်ရဲ့ သည်းခြေကျောက်ကိုထုတ်လိုက်ရင် အဆင်ပြေပြီပေါ့။

ဒါနဲ့ ဒေါက်တာဝီယာစ်ချောင်းနဲ့ဆက်သွယ်ပြီး ဘယ်နေ့ စင်ကာပူရောက်မယ်။ ဘယ်နေ့ပြန်မယ်။ သည်းခြေအိတ်ကို လက်ပံကိုလီနဲ့ ထုတ်ချင်တယ်လို့ အီးမေးလ်ပို့လိုက်ပါတယ်။ ဝီယာစ်ချောင်းက ဖြစ်နိုင်ပါတယ်။ အားလုံးအဆင်ပြေအောင် စီစဉ်ပေးထားမယ်လို့ပြောပါတယ်။ အဲလို ညှိနှိုင်းပြီး ကျွန်တော် ဗီယက်နမ်ကို အစည်းအဝေးသွားတက်ပြီးအခြေန် စင်ကာပူမှာ သုံးညဝင်အိပ်ဖို့ စီစဉ်လိုက်ပါတယ်။

ဗီယက်နမ်ကအပြန် စင်ကာပူကို မနက်ပိုင်းမှာ ရောက်ပါတယ်။ ဟိုတယ်မှာ ခဏဝင်ပြီးတာနဲ့ စင်ကာပူ အထွေထွေဆေးရုံကြီး (SGH)ကိုသွားပြီး ဒေါက်တာဝီယာစ်ချောင်းနဲ့ တွေ့ပါတယ်။ သူ့ရဲ့ ညွှန်ကြားချက်နဲ့ သွေးတွေဖောက်စစ်ပါတယ်။ ကျွန်တော်က ရောက်လက်စနဲ့ ဝိုက်တစ်ခုလုံးကို MRI လို့ ခေါ်တဲ့ သံလိုက်ဓာတ်မှန်ရိုက်ချင်တယ်ပြောတော့ အဲဒါလည်းရိုက်လိုက်ပါတယ်။ အသည်းအားလုံးကောင်းပါတယ်။ သည်းခြေအိတ်ထဲမှာတော့ ကျောက်သေးသေးလေးတစ်လုံး တွေ့ပါတယ်။

အဲလို စစ်ဆေးမှုတွေလုပ်ပြီး နောက်တစ်နေ့မှာ လက်ပံကိုလီနည်းနဲ့ သည်းခြေကျောက်ကို အပေါက်လေးဖောက်ပြီးထုတ်ဖို့ ကျွန်တော် စင်ကာပူအထွေထွေဆေးရုံကြီးမှာ တက်လိုက်ပါတော့တယ်။

(နောက်အပတ်မှာ ကျွန်တော့်သည်းခြေအိတ်ထဲက သည်းခြေကျောက်ကို အပေါက်လေးဖောက်ပြီး ထုတ်တဲ့အကြောင်းကို ဆက်ပြီးရေးသွားပါမယ်။)

(ဆက်လက်ဖော်ပြပါမည်)

စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်

မင်းဘူး ဒီဇင်ဘာ ၁၇

စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မင်းဘူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ပြည်သူများအနေဖြင့် မိမိတို့ရရှိသင့်သော စားသုံးသူအခွင့်အရေးများကို သိရှိနားလည်နိုင်ရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုမခံရစေရန်၊ စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာကာကွယ်နိုင်သော စနစ်တစ်ရပ်ပေါ်ပေါက်လာစေရန်၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးကို အလေးထားလိုက်နာပြီး စားသုံးသူများ ဘေးဥပါဒအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည်(သို့)ဝန်ဆောင်မှုများကို ဖော်ဆောင်မြည့်ဆည်းပေးစေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဇော်ဦးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းလှိုင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်စိန်က ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်မှန်ကန်သည့် သီးနှံထွက်ကုန်များ ရရှိရေး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာပြည့်ထူးက လုံခြုံစိတ်ချရသော အစားအသောက်နှင့် သုံးစွဲမှုမြှသောဆိုးဆေးများအကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝမ်းမောင်က အာဆီယံနိုင်ငံများ၏ စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေနှင့် တိုင်းဒေသကြီးအတွင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သော ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မင်းဘူး၊ ပွင့်ဖြူနှင့် စလင်းမြို့နယ်များရှိ စားသောက်ဆိုင်ဝိုင်ရှင်များက အစုအဖွဲ့များဖွဲ့ကာ ဒေသတွင်းရှိ စားသုံးသူများကို ထိရောက်စွာကာကွယ်ပေးရေးဆိုင်ရာများနှင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ၏ လုံခြုံစိတ်ချရမှုဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တင်ထွန်းဦး(မင်းဘူး)

ပြည်မြို့နယ် တွင်းပြည်းအုပ်စု ကွင်းအမှတ်(၈၀၁)တွင် ဆောင်းသီးနှံရေဆင်းစပ်မျိုးနေကြာ(၁)- F_1 မျိုးစေ့ထုတ်စိုက်ခင်းတွင် တောင်သူများစိုက်ပျိုးနေမှုကို တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးမြင့်လွင်နှင့် တိုင်းဆီထွက်သီးနှံတာဝန်ခံ ဒေါ်မြင့်မြင့်သိန်းနှင့်အဖွဲ့ ဒီဇင်ဘာ ၁၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့စဉ်။ (မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြော

ဘားအံ ဒီဇင်ဘာ ၁၇

တရင်ပြည်နယ် ဘားအံမြို့ တန်သာဦးခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို လူငယ်အနာဂတ်လှုပဖွဲ့ မူးယစ်ဆေးဝါးရှောင်ရှားစို့ ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်လှလှမြင့်က အမှာစကားပြောကြားပြီး ဘားအံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မင်းအောင်၊ KNU ဆက်ဆံရေးရုံးတာဝန်ခံ ဝိုလ်မှူးစောရီးမြို့နှင့် မူးယစ်တပ်ဖွဲ့စု(၃၁)မှ ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးထွန်းထွန်းဦးတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍လည်းကောင်း၊ ဟောပြောပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်ကို စစမျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူအဖွဲ့အစည်း (ဘားအံ)မှတာဝန်ခံကိုမြင့်အောင်တလည်းကောင်း၊ စာရေးဆရာမောင်လူဝိုင်း(အငြိမ်းစားကျောင်းအုပ်ကြီး)က လူငယ်နှင့် မူးယစ်ဆေးဝါးနှင့်ဆိုင်သော အန္တရာယ်များအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲကို တရင်ပြည်နယ်ရဲတပ်ဖွဲ့၊ စစမျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူအဖွဲ့အစည်း(ဘားအံ)နှင့် ခွန်တန်နွယ် ပအိုဝ်းလူငယ်ကွန်ရက်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲသို့ ဘားအံတက္ကသိုလ် ပအိုဝ်းလူငယ်မောင်မယ်ယဉ်ကျေးမှုအဖွဲ့နှင့် ဘားအံတက္ကသိုလ် ကရင်ရိုးရာဒုံးအဖွဲ့မှ ကျောင်းသား ကျောင်းသူများ၊ YMCA လူငယ်များအဖွဲ့၊ Youth Power လူငယ်များအဖွဲ့၊ ဘားအံမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ခြေရည်တူအသင်းတွေ ရင်ဆိုင်တွေ့ကြမယ့် လာလီဂါပွဲစဉ်(၁၆)

မိုးမြင့်လင်းလက်

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေမှာတော့ စပိန်မြေက လာလီဂါပွဲစဉ်(၁၆) ဘောလုံးပွဲတွေ ကစားဖို့ရှိနေပါတယ်။ ဒီဇင်ဘာ ၁၉ ရက်နဲ့ ၂၀ ရက်မှာ ကစားကြမယ့် လာလီဂါပွဲစဉ်မှာတော့ ခြေရည်တူအသင်းတွေရဲ့ ရင်ဆိုင်တွေ့ဆုံမှုကို မြင်တွေ့ကြရမှာဖြစ်ပြီး ပရိသတ်အကြိုက်ပွဲတွေအဖြစ် အားပေးကြရဦးမှာဖြစ်ပါတယ်။

ဘက်တစ်နှင့် ဆီဗီလာ

ဒီနှစ်လာလီဂါမှာ အိမ်ကွင်း ခြေစွမ်းကျဆင်းနေတဲ့ ဘက်တစ်တို့ ရှုံးပွဲတွေ ကြုံတွေ့နေရပါတယ်။ ဆီဗီလာတို့ကလည်း အဝေးကွင်းမှာ နိုင်ပွဲမျောက်ဆုံးနေပြီး ဒီပွဲကတော့ ခြေရည်တူနှစ်သင်းဆုံတွေ့တာမို့ အပြန်အလှန် ထိုးဖောက်ကစားမှုတွေနဲ့ ကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။ ဘက်တစ်ရဲ့ အိမ်ကွင်းမှာ ဆီဗီလာတို့ နောက်ဆုံး၀င်းပွဲကစားခဲ့တာကြည့်ရင် ဘက်တစ်ဟာ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ဆီဗီလာတို့ကတော့ နှစ်ပွဲနိုင်ထားပါတယ်။ လက်ရှိခြေစွမ်းအရ ဆီဗီလာရဲ့ ကြိုးစားမှုတွေက ရလဒ်ကောင်းကို ဖော်ဆောင်သွားပါလိမ့်မယ်။

ဒီပို့တီဗိုနှင့် အီဘာ

စွမ်းဆောင်မှုတွေ ကျဆင်းနေတဲ့ အီဘာရဲ့ တိုက်စစ်မျှားတွေလည်း တစ်ဂိုး ရရှိဖို့တောင် ခက်ခဲနေပါတယ်။ ဒီပို့တီဗိုတို့ကတော့ ပုံမှန်ခြေစွမ်းရရှိနေပြီး တိုက်စစ်ရော ခံစစ်မှာပါ ဟန်ချက်ညီအောင် အားထုတ်နိုင်နေပါတယ်။ ဒီပို့တီဗိုနဲ့ အီဘာတို့ရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်မှာ ဒီပို့တီဗိုတို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒီပို့တီဗိုရဲ့ အားသာချက်က အိမ်ကွင်းမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ နိုင်ပွဲရလိုစိတ်မြင့်မားစွာနဲ့ ကစားတာပဲဖြစ်ပါတယ်။ အီဘာတို့က ကွင်းလယ်ကစား အား ကျဆင်းနေပြီး တိုက်စစ်ကို ပံ့ပိုးမှုအပိုင်းလည်း လိုအပ်ချက်တွေရှိနေတာမို့ ဒီပွဲမှာ ဒီပို့တီဗိုတို့ပဲ နိုင်ပွဲရအောင် ဆောင်ကြဉ်းသွားပါလိမ့်မယ်။

ဗလင်စီယာနှင့် ဂီတာဖေ

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုကိုကြည့်ရင် ဗလင်စီယာ နှစ်ပွဲနိုင်ပြီး ဂီတာဖေးတို့က တစ်ပွဲနိုင်ထားပါတယ်။ ဗလင်စီယာတို့က နည်းပြသစ် ဂယ်ရီ နဗီးလ်ရဲ့ ကိုင်တွယ်မှုနဲ့အတူ ဂီတာဖေးကို ရင်ဆိုင်မှာဖြစ်လို့ စိတ်ဝင်စားစရာ ကောင်းနေတာတော့ အမှန်ပါပဲ။ အသင်းလိုက်ကစားအားမှာတော့ ဗလင်စီယာတို့က အားသာချက်ရှိနေပြီး ဂီတာဖေးတို့ ခြေကုန်ထုတ် ကစားရမယ့် အခြေအနေရှိပါတယ်။ ဂီတာဖေးတို့က တိုက်စစ်ပိုင်းအားနည်းသလို ခံစစ်မှားတွေကလည်း စိတ်ချရတဲ့အနေအထားမရှိတာမို့ အခုပွဲမှာ ဗလင်စီယာရဲ့ ဖိအားပေးကစားမှုအောက်မှာ အမှတ်လက်မဲ့နဲ့ အိမ်ပြန်ရက်နီးဆိုက်သွားနိုင်ပါတယ်။ နည်းပြသစ်ရဲ့ ပထမဆုံး အိမ်ကွင်းပွဲစဉ်မှာ ပရိသတ်တွေကို အောင်ပွဲခံတေး ကြူးရင့်စေပါလိမ့်မယ်။

အက်စ်ပန်ညီနှင့် လက်စ်ပယ်မက်

တန်းစီဇယား အောက်ဆုံးရောက်နေတဲ့ လက်စ်ပယ်မက်အတွက်တော့ ဒီပွဲဟာ အမှတ်ရဖို့ သိပ်တော့မလွယ်ပါဘူး။ အက်စ်ပန်ညီတို့က လောလော ဆယ်မှာတော့ ပုံမှန်ခြေစွမ်းရအောင် ကြိုးစားနေပြီး ဒီပွဲမှာ အမှတ်ဆုံးရှုံးမှု မရှိအောင် အားထုတ်ပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲ ရလဒ်ကိုကြည့်ရင် အက်စ်ပန်ညီတို့က နှစ်ပွဲနိုင်ပြီး လက်စ်ပယ်မက်တို့က တစ်ပွဲနိုင်ထားပါတယ်။

ဒါပေမယ့် လက်ရှိအခြေအနေအရ တန်းဆင်းဇုန်ထဲက ရုန်းထွက်ဖို့ အပြင်းအထန် အားထုတ်လာမယ့် လက်စ်ပယ်မက်ရဲ့ စွမ်းဆောင်မှုကိုလည်း မေ့ထားလို့မရပါဘူး။ ဒီနှစ်သင်းရဲ့ လာလီဂါသမိုင်းမှာ တွေ့ဆုံမှုပွဲတွေကို ကြည့်ရင် အက်စ်ပန်ညီက ၂၅ ပွဲနိုင်ပြီး လက်စ်ပယ်မက်တို့က ၂၂ ပွဲနိုင်ကာ ၁၃ ပွဲ သရေကျထားပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်း ကွာဟမှု မကြီးမားတဲ့ ဒီပွဲမှာတော့ အက်စ်ပန်ညီတို့ အိမ်ကွင်းမှာဆိုပေမယ့် အမှတ်ပြည့်ရဖို့ဆိုတာ ခက်ခက်ခဲခဲ ကြိုးစားမှရပါလိမ့်မယ်။ ။

တစ်ဦးချင်း ဂိုးသွင်းစွမ်းရည်ကြောင့် စီရော်နယ်ဒို ကမ္ဘာ့အကောင်းဆုံးဆုဆွတ်ခူးနိုင်

စီရော်နယ်ဒိုနဲ့ မက်ဆီတို့ဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုဖြစ်တဲ့ ဘော်လွန်းဒီဗောဆု ဆွတ်ခူးဖို့ ဆန်ခါတင် ရွေးချယ်ခံထားရသူတွေဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ အသင်းအောင်မြင်မှုထက် တစ်ဦးချင်းစွမ်းရည်ကြောင့် ဒီနှစ် အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးသွားနိုင်တယ်လို့ ပေါ်တူဂီ ဂန္ထဝင်ဘောလုံးသမားကြီး လူးဝစ်ဖီဂိုက ဆိုပါတယ်။ စီရော်နယ်ဒိုဟာ ဒီကမ္ဘာ့ အကောင်းဆုံးဘောလုံးသမားဆုကို သုံးကြိမ်တိုင် ဆွတ်ခူးထားသူဖြစ်ပါတယ်။ စီရော်နယ်ဒို၊ မက်ဆီနဲ့ နေမာတို့ဟာ ဆန်ခါတင်ရွေးချယ်ခံထားရသူတွေဖြစ်ပါတယ်။ စီရော်နယ်ဒိုဟာ ပြီးခဲ့တဲ့နှစ်က ဖလားတစ်လုံးမှ ဆွတ်ခူးနိုင်ခဲ့ခြင်း မရှိခဲ့ပေမယ့် ရီးရဲမက်ဒရစ်အသင်းနဲ့ နိုင်ငံကိုယ်စားပြုကစားရာမှာ ၅၃ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဘာစီလိုနာက ပြီးခဲ့တဲ့နှစ်မှာ ချန်ပီယံလိဂ်၊ လာလီဂါနဲ့ ကိုပါဒယ်ရေးဖလားတွေကို ဆွတ်ခူးခဲ့ပါတယ်။ စီရော်နယ်ဒိုရဲ့ တစ်ဦးချင်း စွမ်းရည်ဂိုးသွင်းနိုင်မှုဟာ မက်ဆီနဲ့ နေမာတို့ထက် သာလွန်ခဲ့ပါတယ်။ ဒီအတွက် စီရော်နယ်ဒိုက ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးသွားနိုင်တယ်လို့ ဆိုပါတယ်။

မော်ရင်ဟိုကို အလုပ်ပြုတ်ရင် ချယ်လ်ဆီး ပေါင်သန်း ၄၀ လျော်ရဖွယ်ရှိ

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကို အလုပ်ဖြုတ်ဖို့ ဘုတ်အဖွဲ့က စောင့်ကြည့်နေတာကြာပါပြီ။ ပြီးခဲ့တဲ့ ပွဲစဉ် (၀၆) မှာ ချယ်လ်ဆီးအသင်းက လက်စတာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားတဲ့အတွက် ဒီနှစ်ထဲမှာ ချယ်လ်ဆီးရဲ့ ပရီမီယာလိဂ် ရှုံးနိမ့်မှုဟာ ကိုးပွဲရှိပြီဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း မော်ရင်ဟိုကို အလုပ်ဖြုတ်ဖို့ ချယ်လ်ဆီးတို့ ပြင်ဆင်ရပြီဖြစ်ပါတယ်။ ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းဟာ ဒီပွဲမှာ ရှုံးနိမ့်သွားတဲ့အတွက် တန်းဆင်းဇုန်အထက်မှာ တစ်မှတ်အသာနဲ့ရပ်တည်လျက်ရှိပါတယ်။ ဒီအတွက်ကြောင့်လည်း မော်ရင်ဟိုကို အလုပ်ဖြုတ်ဖို့ ချယ်လ်ဆီး တာဝန်ရှိသူများ အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးရဲ့ ရလဒ်တွေအရ မော်ရင်ဟိုကို အလုပ်ဖြုတ်ဖို့ ဆုံးဖြတ်ချက်ချနိုင်လိမ့်မယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာဟင်မိုဗစ်အနေနဲ့ မော်ရင်ဟိုကို အလုပ်ဖြုတ်ခဲ့မယ်ဆိုရင် ပေါင်သန်း ၄၀ လျော်ကြေးပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် လည်း မော်ရင်ဟိုကို အလုပ်ဖြုတ်ဖို့ တွန့်ဆုတ်နေကြပါတယ်။ ပေါ်တူဂီသား မော်ရင်ဟိုဟာ ၂၀၁၃ ခုနှစ်က ချယ်လ်ဆီးသို့ ပြန်လာခဲ့ပြီး နောက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။

အဲဗာတန်မှာ ဆက်ရှိနေမယ့် ဝေ်န်စတုန်း

အဲဗာတန် နောက်တန်းခံစစ်မှူး ဝေ်န်စတုန်းကို ချယ်လ်ဆီးက ခေါ်ယူဖို့ အကြိမ်ကြိမ်ကြိုးစားနေပေမယ့် ရာသီကုန်အထိ အဲဗာတန်နဲ့အတူ ဆက်ရှိနေမယ်လို့ဆိုပါတယ်။ လာမယ့် ဇန်နဝါရီလ အပြောင်းအရွှေ့မှာ ဝေ်န်စတုန်းကို အရခေါ်ယူဖို့ ချယ်လ်ဆီးက ထပ်မံကြိုးစားလာပါတယ်။ မနီစီးတီးနဲ့ မန်ယူတို့ကလည်း ဝေ်န်စတုန်းကို ခေါ်ယူဖို့ အပြိုင်ကြိုးစားနေတယ်လို့ဆိုပါတယ်။ ဥရောပချန်ပီယံရှစ်အပြီးမှာ ဝေ်န်စတုန်းအနေနဲ့ ထိပ်တန်းကလပ်တွေကို ပြောင်းဖို့ ပြန်လည်စဉ်းစားနေပြီလို့ ဆိုပါတယ်။ ဝေ်န်စတုန်းကတော့ အဲဗာတန်မှာပဲ ရာသီကုန်အထိ ဆက်လက်ရှိနေမယ်လို့ ဆိုပါတယ်။ အင်္ဂလန်ကစားသမား ဝေ်န်စတုန်းဟာ ပရီမီယာလိဂ် ထိပ်တန်းကလပ်တွေ ပစ်မှတ်ထားနေတဲ့ နောက်တန်းကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ ရှိုင်ဟော့ဆန်ရဲ့ အင်္ဂလန် အသင်းနဲ့အတူ ယူရို ၂၀၁၆ မှာ ပါဝင်ကစားမယ့်သူလည်း ဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်

" ကျေးဇူးအထူးတင်ရှိခြင်း "

" Shwe FM 6th Anniversary " ဂီတဆု ချီးမြှင့်ခြင်းနှင့် ဝတ္ထုဖြေပွဲကြီးအား ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ ရုပ်ရှင်၊ သဘင် ၊ ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များ ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများအားလုံး ၊ ဆုချီးမြှင့်ပေးပါသော ရွှေသံလွင် နာယကကြီး ဒေါ်နီနီ နှင့် ချီးမြှင့်ပေးကြသည့် လူကြီးမင်းများ ၊ Sponsor များဖြစ်ကြသည့် ရွှေနန်းတော်စိန်ဝန်ရုံရတနာဆိုင် ၊ ဆန်းနေကြာ ၊ I-MAX Co.,Ltd နှင့် ရွှေငြားဆု ချီးမြှင့်ပေးသည့် ရွှေနန်းတော်စိန်ဝန်ရုံရတနာဆိုင် ၊ အောင်သမာဓိစိန်ရွှေရတနာဆိုင် ၊ ဝမ်းလီစိန်ရွှေရတနာဆိုင် ၊ SMS Voting Sponsor Blue Ocean Operating Management မီးအလှဆင်ပေးသည့် ဓဉ္ဇကျားတိုက် ၊ မန်အလှဆင်ပေးသည့် ညီသစ် (Floral) ၊ စက်ပိုင်းဆိုင်ရာ DM-4 ၊ ဗရိသတ်များအား စားသောက်ဖွယ်ရာများနှင့် ကူညီပေးသည့်ကုမ္ပဏီများ ၊ Golden Fashion Concert အတွက် ကူညီပေးသည့် နာမည်ကျော် ဒီဇိုင်နာများ ၊ နာမည်ကျော် မိတ်ကပ်ပညာရှင်များ မိတ်ကပ်တိုးတိုး (Cover Mark) ၊ Super Model များ ၊ Miss များ ၊ ဘရပ်ဒေဆောင်မင်းသမီးများ ၊ မိတ်ကပ်မြတ်နိုးကျော်၊ မိတ်ကပ်ဝေဝေ နှင့် Bo Bo Entertainment မှ ကိုဘိုဆန်း ၊ ရွှေတိုင်းရွှေပြည် ရွှေဒေသအသီးသီးမှ အစဉ်အမြဲ အားပေးကြသော ရွှေပရိသတ်များအားလုံး၊ Free To Air Live Special Team ၊ Event Team ၊ MNTV ၊ Channel-9 နှင့် Shwe FM မဝန်ထမ်းများအားလုံး (အားလုံး) ကိုအထူးပင်ကျေးဇူးတင်ရှိပါသည်။ တစ်စုံတရာလိုအပ်ချက်များရှိပါက Shwe FM ၏ ရွှေမိတ်ဆွေများအားလုံး နားလည်ခွင့်လွှတ် ပေးပါရန် အနုးအညွှတ်ဒေတာင်းပန်အပ်ပါသည်။

အစဉ်သလားတေးလျှောက်

Shwe FM Radio

Live Broadcasting Sponsor

Gold Sponsor

Radio Live Sponsor

" ဂုဏ်ယူဝမ်းမြောက်ကြောင်း "

" Shwe FM Radio " မှ ချီးမြှင့်သော ၂၀၁၅ ခုနှစ်အတွက် ဂီတဆုးဖွန်ဆုများအား ထိုက်တိုက်တန်တန် ရရှိသွားကြသည့် အရောင်းရဆုံးတေး Album ထိပ်တန်းထုတ်လုပ်သူဆု Bo Bo Entertainment ၊ Online မှ တစ်ဆင့် ရွှေ FM သို့ အဝေဘောင်းဆိုခံရဆုံး (အမျိုးသား) တေးသံရှင်ဆု ဖြိုးပြည့်စုံ၊ Online မှတစ်ဆင့် ရွှေ FM သို့ အဝေဘောင်းဆိုခံရဆုံး (အမျိုးသမီး) တေးသံရှင်ဆု ဂေးဇင်း ကိုယ်တိုင်ဇန်တီးရေးသား သီဆိုသူဆု တေးသံရှင် ဝန ၊ မြန်မာသံစဉ် ထုတ် Album ဆု ဝိုးဆိစံ ၊ Shwe Fm ၌ အဝေဘောင်းဆိုခံရဆုံး (အမျိုးသား) ထူးသံရှင်ဆု ရဲရင့်ဇောဝင် ၊ Shwe Fm ၌ အဝေဘောင်းဆိုခံရဆုံး (စုံတွဲ) တေးသံရှင်ဆု ဝိုင်းစုဝိုင်သိန်း နှင့် ထိုတေး ၊ ရွေပရိသတ်များမှ SMS အများဆုံးပေးပို့လာခဲသော Fashion အကျော်ဆုံး (အမျိုးသား) ပွဲတက်ဝတ်စုံဆု သရဖူဆောင် ဟော်ဒယ်လ် ဇောင်ဝေး ၊ ရွေပရိသတ်များမှ SMS အများဆုံးပေးပို့လာသော Fashion အကျော်ဆုံး (အမျိုးသမီး) ပွဲတက်ဝတ်စုံဆု ရွှမ်ရွှင်နှင့် ဝီဒီယိုသရုပ်ဆောင် အိဇော်ပို တို့အား အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။ အနုပညာရွှေဝိုးတလျှောက် ဆောင်မြင်မှုများဆက်လက်ရရှိနိုင်ပါစေး

Shwe FM Radio

Congratulations and Felicitations

To Kospa Company Ltd, Yangon on the grand opening of

" KOSPA Yangon Cold Storage "

No.8, Landmark 505,Holding No.(19,20,21), on No.3,High Way Road,Yay Ta La Bon Village,Hlae Gu Township.

EON Engineering & General Trading Co.,Ltd. , supplier and installer of cold room panels and refrigeration equipment.

Unit (908)A, Yuzana Tower, 66 Shwe Gone Taing,Bahan Township,Yangon.

Ph: 951-558241,558273,558469

လိုင်မြို့နယ် ISM ကျောင်း နှင့် သီရိမင်္ဂလာဈေးအနီး

အဝင်ပေးရန်မလို

ဘဝနှစ်ခု ငွေချေစနစ်

မြကန်သာ CONDOMINIUM

လစဉ် (၆သိန်း) ခန့်

19/20-Dec 2015

လှည်းတန်းစင်တာ

(၁၀)နှစ်သားရောင်းမည်

ဂုဥ - ဒေါ်မြကန်သာ(၄)လမ်း (ဖ)မိုင်းကွက်၊ လိုင်မြို့နယ်

Merry Christmas Promotion စုတ်ကြီးစုမိစုစဉ်

GNC LIVE WELL

Buy Any

One item - Get 5% Off

Two items - Get 10% Off

Three items & Above - Get 15% Off

Promotion Period

19th to 31st .Dec.2015

Special Promotion

Buy Stem C 1 box

Get

102,000 ks တန် Collagen Essence 1 box free

Made in USA

Wynn Land International Co., Ltd.

လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်
Open Tender ခေါ်ယူခြင်း
တင်ဒါအမှတ် -၄/၂၀၁၅-၂၀၁၆

၁။ ရန်ကုန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်လက်အောက်ရှိ မာန်အောင်ဖြူနယ်မှ တာဝန်ယူဆောင်ရွက်သည့် မာန်အောင်ကျွန်းပတ်လမ်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကတ္တရာခင်းခြင်းလုပ်ငန်း၊ ဖြန့်ကျောက်ခင်းခြင်း လုပ်ငန်းများအတွက် အောက်ပါ လမ်းလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ဝယ်ယူမည့်ပစ္စည်း	စဉ်	ဝယ်ယူမည့်ပစ္စည်း	စဉ်	ဝယ်ယူမည့်ပစ္စည်း
၁။ ၄။	၂" -၄" ကျောက် Chipping	၃။ ၅။	၃" < ကျောက် B-fine	၃။ ၆။	၁" -၂" ကျောက် ဖြန့်ကျောက်စရစ်

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၂၃-၁၂-၂၀၁၅ ရက်
တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူမြို့။
တင်ဒါဖွင့်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူမြို့။
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၉-၁၂-၂၀၁၅ ရက်၊ နံနက် ၉း၀၀ နာရီ

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၄၃-၄၆၀၃၃

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်တက္ကသိုလ်
(Center of Excellence) များသို့ ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(ဖ)ခု (နာဂ၊ ဓနု၊ ပဏ္ဍိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများမှ ၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ထားသူများအား အဆင့်မြင့် တက္ကသိုလ် (Center of Excellence)များဖြစ်သည့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေး နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ရာမာနာပုံဆိုင်ဘာစီးတီး)၊ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ သတင်းအချက်လက်နည်းပညာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်များတွင် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ ဝင်ခွင့် လျှောက်ထားနိုင်ပါသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးသည် တည်ဆဲ နိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။
(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပဏ္ဍိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများတွင် အခြေနေထိုင်သူဖြစ်ရမည်။
(ဂ) အခြေခံပညာအဆင့်မတန်း၊ နဝမတန်း၊ တက္ကသိုလ်ဝင်တန်းများကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများရှိ အခြေခံပညာအထက်တန်းကျောင်း များမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ (သို့မဟုတ်) အထက်တန်း ကျောင်း/စာစစ်ဌာန မရှိခြင်းနှင့် အထက်တန်းကျောင်းရှိသော်လည်း သိမ်ဟာသာတွဲ မရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးဗြို့နယ်ရှိ အထက်တန်းကျောင်းများတွင် တက်ရောက်၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများဖြစ်ရမည်။
(ဃ) ၂၀၁၅ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောက်ဖော်ပြပါဘာသာသုံးများဖြင့် အောင်မြင်ထားသူများဖြစ်ရမည်-
(၁) ဗြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၂) ဗြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ သင်္ခိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သခ္ခါ၊ ဂဏိတ၊ ရူပဗေဒ၊ ဓာတုဗေဒ

၂။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပူးတွဲ တင်ပြရမည်-
(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ရမှတ် စာရင်း(မူရင်း) (၁)စောင်
(ခ) အထက်အပိုဒ်(၁)ပါ ဒေသများရှိ ကျောင်းများတွင် (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနများမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)များ
(ဂ) အိမ်ထောင်စုဓာတ်မိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက် နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်
(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူများ၊
(င) လိုင်စင်ဓာတ်ပုံအရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံ၊

၃။ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းပညာရေးဗဟိုရုံး/ပြည်နယ် ပညာရေးဗဟိုရုံးများတွင် လည်းကောင်၊ အဆင့်မြင့်တက္ကသိုလ်များတွင်လည်းကောင်း၊ ကျောင်းသားရေးရာဌာနစု၊ စက်မှုနည်းပညာဗဟိုတင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာန၊ နေပြည်တော်တွင်လည်းကောင်း (၂၁-၁၂-၂၀၁၅)ရက်မှ (၂၈-၁၂-၂၀၁၅)ရက်အတွင်း အခမဲ့ထုတ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာများကို လျှောက်လွှာစတင်ထုတ်ယူသည့်ရက်မှ စတင်၍ (၂၉-၁၂-၂၀၁၅) ရက်အထိ စက်မှုနည်းပညာဗဟိုတင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရန် ဖြစ်ပါသည်။

၅။ သတ်မှတ်လျှောက်လွှာစိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားခြင်းမပြုတော်ပါ။

၆။ သတ်မှတ်ချက်များနှင့် ကိုက်ညီသော လျှောက်လွှာများကို အဆင့်မြင့်တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးကော်မတီမှ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၇။ အဆင့်မြင့်တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက စက်မှုနည်းပညာဗဟိုတင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၄၃၆၈၊ ၀၆၇-၄၀၄၃၁၅၂၆၈၊ ၀၆၇-၄၀၄၃၁၅၂၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

၈။ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ခြင်းခံရသူစာရင်းအား ၂၀၁၆ခုနှစ်၊ ဧစ်နှဝါရီလ(၁)ရက်တွင် အဆင့်မြင့်တက္ကသိုလ်များနှင့် ကျောင်းသားရေးရာဌာနစု(ရုံးခန်း)၊ စက်မှုနည်းပညာဗဟိုတင် ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ နေပြည်တော်၌ ကြေညာပေးသွားမည်ဖြစ်ပါသည်။

(မှတ်ချက်။ ။ လျှောက်လွှာများအား အစိုးရရုံးပိတ်ရက်များတွင်လည်း လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားပေးမည်မဟုတ်ပါ။)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
သစ်တောတက္ကသိုလ်၊ ရေဆင်း
နေပြည်တော်
ကြေညာချက်
သတ္တမအကြိမ်ဘွဲ့နှင့်ဒီပလိုမာသင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောတက္ကသိုလ်က ကျင်းပခဲ့သော အောက်ဖော်ပြပါ သက်ဆိုင်ရာ ဘွဲ့စာမေးပွဲအသီးသီးကို ယှဉ်တွဲဖော်ပြပါနှစ်များအလိုက် ပေါက်မြောက်အောင်မြင်ခဲ့ပြီးသူများသည် ၂၀၁၆ခုနှစ် ဧစ်နှဝါရီလအတွင်းကျင်းပမည့် သစ်တောတက္ကသိုလ် သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

(က) သိပ္ပံ(သစ်တောပညာ)ဘွဲ့ - ၂၀၁၄ ခုနှစ် ဧကတင်ဘာလမှ ၂၀၁၅ ခုနှစ် ဧကတင်ဘာလအထိ စာမေးပွဲများ
(ခ) ဟောသိပ္ပံ(သစ်တောပညာ)ဘွဲ့ - ၂၀၁၅ ခုနှစ် ဧနှဝါရီလမှ ဒီဇင်ဘာလအထိ

၂။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မတိုင်မီသက်ဆိုင်ရာဘွဲ့အသီးသီးကို ပေါက်မြောက် အောင်မြင်ခဲ့ကြသည့် ဘွဲ့ယူရန် မလျှောက်ထားခဲ့သူများသည် မိမိတို့ရရှိသည့် ဘွဲ့အတွက် အဝေးရောက်ဘွဲ့ကို လျှောက်ထားနိုင်သည်။

၃။ လျှောက်ထားသူသည် ယခုလျှောက်လွှာမခေါ်ယူမီ တစ်လအတွင်း ရိုက်ကူးထားသော (၂လက်မ×၁ဒသမ၅လက်မ)အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသား စိစစ်ရေးကတ်မိတ္တူနှင့်အတူ အောက်ဖော်ပြပါသတ်မှတ်ပုံစံအတိုင်း (A4 Size) အရွယ် စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လျှောက်ထား နိုင်သည်။

၄။ ဘွဲ့လျှောက်လွှာကို သစ်တောတက္ကသိုလ်သို့ ၁-၁-၂၀၁၆ ရက် နောက်ဆုံး ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်ထားသူများသည် တက်ရောက်ဘွဲ့ယူရန် ဘွဲ့နှင်းသဘင်ကြေး ၅၀၀၀/-(ကျပ်ငါးထောင်တိတိ) (သို့မဟုတ်) အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး ၄၅၀၀/-(ကျပ်လေးထောင်ငါးရာတိတိ)ပေးသွင်းရမည်။

၆။ လျှောက်လွှာများကို သစ်တောတက္ကသိုလ်သို့ ကိုယ်တိုင်လာရောက်တင်သွင်း နိုင်သည်။ (သို့မဟုတ်) စာတိုက်မှပေးပို့ လျှောက်ထားနိုင်သည်။

၇။ စာတိုက်မှတစ်ဆင့် လျှောက်ထားသူများသည် သတ်မှတ်ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပါဆောက်ချုပ်၊ သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ လိပ်မူပေးပို့၍ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင် ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲ အောင်မြင်သည့်ခုနှစ်၊ ခုံအမှတ်တို့ကို တိကျစွာဖော်ပြရမည်။

၈။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ဘွဲ့ယူမည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူမည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးမည်။

၉။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာ့ဓလေ့ထုံး တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို ဝတ်စုံပြည့် ဝတ်ဆင်၍ တက်ရောက်ကြရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝ ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ ဘွဲ့ဝတ်စုံ ငှားယူခွင့်ထောက်ခံစာကို ၂၀-၁-၂၀၁၆ရက်မှစ၍ မော်ကွန်းထိန်း ရုံးခန်း၌ ထုတ်ပေးမည်။

၁၁။ ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်
အစမ်းလေ့ကျင့်မည့်နေ့ရက်နှင့် အချိန် - ၂၀၁၆ ခုနှစ် ဧနှဝါရီ ၂၂ ရက် (သောကြာနေ့) မွန်းလွဲ ၁း၀၀ နာရီ
ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်နှင့်အချိန် - ၂၀၁၆ ခုနှစ် ဧနှဝါရီ ၂၃ ရက် (စနေနေ့) နံနက် ၈း၀၀ နာရီ

၁၂။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၆၁၉ သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

အမိန့်အရ-
(မောင်မောင်လွင်)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်။ **မော်ကွန်းထိန်း**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
သစ်တောတက္ကသိုလ်၊ ရေဆင်း
နေပြည်တော်
ဘွဲ့လျှောက်လွှာ
သတ္တမအကြိမ်ဘွဲ့နှင်းသဘင်

ဓာတ်ပုံ

၁။ အမည်(မြန်မာလို).....
၂။ အမည်(အင်္ဂလိပ်လို).....
၃။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်.....
၄။ မွေးသက္ကရာဇ်(ခရစ်နှစ်).....
၅။ လူမျိုး ..... ကိုးကွယ်သည့်ဘာသာ.....
၆။ အဖအမည်(မြန်မာလို) ..... အမိအမည်.....
၇။ အဖအမည်(အင်္ဂလိပ်လို) .....
၈။ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်.....
.....
၉။ အခြေတမ်းနေရပ်လိပ်စာနှင့် ဖုန်းနံပါတ်.....
.....
၁၀။ လျှောက်ထားသောဘွဲ့အချီးအစား (ဓလ့ိသည်ကိုဏ္ဍက်ပါ)
(က) သိပ္ပံ(သစ်တောပညာ) (ခ) ဘွဲ့လွန်ဒီပလိုမာ(သစ်တောပညာ)
(ဂ) မဟာသိပ္ပံ(သစ်တောပညာ) (ဃ) မဟာသိပ္ပံ(သစ်တောထွက်ပစ္စည်းပညာ)
၁၁။ ဧကာဆုံးဖန်(ဘွဲ့)စာမေးပွဲအောင်မြင်သည့် ခုနှစ်.....
ခုံအမှတ် .....
တက္ကသိုလ်မှတ်ပုံတင်အမှတ် .....
၁၂။ လျှောက်ထားလိုသည့်တစ်ခုကို ရွေးချယ်ရန်။

ဘွဲ့နှင်းသဘင်တက်ရောက်ပါမည်။	အဝေးရောက်ဘွဲ့ယူပါမည်။

.....
လျှောက်ထားသူ၏ထိုးမြဲလက်မှတ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)ရုံး၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ ရွှေဘိုမြို့၊ အုပ်ချုပ်မှုအောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ရာဇဂြိုဟ်ဘက်စုံရေလောင်တမဲစီမံကိန်းရှိ စက်၊ ယာဉ်များအတွက် လိုအပ်သော ၁၀.၀၀× ၂၀ တာယာနှင့် ကျွတ် (၃၀)စုံကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(၂) အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာယူရန်** - ၁၇-၁၂-၂၀၁၅ ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါဝိတ်မည့်ရက်** - ၂၃-၁၂-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)၊ ညနေ ၄ နာရီ
(ဂ) **တင်ဒါတင်သွင်းရန်** - လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု)ရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန၊ ရွှေဘိုမြို့။

(၃) အသေးစိတ်သိလိုပါက ဖုန်း-၀၇၅-၂၀၂၄၁ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၀၉
(ကွယ်လွန်သူ ဦးညီညီလင်း၏ ကျန်ရှိရရစ်သောပစ္စည်းအကြောင်း)

ခေါ်ထက်ထက်ဦး လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၄ ရပ်ကွက်၊ လမ်း ၂၀၊ ဒုတိယထပ်၊ အမှတ် ၁၃၂ နေ ခေါ်ထက်ထက်ဦးက ကွယ်လွန်သူ ဦးညီညီလင်း၏ ဧနှီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်း ဒေသကြီး၊ လသာမြို့နယ်၊ ၄ ရပ်ကွက်၊ လမ်း ၂၀၊ ဒုတိယထပ်၊ အမှတ်(၁၃၂)နေ ၎င်းကွယ်လွန်သူ ဦးညီညီလင်းမှာ ကျန်ရှိရစ်သော ဘဏ်လက်ကျန်ငွေအပေါ် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရင်းပိုင်း ဤကဲ့သို့ လျှောက်ထားချက် ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြစေခြင်းငှာ ကြော်ငြာ သည်မှာ ၎င်းကွယ်လွန်သူ ဦးညီညီလင်းမှာ ကျန်ရစ်သောဘဏ်ပစ္စည်းများအပေါ်၌ ရရှိရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၇၇ခုနှစ် နတ်တော်လေးပြည့် ကျော် ၄ရက်) နံနက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် အထက်အပြည်ပါ လျှောက်ထားသူ၏ လျှောက်ထားချက်ကိုမှကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်လေးမြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ မြေကွက်ဝယ်ယူခြင်းအား အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အရှင်းဆုံးပြောရမယ်ဆိုရင် အချို့အချို့သော ကျွမ်းကျင်သူတွေက မန်ယူအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲကနေထွက်ရခြင်းကြောင့် ပြည်တွင်းပြိုင်ပွဲတွေအပေါ် ပိုပြီးအာရုံစိုက်နိုင်မယ်။ ပြည်တွင်းပြိုင်ပွဲဆိုတာကလည်း မန်ယူအတွက် လက်ရှိအခြေအနေမှာ ပရီမီယာလိဂ်နဲ့ အက်ဖ်အေဖလားနှစ်ခုသာကျန်တယ်။ အဲဒီမှာ အက်ဖ်အေဖလားဆိုတာက ကံကောင်းမှပေါ် အခြေတည်ပြီး ပြိုင်ဘက်ရဲ့အင်အားအတိုးအဆုတ်ရှိသလို စဉ်ဆက်မပြတ်ကစားရတဲ့ ပြိုင်ပွဲမျိုးလည်းမဟုတ်တော့ တကယ်လို့သာ မန်ယူအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲကနေထွက်ရပြီးတဲ့နောက်ပိုင်း ပြည်တွင်းပွဲတွေကိုသာ အာရုံစိုက်ရင်းက ပရီမီယာလိဂ်မှာလည်း မနှစ်ကထက်မြင့်တဲ့အဆင့်တစ်ခုကိုရမယ်။ ဒါပေမယ့်ပေါ့။ တချို့တချို့သော ကျွမ်းကျင်သူတွေကတော့ အဲဒီအယူအဆရဲ့နောက်မှာ ထောက်ကွက်နှစ်ခုထောက်ပြကြတယ်။ တစ်အချက်က မန်ယူအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတာမှန်သော်ငြား အဲဒီလို ချန်ပီယံလိဂ်ကထွက်ရခြင်းဟာ ဥရောပပွဲတွေနဲ့ အပြီးသတ်ဝေးကွာမှုမဟုတ်ခြင်းနဲ့ နှစ်အချက်အဖြစ် မန်ယူရဲ့ ပကတိအရှိတရားတို့ကို ထောက်ပြကြတာပဲဖြစ်တယ်။ အထူးသဖြင့် မန်ယူဟာ ချန်ပီယံလိဂ်အုပ်စုအဆင့်က ထွက်ရတယ်ဆိုသော်ငြား အုပ်စုတတိယဖြစ်ခဲ့လို့ ယူရိုပါလိဂ် ဝင်ကစားရမယ်။ ဒီတော့ အထက်မှာပြောခဲ့သလို မန်ယူအနေနဲ့ ပြည်တွင်းပွဲတွေအပေါ်မှာသာ အာရုံအပြည့်ထားနိုင်ပါ့မလား။ အဲဒါကို တချို့တချို့သောကျွမ်းကျင်သူတွေက သံသယရှိကြတယ်။

ပြောမယ်ဆိုရင်ပေါ့။ ယူရိုပါလိဂ်ဆိုတာက အရင်ကအသင်းကြီးတွေကို မဆွဲဆောင်နိုင်ဘူးဆိုတာက မှန်တယ်။ ဘာကြောင့်လဲဆိုတော့ ယူရိုပါလိဂ်ဟာ အရင်ကပုံရိပ်အရလည်း ချန်ပီယံလိဂ်ကို မမီဘူး။ ဝင်ငွေအရမှာလည်း ချန်ပီယံလိဂ်ကိုမမီဘူး။ ဒီတော့ အခန့်မသင့်လို့ ချန်ပီယံလိဂ်ကထွက်ရတဲ့အသင်းကြီးတွေဟာ ယူရိုပါလိဂ်ရောက်ခဲ့ရင်တောင်မှ ယူရိုပါလိဂ်ကို ဦးစားမပေးဘဲ ပြည်တွင်းပြိုင်ပွဲကို ပိုမိုဂရုစိုက်ကာ ပြည်တွင်း ပြိုင်ပွဲတွေမှာ ချန်ပီယံဖြစ်ဖို့နဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကို ပိုပြီးဦးစားပေးတယ်ဆိုသော်ငြား။ လက်ရှိအချိန်မှာ ယူရိုပါလိဂ်ရဲ့ အသွင်အပြင်က အပြောင်းအလဲဖြစ်နေပြီ။ အထူးသဖြင့် ဒီနောက်ပိုင်းမှာ ယူရိုပါလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဆုရယူနိုင်တဲ့အသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့် ရမယ်။ ခြေစစ်ပွဲအဆင့်ကနေတောင် ဝင်ခွင့်ရတာမျိုးမဟုတ်ဘဲ အုပ်စုအဆင့်ကို တိုက်ရိုက်ဝင်ခွင့်ရတာမျိုးလည်းဖြစ်တော့။ အဲဒါဟာ အထည်ကြီးပျက်သဘောဆောင်တဲ့ အသင်းကြီးတွေအတွက် မက်လောက်စရာအကြောင်းတရားဖြစ်လာတယ်။

ပြောချင်တာက မန်ယူဟာ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ကထွက်ရတယ်။ အဲဒီမှာ ဥရောပပွဲတွေနဲ့ အပြီးသတ်ဝေးကွာမှုမျိုးမဟုတ်ဘဲ ယူရိုပါလိဂ်ဝင်ခွင့်ပြန်ရတယ်။ အဲဒီမှာ ဗန်ဟားလ်ဟာ သူကိုင်တွယ်ခဲ့တဲ့ နှစ်ရာသီအတွင်း အပြောင်းအရွှေ့အတွက် အသားတင်အသုံးပြုငွေ ပေါင်သန်း ၂၀၀ ကျော် ၃၀၀ နီးပါးရှိတယ်။ ဒါပေမယ့် မန်ယူဟာ အောင်မြင်မှုတစ်စုံတစ်ရာ မရဘူး။ဒီကြားကမှ အထက်မှာပြောခဲ့သလို ကစားကွက်ပိုင်းကအစ ရလဒ်အဆုံး ဖိအားတွေရှိတယ်။ မနှစ်ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ကိုတောင် ခက်ခက်ခဲခဲရယူခဲ့တာဆိုတော့ ဗန်ဟားလ်အနေနဲ့ ဒီရာသီမှာ အောင်မြင်မှုတစ်စုံတစ်ရာရယူပေးနိုင်ဖို့ လိုကိုလိုတယ်ဆိုတာထင်ရှားတယ်။ ဒီတော့ ဗန်ဟားလ်အနေနဲ့ ယူရိုပါလိဂ်ကို လက်လွှတ်နိုင်ပါ့မလား။

အထူးသဖြင့် ဒီရာသီမှာ ချန်ပီယံလိဂ်ကို အင်္ဂလန်ကနေ လေးသင်းဝင်ပြိုင်ရာမှာ မန်ယူတစ်သင်းတည်းသာ အုပ်စုအဆင့်ကနေ ထွက်ခဲ့ရတာ။ ကျန် အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီးတို့ အကုန်နောက်တစ်ဆင့်တက်နိုင်တယ်။ ဒီတော့ သိက္ခာအရပါ ဗန်ဟားလ်က တစ်ဆင့်နိမ့်ပြီ။ ဒါကြောင့် ဗန်ဟားလ်အနေနဲ့ ဥရောပအောင်ပွဲတစ်ခုရယူပေးနိုင်ခဲ့မယ်ဆိုရင် အသင်းအတွက်အောင်မြင်မှုတစ်ခု ရယူပေးနိုင်မှာဖြစ်သလို ဥရောပမှာ ကျဆင်းခဲ့ရတဲ့ ဂုဏ်သိက္ခာကိုလည်း ဆယ်တင်နိုင်မယ့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ကိုပါ အုပ်စုအဆင့်ကစရမယ်။ ဒီတော့ တစ်ချက်ခုတ် သုံးချက်ပြတ် အနေအထားအရ ဗန်ဟားလ်အနေနဲ့ ယူရိုပါလိဂ်ကို လက်လွှတ်ခံပါ့မလား။ တကယ်လို့ ယူရိုပါလိဂ်ကို အာရုံစိုက်ခဲ့ရင်ရော ပြည်တွင်းပြိုင်ပွဲတွေချည်း အာရုံစိုက်နိုင်ပါ့မလား။

တကယ်တော့ အခုထောက်ပြတဲ့ တစ်အချက်နဲ့ ထပ်ထောက်ပြမယ့် နှစ်အချက်က ကျွက်နုးရေပါသဘော ဆောင်တယ်။ ဆက်စပ်မှုရှိတယ်။ အရှင်းဆုံးပြောရရင် ဆိုခဲ့ပြီးတဲ့အတိုင်း မန်ယူဟာ ဗန်ဟားလ်လက်ထက်မှာ စွမ်းဆောင်မှုကအစ အားရစရာမရှိဘူး။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေလုံးဝမရှိဘူး။ ဒီတော့ အဲဒီလိုအခြေအနေမျိုးနဲ့ ယူရိုပါလိဂ်မှာရော အောင်ပွဲခံနိုင်ပါ့မလား။ ပြောရရင် ယူရိုပါလိဂ်ဆိုတာက ပြိုင်ဘက်ကန်းကျင်းအနေအထားအရ ချန်ပီယံလိဂ်လောက် ခက်ခဲမှုမရှိသော်ငြား သူတို့ရဲ့ပင်ကိုအားနည်းမှုအရ ယူရိုပါလိဂ်မှာပါ အောင်ပွဲရဖို့ အားစိုက်မှုတွေပိုခဲ့ရင်လည်း ပြည်တွင်းပွဲတွေအပေါ် အာရုံလျော့ပါးမှုနဲ့ အတူ ပြည်တွင်းပွဲတွေအပေါ်မှာရော အောင်ပွဲခံနိုင်ပါ့မလား။

ထပ်ပြောရရင် ဇန်နဝါရီမှာ အားဖြည့်နိုင်ခွင့်ရှိတယ်ဆိုသော်ငြား အခုလို ချန်ပီယံလိဂ်ကနေ ထွက်ခွာခဲ့ရမှုနဲ့အတူ အသင်းပုံရိပ်ကျဆင်းခြင်းနဲ့ လိုချင်တဲ့ကစားသမားကောင်းတွေကိုရော ဆွဲဆောင်နိုင်ပါ့မလား။ တကယ်လို့ လိုချင်တဲ့ကစားသမားတွေပါမဖြည့်နိုင်ခဲ့ရင် မန်ယူဟာ ပြိုင်ပွဲသုံးရပ်ကြားဆက်ပြီး အာရုံထွေပြားနေနိုင်သေးသလို ပင်ကိုအားနည်းမှုအရပါ ပြိုင်ပွဲတိုင်း အောင်ပွဲခံဖို့ ခက်ခဲတဲ့အခါ... သေချာတာကတော့ ချန်ပီယံလိဂ်ကထွက်ရခြင်းဟာ ဗန်ဟားလ်အတွက် အနာဂတ်စတင်လှုပ်ခတ်ခြင်းဖြစ်လိမ့်မယ်ဆိုတာတာပဲ ဖြစ်ပါတယ်။

မန်ယူဟာ ပြိုင်ပွဲသုံးရပ်ကြား ဆက်ပြီးအာရုံထွေပြားနေနိုင်သေးသလို ပင်ကိုအားနည်းမှုအရပါ ပြိုင်ပွဲတိုင်းအောင်ပွဲခံဖို့ခက်ခဲတဲ့အခါ.....သေချာတာကတော့ ချန်ပီယံလိဂ်ကထွက်ရခြင်းဟာ ဗန်ဟားလ်အတွက် အနာဂတ်စတင်လှုပ်ခတ်ခြင်းဖြစ်လိမ့်မယ်ဆိုတာတာပဲဖြစ်

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ရင်ဆိုင်ရမည့် ဂျူဗင်တပ်စ်အသင်းကို ဘိုင်ယန်မြူးနစ်နည်းပြ ကွာဒီယိုလာ ချီးကျူး

ဂျူဗင်တပ်စ်အသင်းသည် ဥရောပ၏ အကောင်းဆုံးအသင်းများအနက်မှ တစ်သင်းဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်း နည်းပြ ကွာဒီယိုလာက ချီးကျူးပြောဆိုလိုက်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခု နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း ရှုံးထွက်အဆင့်တွင် ဂျူဗင်တပ်စ်အသင်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဂျူဗင်တပ်စ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် စုစုပေါင်း ရှစ်ကြိမ်ဆုံတွေ့ခဲ့ဖူးပြီး ဘိုင်ယန်က လေးကြိမ်အနိုင်၊ ဂျူဗင်တပ်စ်က သုံးကြိမ်အနိုင်ရရှိခဲ့ကာ တစ်ပွဲသရေကျခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ဆီမီးဖိုင်နယ်အထိသာ တက်ရောက်နိုင်ခဲ့သော်လည်း ဂျူဗင်တပ်စ်အသင်းသည် ဝိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့ပြီး ဝိုလ်လုပွဲတွင် ဘာစီလိုနာအသင်းကို ၃-၁ ဖြင့် အရေးနိမ့်ခဲ့ရသည်။

သတင်းစာရှင်းလင်းပွဲတွင် နည်းပြ ကွာဒီယိုလာက "ဂျူဗင်တပ်စ်အသင်းဟာ ဥရောပရဲ့ အကောင်းဆုံးအသင်းတွေအနက်က တစ်သင်းပါ။ သူတို့ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဝိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့တယ်။ နောက်ပြီး ဂျူဗင်တပ်စ်က ခံစစ်မျှးလေးဦး ဒါမှမဟုတ် ခံစစ်မျှး ငါးဦးနဲ့ ကစားနိုင်တဲ့အသင်းလည်း ဖြစ်ပါတယ်။ ဂျူဗင်တပ်စ်ရဲ့ဆုံတွေ့တာကြောင့် ခက်ခဲတဲ့ပွဲဖြစ်လာမှာပါ။ ဒီရာသီအစမှာ ဂျူဗင်တပ်စ်ရဲ့ ခြေစွမ်းမတည်ငြိမ်ခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ပုံမှန်ခြေစွမ်း ပြန်လည်ရရှိနေပါပြီ"ဟု

ပြောသွားသည်။

ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ဘိုင်ယန်မြူးနစ်နှင့် ဂျူဗင်တပ်စ်အသင်းတို့အနက် မည်သည့်အသင်းသည် နောက်တစ်ဆင့်တက်ရန် ရေပန်းအစားဆုံးဖြစ်နေပါသလဲဟု မေးမြန်းမှုကို နည်းပြ ကွာဒီယိုလာက နှစ်သင်းစလုံး ဆတူအခွင့်အရေးရှိနေကြောင်း ဖြေဆိုသွားခဲ့သည်။

ဂျူဗင်တပ်စ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ဆုံတွေ့မှုတွင် ဂျူဗင်တပ်စ်တိုက်စစ်မှူး မန်ဇူကစ်သည် သူ၏ အသင်းဟောင်း ဘိုင်ယန်မြူးနစ်နှင့် ပြန်လည်ရင်ဆိုင်ရမည်ဖြစ်သည်။

ဘာစီလိုနာနည်းပြဟောင်း ကွာဒီယိုလာသည် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် ခရိုအေးရှားတိုက်စစ်မှူး မန်ဇူကစ် ၂၉ နှစ်အား ဘိုင်ယန်မြူးနစ်မှ အက်သလက်တီကိုသို့ ရောင်းချခဲ့သည်။

နည်းပြ ကွာဒီယိုလာက တိုက်စစ်မှူး မန်ဇူကစ်နှင့် ပတ်သက်၍ "ကျန်တော်နဲ့ မန်ဇူကစ်တို့ကြားမှာ ပြဿနာမရှိပါဘူး။ သူနဲ့ပြန်လည်ဆုံတွေ့ရမယ့်အတွက် ကျေနပ်မိပါတယ်"ဟု ပြောဆိုခဲ့သည်။

ထက်အောင်

မြန်မာ့အလင်း
၁၈-၁၂-၂၀၁၅ (သောကြာနေ့)
ပုံသွင်းရေးရာ ၃

တစ်ခါတုန်းက နယ်စပ်ဒေသမှာ (၇)

ခွဲကပင်တောင်အလှနှင့် ကရင်တိုင်းရင်းသားသွေးချင်းများ၏ ဒုံးယိမ်းအက။

နတလတွင် တာဝန်ထမ်းဆောင်စဉ် ကာလတစ်လျှောက် အရောက်အပေါက်နည်း သောဒေသများကို ပြောပါဆိုလျှင် မွန်၊ ကရင်၊ တနင်္သာရီဒေသများ ဖြစ်ပါသည်ဟု ကျွန်တော် ဖြေရပေမည်။ ယမန်နှစ်ကမှ အကြောင်း ညီညွတ်၍ ကရင်ပြည်နယ်၊ မြိုင်ကြီးဋ္ဌ/မဲသဝေါ ဒေသများသို့ ရောက်ဖြစ်ခဲ့၏။ သို့သော်ငြား လည်း ၁၉၉၅ ခုနှစ်တွင် နတလသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စဉ်ကတည်းက အဆိုပါ ဒေသများမှ ရောက်ရှိလာကြသော ငြိမ်းချမ်း ရေးအဖွဲ့အစည်းများစွာနှင့် ထိတွေ့ဆက်ဆံ ခဲ့ရသဖြင့် ကိုယ်တိုင် မွန်ပြည်နယ်၊ ကရင် ပြည်နယ်နှင့်တနင်္သာရီဒေသများသို့ ရောက်ဘိ အလား စိတ်တွင်ထင်မှတ်ခံစားခဲ့ရသည်။

ယင်းကာလများကို ပြန်လည်မှန်းဆ ကြည့်မိလေတိုင်း ကရင်ပြည်နယ်အတွင်း တရားဥပဒေဘောင်အတွင်း ပင်ရောက်လာ ကြသည့် KNU ဗဟိုကော်မတီဝင် ဖထီး ပဒိုအောင်ဆန်း ဦးဆောင်သော ဘုရားကုန်း ငြိမ်းချမ်းရေးအဖွဲ့၊ KNU တပ်မဟာ(၆) အဇင်းကျိုက်ခံဒေသမှ ဖထီးစောသမူဟဲ ခေါင်းဆောင်သော ငြိမ်းချမ်းရေးအဖွဲ့၊ သံတောင် မြောက်ပိုင်းဒေသမှ ဦးကိုကြီး ခေါင်းဆောင်သောအဖွဲ့နှင့် စောဖယ်ရီမိုး ခေါင်းဆောင်သောအဖွဲ့များ၊ မြိုင်ကြီးဋ္ဌဆရာ တော်ကြီး၏ ဩဝါဒကိုခံယူ၍ တရား ဥပဒေဘောင်အတွင်း ပင်ရောက်လာကြသော ဦးသာထူးကျော် ခေါင်းဆောင်သည့် DKBA တပ်ဖွဲ့ဝင်များကိုပြေး၍ မြင်ယောင်မိသည်။ သတ်မှတ်ထားသော နေရာများတွင် အခြေချ နေထိုင်ရေး၊ တပ်ဖွဲ့ဝင်မိသားစုများ ရေရှည် ဘဝရပ်တည်ရေးကိစ္စရပ်များ၊ မိမိတို့နယ်မြေ ဒေသအလိုက် ပညာရေး၊ကျန်းမာရေး၊စိုက်ပျိုး ရေး၊ မွေးမြူရေး၊ စွမ်းအင်၊ လမ်းတံတား အစ ရှိသည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ အတွက် ၎င်းတို့တတွေ ဝန်ကြီးရုံးကို ရောက် လာကြ၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေး မှူးချုပ်များနှင့် တွေ့ဆုံကြ၊ အခြားသော ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးကြ စသည်ဖြင့် များပန်းခပ်မျှ လှုပ်ရှားသွားလာ ကူညီဆောင်ရွက်ပေးခဲ့ကြရသည်။

KNU/KNLA မှ အဘ ဦးထိန်မောင်တို့ အတွက် ထိုကော်ကိုးကျေးရွာ၌ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက် ခဲ့ကြရသည်ကိုလည်း အမှတ်ရနေဆဲပင်။ ထိုနည်းတူစွာပင် မွန်ပြည်သစ်ပါတီမှ အဘ နိုင်ရွှေကျင်(ကွယ်လွန်)နှင့် တိုင်းရင်းသား ခေါင်းဆောင်များကိုလည်း ဝန်ကြီးများရုံး၌ မကြာမကြာ တွေ့ရတတ်သည်။ တနင်္သာရီ ဒေသတွင်မူ တရားဥပဒေဘောင်အတွင်း ဝင် ရောက်လာသော အဖွဲ့ငယ်ကလေးများကိုသာ ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ရသည်။ များသောအားဖြင့် တနင်္သာရီဒေသမှ လေ့လာ ရေးအဖွဲ့ဝင်များခေါ်ယူ၍ ရန်ကုန်မြို့ရှိ တန်ခိုး ကြီးဘုရားများဖူးမြော်ရန်၊ စက်ရုံအလုပ်ရုံများ အပါအဝင် ဗဟုသုတဖြစ်ဖွယ်ရာများကို ကြည့်ရှုလေ့လာရန် ခရီးစဉ်များ စီစဉ်ဆောင် ရွက်ပေးကြရသည်။ မေတ္တာ/တောင်သုံး အရပ်မှ ရောက်ရှိလာကြသော လေ့လာ ရေးအဖွဲ့ဝင်များထဲတွင် မွေးချင်းမောင်နှမ ၁၂ ဦးရှိသော ဖောင်းတောကျေးရွာသူ လေး နော်ဆာရင်းဒါး၏အကြောင်းနှင့် ပတ်သက်၍ မေတ္တာအရပ်ဆီမှလာသော ဆောင်းပါးခေါင်းစဉ်ဖြင့် သတိတရ ရေးသား ခဲ့ဖူးသည်ကိုလည်း အမှတ်ရနေဆဲ ဖြစ်သည်။

ကယားပြည်နယ်ထဲ၌လည်း အမှတ်ရ စရာတွေက အများအပြားရှိခဲ့သည်။ တပ်မ တော်သားဘဝ၌ ကိုယ်တိုင်စစ်ဆင်ရေး ဝင် ရောက်ခဲ့ဖူးသော ဒေသများဖြစ်သကဲ့သို့ ၁၉၈၇ ခုနှစ် နိုဝင်ဘာလတွင် တာတမော့ စခန်းအတိုက်ခံရ၍ကျဆုံးသွားသော ညီတော် မောင် ဗိုလ်ချစ်ဆွေနှင့် စစ်သည်များအတွက် ကြေကွဲဝမ်းနည်းခဲ့ဖူးသည်။ သံလွင်မြစ်ကို လက်ပစ်တူး၍ ပြန်လည်ဆုတ်ခွာလာရသော စစ်သည်အခ်ိုး၏ ပုံရိပ်ကို ယနေ့ထိမြင်ယောင် နေဆဲ။ ပို၍ အမှတ်ရစရာဖြစ်သွားသည်က ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့ ရှားတော မြို့နယ် ဒေါ့ခေါ်အော့ကျေးရွာအနီး၌ ကျွန်တော်၏ ယောကျ်မဖြစ်သူ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကျော်လွင်နှင့် အရာရှိ စစ်သည်များ ကျဆုံးသွားသည့် တိုက်ပွဲဖြစ်စဉ် တစ်ခု။ နောင်နှစ်အနည်းငယ်အကြာ ၎င်းတို့လည်း တရားဥပဒေဘောင်အတွင်းဝင်၊ ကျွန်တော်တို့လည်း တပ်ထဲကနေ နယ်ဘက် ရောက်၊ ဝန်ကြီးများရုံးမှာ ပြန်တွေ့ကြ၊ ကလ လတ အဖွဲ့မှ ဦးထွန်းကျော်၊ ကယန်းပြည်သစ် ပါတီမှ ဦးသန်းစိုးနိုင် (စစ်ဆင်ရေးဝင်စဉ်က သူအမည်မှာ သန်းချဖြစ်သည်)၊ ဦးလီးရယ် နဂါးအဖွဲ့၊ ၁၉၉၅ ခုနှစ်တွင် ဝင်ရောက်လာ သော KNPP အဖွဲ့မှ တာဝန်ရှိသူများ နယ်စပ်ဖွံ့ဖြိုးရေးကိစ္စများဖြင့် ရောက်ရှိလာ ကြရာ နွေထွေးစွာကြိုဆိုနှုတ်ဆက်ပြီး မိမိတို့ လုပ်ငန်းဌာနခွဲအလိုက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းဆောင်တာများကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ဖူးသည်။ ဒါက ကယား ဒေသမှ မိတ်ဆွေများ။

ရှမ်းပြည်နယ်အတွင်းမှာတော့ သတိရ စရာတွေက ပို၍များနေသလိုပင်။ အကြောင်း မှာ တပ်မတော်သားဘဝ စစ်ဆင်ရေးတာဝန် ဝင်ရောက်ထမ်းဆောင်စဉ်ကလည်း ရှမ်း ပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများ သို့ အနှံ့အပြား ခြေဆန့်ခဲ့ဖူးသည်။ စစ် တက္ကသိုလ် ကျောင်းဆင်းခါစ၌ လဲချား၊ မိုင်းကိုင်၊ မိုင်းနောင်၊ ဆီဆိုင်နှင့် ပင်လောင်း ဒေသများတွင် တာဝန်ထမ်းဆောင်စဉ် KNPP အဖွဲ့ထဲသို့ဝင်ရောက်ပြီး ဗကပနှင့်တွဲ ၍ လှုပ်ရှားနေသော လေးမျက်နှာပရဟိတ ကျောင်းတွင် အတူနေခဲ့ဖူးသည့် ကျောင်းနေ ဖက် သူငယ်ချင်း ဟန်းသလေ အလင်းဝင် ရောက်လာစေရေး ဒေသခံသူငယ်ချင်းများမှ တစ်ဆင့် သတင်းပေး စည်းရုံးအကြောင်းကြား ခဲ့ဖူးသည်။ ၁၉၉၆ ခုနှစ် ဟိုမိန်းသို့ သွား ရောက်တာဝန် ထမ်းဆောင်စဉ် ဦးခွန်ဆာ၏ MTA အဖွဲ့ထဲသို့ ရောက်ရှိနေသော ၎င်းကို လဝေထန်အမည်ဖြင့် ပြန်လည်ဆုံစည်းခဲ့ရ ၏။ "ခင်ဗျားရေးတဲ့စာတွေ ကျွန်တော်ရတယ်။ အဲဒီတုန်းက ပျဉ်းမနားဘက်ကို ကျွန်တော် ရောက်နေတာ"ဟု ၎င်းက ပြန်ပြောပြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန်ယန်း ဒေသ၌ ၁၉၈၃ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၈ ခုနှစ်တွင်တစ်ကြိမ် စစ်ဆင်ရေးဝင်ရောက်ခဲ့ စဉ် SSA အဖွဲ့များနှင့် အများဆုံးရေစက်ဆုံ ခဲ့ပြီး ၎င်းအဖွဲ့ ၁၉၈၉ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသောအခါ အမှတ်(၃၃) ခြေလျင်တပ်ရင်း၏ ရန်အောင်မြင့်ရိပ်သာ ၌ ပျော်ရွှင်စွာ ညစာစားပွဲ ကျင်းပခဲ့ကြဖူး သည်မှာလည်း တစ်သက်မမေ့စရာပင်။ နောင် တော်ကြီး ကိုထင်အောင်မြင့်(စစ်တက္ကသိုလ် အပတ်စဉ်-၁၆) က SSA တပ်မတော်မှူးယား ဝေကို လည်ပင်းဖက်၍ မိုင်းရှူးခွင်တွင် တပ်မ (၇၇) ကွပ်ကဲမှုအောက် တာဝန်ထမ်းဆောင်စဉ် ထိတွေ့တိုက်ပွဲဖြစ်ခဲ့ကြဖူးသည်ကို အမှတ်တရ ပြန်လည်ပြောကြားခဲ့ကြသည်။ ဦးဆေးထင် ၏ ဇနီးအပါအဝင် SSA ခေါင်းဆောင်များ၏ ဇနီး၊ သားသမီးများ ပန်ဆန်းမှထွက်ခွာလာရာ ကျွန်တော်ကိုယ်တိုင် သံလွင်မြစ်ကူး တာကော် အက်ကူးတို့ဆိပ်မှ စောင့်ကြို၍ တန့်ယန်းမြို့ ခလရ (၃၃) ရိပ်သာသို့ခေါ်ဆောင်ပေးခဲ့ဖူး သည်ကိုလည်း ယနေ့တိုင်မမေ့ခဲ့။ ထိုအချိန် ထိုကာလမတိုင်ခင်ကတော့ ၎င်းတို့နှင့် ကျွန်တော်တို့သည် ရန်ဘက်။ ဗိုလ်မှူးသိန်းစိုး (ဗိုလ်ချုပ်သိန်းစိုး-ငြိမ်း)၏ အထူးတပ်ခွဲနှင့် အများဆုံးတိုက်ပွဲဖြစ်ခဲ့သည်။ တန့်ယန်းဒေသ ၌ SSA အပြင် ဗကပ၊ MTA အဖွဲ့များ၊ တစ်ခါတစ်ရံ တွတ်ခိုင်ဘက်မှ ဖြတ်ဆင်းလာ သော KIA တပ်မဟာ(၄) အဖွဲ့များ စသည် တို့နှင့် ထိတွေ့မှုဖြစ်ခဲ့ကြသည်။ ဦးတည်ရန်သူ ဗကပဟုဆိုသော်ငြား ထိုအဖွဲ့တွင် အဓိက ပါဝင်တိုက်ခိုက်နေကြရသည်က မိမိတို့ တိုင်း ရင်းသားသွေးချင်းများဖြစ်သော ကိုးကန့်၊ 'ဝ'၊ ရှမ်း၊ အာခါ တိုင်းရင်းသားများဖြစ်ကြသည်။ ၁၉၈၉ ခုနှစ် ဧပြီလတွင် ဗကပပြိုကွဲသွားပြီး နောက် 'ဝ' တိုင်းရင်းသားများက မေလ ၉ ရက်နေ့တွင် တရားဥပဒေဘောင်အတွင်း ဝင် ရောက်လာကြသည်။ ၁၉၉၁ ခုနှစ် ကျွန်တော် တန့်ယန်းစစ်ဌာနာ (၁)၌ တာဝန်ထမ်းဆောင် စဉ် လွယ်မော်ချေမှုန်းရေးအတွက် 'ဝ' တပ်ဖွဲ့ ၏ တပ်မဟာ (၄၁၇)မှ ဒု-တပ်မမှူး ဦးအိုက် ကျိ၊ နိုင်ငံရေးမှူး ဦးကြိုပေါင်း၊ ထောက်လှမ်း ရေးအရာရှိ ကိုစံမောင်တို့နှင့် တန့်ယန်းမြို့ မြောက်ခြမ်း မိုင်းကျိုင်ဒေသ၌ ပူးတွဲလှုပ်ရှား ရသည်ကို အမှတ်ရမိ၏။ ထိုစဉ်က စစ်ဗျူဟာ မှူးမှာ ဗိုလ်မှူးကြီး စောဘိုးသာ (ကွယ်လွန်) ဖြစ်သည်။

ဖထီးနှင့် အမိုးတို့ကို ပို၍အမှတ်ရစေ သည်က တန့်ယန်းမြို့မှ ရှမ်းပြည်နယ် (မြောက် ပိုင်း) နမ့်ဆန်မြို့သို့ စစ်ဗျူဟာတစ်ခုလုံး ပြောင်းရွှေ့၍ စစ်ဆင်ရေးတွပ်ကဲရစဉ် အခါနီကာလဖြစ်သည်။ ၁၉၉၀ ခုနှစ်တွင် ကျွန်တော်အိမ်ထောင်ပြုသည်။ ဇနီးသည်အား တန့်ယန်းမြို့သို့ခေါ်လာပြီး တစ်ပတ်မပြည့်ခင် အထက်ပါစစ်ဆင်ရေးကြောင့် ရန်ကုန်မြို့သို့ ပြန်လည်စေလွှတ်လိုက်ရသည်။ မောင့်မျက်နှာ တစ်ရွာထင်၍ တန့်ယန်းအထိလိုက်လာသော ဇနီးဖြစ်သူမှာ သေတ္တာတစ်လုံး ခေါင်းပေါ်ရွက် ၍ ရန်ကုန်ပြန်ရသည့်ကိန်းကြီးသဖြင့် အမိုးက အားပေးစကားပြောကြားခဲ့ခြင်း၏။ နမ့်ဆန်ဒေသ တွင် ကျွန်တော်တို့ ရမခ စစ်ဗျူဟာ(၁)သည် တပ်ရင်းလေးရင်းဖြင့် ဝင်ရောက်ခဲ့ရာ နှစ်လ ခန့်အကြာ ၁၉၉၁ ခုနှစ် ဇူလိုင်လတွင် PSLA အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက် လာသဖြင့် သင်္ကြန်မိုးရေ တန်ခူးလေနှင့်အတူ ပလောင်ဒေသကြီးတစ်ခုလုံး တည်ငြိမ် အေးချမ်းခဲ့သည်။

တပ်မတော်သားဘဝမှ နတလဝန်ထမ်း ဘဝသို့ ကူးပြောင်းထမ်းဆောင်ချိန်တွင် ကိုးကန့်နှင့် 'ဝ' ဒေသများ၌ စတင်တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ဆန်းပိုင်းတွင် MTA အဖွဲ့ အကြင်းမဲ့လက်နက် စွန့်ပြီးချိန် ဟိုမိန်းမြို့သို့ သွားရောက်တာဝန် ထမ်းဆောင်ခဲ့ရာ အတွေ့အကြုံတစ်မျိုး တိုး ခဲ့၏။ တရားဥပဒေစိုးမိုးမှုမရှိသေးသောဒေသ၊ အသက် ၄၀ နှစ်နှင့်အထက်တွင် စာမတတ် သူများရှိနေသောဒေသ၊ ထိုင်းနယ်စပ်နှင့်နီး၍ တစ်ဖက်နိုင်ငံ ယဉ်ကျေးမှုလွှမ်းမိုးနေသော ဒေသစသည်ဖြင့် ဝိသေသအမျိုးမျိုး ထူးခြား နေသော ဟိုမိန်းဒေသ၌ တစ်နှစ်ကြာခဲ့သည်။ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပူး ပေါင်းပါဝင်ထမ်းဆောင်ရင်း စာမတတ်သူ ပမျောက်စေရန် 'အ'သုံးလုံးသင်တန်းများ ဖွင့် ခြင်း၊ စံပြစပါးစိုက်ခင်းများ စိုက်ပျိုးပြသခြင်း၊ ဟိုမိန်းသကြိန်တွင် မိမိတို့ အုပ်ချုပ်ရေးအဖွဲ့ဝင် များ၊ တပ်မတော်သားများ၊ MTA တပ်ဖွဲ့ဝင် များ၊ မြို့သူ/မြို့သားများ အတူတကွ ပျော်ရွှင် စွာ ဆင်နွှဲခြင်းစသည့် ပုံရိပ်များက ယနေ့ တိုင် တဖျပ်ဖျပ် ထင်ဟပ်ပေါ်လွင်နေဆဲ။ ဟိုမိန်းမြို့လေးသို့ ရောက်ရှိသွားသောအခါ KNPP မှ ခွဲထွက်လာသော လဝေထန်တို့ အဖွဲ့ကိုလည်းတွေ့ရသည်။ SURA ဦးမိုးဟိန်း (ကွယ်လွန်)၏ တပည့်သာဝကကြီးများကို လည်း တွေ့ရသည်။ SSA အဖွဲ့တွင် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သော စိုင်းလိတ်ကုလား ၏ အုတ်ဂူကိုပါ တွေ့ရသည်။ MTA အဖွဲ့မှ ၁၉၉၅ ခုနှစ်တွင် ခွဲထွက်သွားသော ကန်ရွက် နှင့်ပတ်သက်၍ ထင်မြင်ယူဆချက်အမျိုးမျိုး ပြောကြားနေသည်များကိုလည်း ကြားခဲ့ရ သည်။ ထိုသောအခါ အတွေးစိတ်ကူးများက သံလွင်မြစ်ကိုဆန်၍ ရှမ်းပြည်နယ် (တောင် ပိုင်း) လဲချား၊ မိုင်းကိုင်၊ မိုင်းယွန်း၊ ဆနင်း ဒေသများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ လားရှိး၊ မိုင်းရယ်၊ တန့်ယန်း၊ မိုင်းတောင်ဒေသများသို့ ပြန်လည်လွှင့်မျောသွားခဲ့ရသည်။

ဆိုရသော် ..... ကျွန်တော်၏ တပ်မတော်သားဘဝ၊ နတလ ဝန်ထမ်းဘဝ တို့တွင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တစ်နည်းမဟုတ်တစ်နည်း ရင်းနှီးကျွမ်းဝင် ရှိခဲ့သည်ချည်းသာ။ ရန်ဘက်အနေဖြင့်လည်း တွေ့ခဲ့သည်။ မိတ်ဆွေအနေဖြင့်လည်း လက်တွဲကူညီခဲ့ရသည်။ တစ်ခ်ိုးက မိမိတို့၏ ပုဂ္ဂလိက ထိခိုက်ခံစားခဲ့ရမှုများကိုလည်း မေ့ပစ်နိုင်ခဲ့သည်။ လက်ရှိအခ်ိုး၌ နတလ ပန်ထမ်းဘဝဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကို ထမ်းဆောင်နေဆဲဖြစ်သည်။ ဝန်ထမ်း ဘဝမှအနားယူချိန်တွင်မူ ကျွန်တော်အမြဲတမ်း သတိရနေမည်မှာ တစ်ခါတုန်းက နယ်စပ် ဒေသ အနှံ့အပြားတွင် တာဝန်ထမ်းဆောင် ခဲ့သော အချိန်ကာလများပင် ဖြစ်ပါလိမ့်မည်။ တစ်ခါတုန်းကနယ်စပ်ဒေသမှာ ...။ ။

မြင့်စိုး(နတလ)

မြန်မာ့အလင်း
၁၈-၁၂-၂၀၁၅ (သောကြာနေ့)

ရုပ်မြည်နယ်(အရှေ့ပိုင်း)

အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော် တာချီလိတ်၌ကျင်းပ

အာခါတိုင်းရင်းသားများ၏ မူလအစ ယုံကြည်ကိုးကွယ်မှုဘာသာ ဖွဲ့ဖြိုးတိုးတက်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာသာသနာ၊ စာပေနှင့် ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့များအား လေးစားဂုဏ်ယူနိုင်စေရန်၊ တိမ်မြုပ်နေသော ရိုးရာယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်နိုင်စေရန်နှင့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသော အာခါတိုင်းရင်းသားများ တစ်နှစ်တစ်ကြိမ် ပြန်လည်ဆုံတွေ့နိုင်ရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပသည့် အဋ္ဌမအကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ ခါးထောင်းဖားပွဲတော်(ခေါ်) စုပေါင်းနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲခန့က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရွှေဦးစွာ ပွဲတော်ကို ဩဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေး၊ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦး၊ ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်လွှေနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ အာခါတိုင်းရင်းသားကိုယ်စားလှယ်ဧည့်သည်တော်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးက အဋ္ဌမကြိမ်မြောက် အာခါတိုင်းရင်းသားရိုးရာ စုပေါင်းခါးထောင်းဖားပွဲတော်၌ နှစ်သစ်အမှာစကားပြောကြားပြီး အာခါတိုင်းရင်းသားရိုးရာ ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးမင်းညိုက နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဆတ်နှင့် မိုင်းလားမြို့တို့မှ အာခါတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက အာခါရိုးရာအက၊ တေးသံသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များက နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ဓာတ်ပုံ

ဝေယံလင်း(ပြန်/ဆက်)

ပြခန်းများတွင် ပြသထားသည့် အာခါတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု မှတ်တမ်းဓာတ်ပုံများ၊ နှစ်စဉ်ကျင်းပသည့် ခါးထောင်းဖားပွဲတော်မှတ်တမ်းဓာတ်ပုံများနှင့် ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ဝစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေး၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အာခါတိုင်းရင်းသားရိုးရာထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးမင်းညိုနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ ဧည့်သည်တော်များက စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး အတူတကွ မိတ်ဆုံစားပွဲအဖြစ် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ခါးထောင်းဖားပွဲတော်တို့ အာခါတိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာများ၊ ဒေသများတွင် ကျင်းပလာခဲ့ရာမှ တာချီလိတ်မြို့တွင် အာခါရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အဋ္ဌမကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့မှ အကအဖွဲ့များကဂုဏ်တို့၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် စုပေါင်းကပြဖျော်ဖြေခဲ့ကြောင်းသိရသည်။

အာခါ တိုင်းရင်းသားရိုးရာ စုပေါင်း ခါးထောင်းဖားပွဲတော်တွင် အာခါတိုင်းရင်းသူများ၏ အလှကို ဤသို့ တွေ့ရသည်။

ကြံသီးနှံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးနည်းစနစ် တောင်သူများအားပညာပေး

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ ခုနှစ် ကြံသီးနှံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးနည်းစနစ် တောင်သူပညာပေးစံပြတွက်ရိတ်သိမ်းခြင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၁၄ ရက်နံနက် ၈ နာရီက ရေလှိုက်ကျေးရွာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး မိုင်တိုင်အမှတ်(၁၄၁)ရှိ ကြံသီးနှံစံပြတွက်၌ ကျင်းပသည်။ စံပြတွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ) တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်စိုက်ညှိအဖွဲ့နှင့် တောင်သူများ တက်ရောက်ကြပြီး စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှဝန်ထမ်းများက စိုက်ပျိုးနည်းစနစ်များပညာပေးဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ တက်ရောက်လာသည့် ကြံစိုက်တောင်သူဦးညွှန့်လှိုင်က "အခုနှစ် တစ်ဧက ကို တန် ၇၀ အထက်ထွက်ရှိတယ်။ ကြံတွေကို တစ်ဆစ်ချင်း ပျိုးထောင်စိုက်နည်းစနစ်ကြောင့် အရင်နှစ်ကထက် အထွက်နှုန်းပိုပါတယ်။ ပိုးကျရောက်မှုကိုလည်း ကာကွယ်ထားတဲ့အတွက်ကြောင့် အလေအလွင့်နည်းပါးပါတယ်"ဟု ရှင်းပြခဲ့သည်။ ယခုနှစ်ထွက်ရှိသော ကြံများကို အုတ်တွင်းသကြားစက်နှင့် အခြားမြို့နယ်များသို့လည်း ပို့ဆောင်ခဲ့ကြောင်း သိရသည်။

သုရ(တောင်ငူ)

ရန်ကုန်တိုင်းဒေသကြီး

သန်လျင်ဆေးရုံ တိုးချဲ့ဆောင်များဆောက်လုပ်မှု ပြီးစီးတော့မည်

သက်ခိုင်

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ ကျန်းမာရေးအတွက် ဆေးရုံနှင့် ဆေးကုသဆောင်၊ ခွဲစိတ်ဆောင်များ တိုးချဲ့ဆောက်လုပ်ပေးနေသည်ကို တွေ့မြင်ရသည်။

ထိုသို့ ဆေးရုံတိုးချဲ့ဆောင်များ ဆောက်လုပ်ပေးလျက်ရှိရာ သန်လျင်ပြည်သူ့ဆေးရုံ ခုတင် ၂၀၀ ပြင်ပလူနာတိုးချဲ့နှစ်ထပ်ဆောင် တစ်ဆောင်၊ လူနာတိုးချဲ့ နှစ်ထပ်ဆောင် နှစ်ဆောင်၊ ခွဲစိတ်ခန်းနှင့် လူနာဆောင် တိုးချဲ့ နှစ်ထပ်ဆောင် တစ်ဆောင်၊ ဆေးရုံအုပ်ကြီး နေအိမ်တိုးချဲ့ တစ်ထပ်ဆောင် တစ်ဆောင်၊ ဆရာဝန်အိမ်ရာ လေးခန်းတွဲလေးထပ် တိုးချဲ့ဆောင်တစ်ဆောင်၊ ဝန်ထမ်းအိမ်ရာခြောက်ခန်းတွဲလေးထပ်တိုးချဲ့ဆောင်တစ်ဆောင်တို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလက စတင်ဆောက်လုပ်ခဲ့သည်။ ယခုအခါ လုပ်ငန်းအားလုံး၏ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့ဆောင်လုပ်ငန်းများကို ဒီဇင်ဘာလကုန်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်

ဥပဒေစာတမ်းဖတ်ပွဲမှသည် ထိရောက်အောင်မြင်မှုဆီသို့

လေးဝတီ ထွန်းစောခိုင်

ယနေ့နိုင်ငံတော်သည် ဒီမိုကရေစီစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပန်းတိုင်ဆီသို့ ချီတက်နေသောကာလဖြစ်သည်။ ဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် ဥပဒေစိုးမိုးရေးသည် အဓိကကျသည်။ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူအားလုံးက ဥပဒေကို လိုက်နာရန် လိုအပ်သကဲ့သို့ ဥပဒေဝန်ထမ်းများ၊ တရားရေးဝန်ထမ်းများကလည်း ဥပဒေမှ ပေးအပ်သော တာဝန်ဝတ္တရားအတိုင်းအကျင့်သိက္ခာနှင့် ပြည့်စုံစွာ ဆောင်ရွက်ရန် လိုအပ်သည်။

ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံးက ကြီးမျူးကျင်းဝေသော ဥပဒေရေးရာစာတမ်းဖတ်ပွဲကို စစ်တွေမြို့၌ ပြည်နယ်ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၄ ရက်က ကျင်းပရာ ရခိုင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင် တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ကိုယ်စီစာတမ်းဖတ်ကြရာဝယ်

ဥပဒေရေးရာ စာတမ်းဖတ်ပွဲကိုဆက်လက် ကျင်းပရာခရိုင်အသီးသီးမှဥပဒေ အရာရှိများက စာတမ်းများဖတ်ကြားပေးကြသည်။ သက်သေခံချက်အထောက်အထားအားနည်းသော အမှုများ၌ တရားခံတစ်ဦးဦးအား ဖော်ကောင်(အဓိးရသက်သေ)အဖြစ် စစ်ဆေးမေးမြန်းခြင်းဖြင့် အမှုမှ ပြစ်မှုကျူးလွန်သူ တရားခံများအား အပြစ်ပေးနိုင်စေရန် "ဖော်ကောင် အကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ကျောက်ဖြူခရိုင် ဥပဒေအရာရှိ ဦးဝင်းမောင်က လည်းကောင်း၊ ပြစ်မှုကျူးလွန်သူကို ဥပဒေနှင့်အညီ အပြစ်ရရှိစေနိုင်ရေးအတွက် ပူးတွဲတရားခံနှင့် ခဖြာင့်ချက်ကို ပြုစုနိုင်စေရန် "ပူးတွဲတရားခံနှင့် ဖြောင့်ချက်" ခေါင်းစဉ်ဖြင့် စစ်တွေခရိုင် ဒုတိယခရိုင်ဥပဒေအရာရှိ ဦးစိုးမိုးသန်းက လည်းကောင်း၊ ပြည်သူများအနေဖြင့် ဥပဒေအကြောင်းအရ လူသတ်မှုနှင့် လူသေမှုကို ခွဲခြားသိရှိနားလည်နိုင်စေရန် " လူသတ်မှုနှင့် လူသေမှုအကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် မောင်တောခရိုင်ဥပဒေအရာရှိ ဦးညီညီလွင်က လည်းကောင်း ဖတ်ကြားပေးသည်။

မြောက်ဦးခရိုင်ဥပဒေအရာရှိ ဦးကျော်ရွှေမောင်က " အာမခံအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် အာမခံပေးနိုင်သော ပြစ်မှုများ၊ အာမခံမပေးနိုင်သော ပြစ်မှုများ အကြောင်း ခွဲခြားသိရှိပြီး ပြစ်မှုကြောင်းအရ စွပ်စွဲခံရသူများမတရားသဖြင့် ချုပ်နှောင်ခြင်းမခံရစေအောင် တရားဥပဒေက ပြဋ္ဌာန်းထားသည့် ကာကွယ်စောင့်ရှောက်မှုကို မှန်ကန်စွာရရှိစေရန် အကြောင်းများကို ရှင်းလင်းဖတ်ကြားပေးသည်။ ထို့နောက် သံတွဲခရိုင် ဥပဒေအရာရှိ ဦးအောင်ဆန်းက "ရဲစတ္တူအကြောင်းသိကောင်းစရာ" ခေါင်းစဉ်ဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်ပြီး အမှုလိုက်လုပ်ငန်းများ၌ အရည်အသွေးမြင့်မားလာစေရန်အကြောင်းများကို ရှင်းလင်းဖတ်ကြားပေးကြသည်။

ထို့နောက် ၂၀၁၄ ခုနှစ်အတွက် ပြည်ထောင်စုရွေးနေချုပ်ရုံးက ချီးမြှင့်သော ရွေးနေချုပ်ဆုရရှိသည့် ဥပဒေအရာရှိများနှင့် ဝန်ထမ်းများကို ဆုချီးမြှင့်သည်။ အခမ်းအနားသို့ မြို့နယ်အသီးသီးမှ ဥပဒေအရာရှိများနှင့် ဥပဒေဝန်ထမ်းများ၊ လေ့လာသူ ပြည်သူများတက်ရောက်ကြသည်။

ဥပဒေဗဟုသုတတိုးပွား

"ကျွန်တော်တို့ဥပဒေအရာရှိတွေစာတမ်းဖြုစုဖတ်ကြားကြတဲ့အတွက် ဥပဒေရေးရာစာအုပ်စာတမ်းတွေ အများအပြားလေ့လာဖတ်ရှုရပြီး ဥပဒေဗဟုသုတတိုးပွားလာပါတယ်။ ဒါကို လုပ်ငန်းခွင်မှာ အကျိုးရှိရှိအသုံးချနိုင်မယ်။ ဥပဒေဗဟုသုတ အသိပညာတွေကို အချင်းချင်းဖလှယ်ဝေငှတဲ့ သဘောလည်းဖြစ်စေပါတယ်။ ဒါကြောင့် အများပြည်သူအကျိုးအတွက် ဥပဒေကပေးအပ်တဲ့အတိုင်း များစွာအကျိုးပြုနိုင်ပါမယ်။ ပြည်သူတွေအနေနဲ့လည်း ဥပဒေဆိုင်ရာဗဟုသုတတွေကို ရရှိနိုင်ပါတယ်"ဟု ရခိုင်ပြည်နယ်ဥပဒေအရာရှိ ဦးစောမြကပြောပြသည်။

ထိရောက်အောင်မြင်မှုဆီသို့

ဥပဒေအရာရှိများက အပင်ပန်းခံကာ ဥပဒေရေးရာစာအုပ်စာပေအသီးသီးမှ အချိန်များစွာ ရှာဖွေစုဆောင်းခဲ့ရသော ဥပဒေဗဟုသုတများကို လေ့လာမှတ်သားပြီး ဥပဒေအတိုင်း လုပ်ငန်းခွင်တွင် အသုံးချနိုင်ပါက အများပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း ဥပဒေများကို လေးစားလိုက်နာခြင်းအားဖြင့် ထိရောက်အောင်မြင်သော တရားဥပဒေစိုးမိုးမှုများကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

သတင်းဆောင်းပါး - ကိုကြီးစော
ဓာတ်ပုံ - ဇည်စော

တနင်္သာရီတိုင်းဒေသကြီး

ကျေးလက်ကျန်းမာရေးဌာနခွဲ ပွင့်လှစ်ခြင်းနှင့် လွှဲပြောင်းလျှဒါန်းပွဲ ကျင်းပ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ တော့သောင်းမြို့သွားရာ ပြည်ထောင်စုလမ်းမကြီး၏ ၇၂ မိုင်အကွာရှိ တနင်္သာရီမြို့နယ် ချောင်းလမုရွာ၌ ကျေးလက်နေပြည်သူများနှင့် နေ့စဉ်ခရီးသည်တင်ယာဉ်များ မတော်တဆယာဉ်အန္တရာယ် ဖြစ်ပွားခဲ့သော် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်ရည်ရွယ်၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲအား ဖွင့်လှစ်ခြင်းနှင့်အတူ သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းလျှဒါန်းပွဲကို ဒီဇင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

ချောင်းလမုရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖြစ်မြောက်လာစေရန်အတွက် ဓမ္မရက္ခိတဘုန်းတော်ကြီးကျောင်း ဆရာတော် အရှင်သုမန ဦးစီးဦးဆောင်ပြုလျက် မတည်ငွေကျပ်သိန်း ၅၀ ဖြင့် ၂၀၁၅ ခုနှစ် မေလမှ စ၍ ချောင်းလမုရွာနေ ဒေသခံ အိမ်ထောင်စုဝင် ၂၈၇ စုတို့မှ တစ်စုလျှင် ငွေကျပ် ၁၀၀၀၀ စီထည့်ဝင်ငွေနှင့်အတူ အခြားအလှူရှင်များထည့်ဝင်ငွေတို့ဖြင့် ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသည် သံကူကွန်ကရစ် တစ်ထပ်၊ ဆွဲမိုး၊ ကွန်ကရစ်ခင်းဖြစ်တာ မီးဖွားခန်း၊ ပြင်ပလူနာခန်း အတွင်းလူနာခန်းနှင့် ဆေးသိုလှောင်ခန်း ဟူ၍ ပါရှိပြီး စုစုပေါင်းကုန်ကျငွေမှာ ကျပ်သိန်း ၁၀၃ ခန့် ဖြစ်ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း

ကချင်ပြည်နယ်

ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ နန်ဖျတ်ယန်ကျေးရွာတွင် နိုင်ငံတော်အစိုးရက ချမှတ်ပေးထားသော ရန်ပုံငွေဖြင့်ဟူးကောင်းစတား ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ပေးခဲ့သော "အင်ကြင်းဆောင်" အမကကျောင်းဆောင်သစ်ဖွင့်ပွဲ ကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်၊ မြို့နယ် ဒုတိယပညာရေးမှူး ဦးစိုင်းမင်းထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီး

ဗျာပုံမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းသရုပ်ပြ

စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ) ကော်ဖီရာသီ သီးနှံဌာနခွဲက ကြီးမှူးကျင်းပသော စပါးအလေအလွင့်နည်းစေရန် တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခြွေလှေ့စက်များအသုံးပြု၍ ရိတ်သိမ်းခြင်း လက်တွေ့သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀နာရီက ဗျာပုံမြို့နယ် ကျုံကဒွန်းစိုက်ကွင်း တောင်သူပညာပေး ဧက ၅၀ကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး (စက်မှုသီးနှံ)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ ကျုံကဒွန်း၊ ကြက်ဖမွေးဇောင်းနှင့် မြောင်ကြီးကျွန်းစိုက်ကွင်းမှူးများ၊ ကျုံကဒွန်းနှင့် အနီးဝန်းကျင် ကျေးရွာ ၁၃ ရွာမှ လေ့လာရေးတောင်သူများ တက်ရောက်ကြသည်။

ထို့နောက် စပါးအလေအလွင့်နည်းစေရေး တောင်သူပညာပေးသရုပ်ပြပွဲတွင် တိုင်းဒေသကြီးဦးစီးမှူး (စက်မှုသီးနှံ) ဦးခင်မောင်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး(စက်မှုသီးနှံ) ဦးတင်မောင်ဝင်းတို့က စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ ဒေါ်ငြိုးကျွန်းစိုက်ကွင်းမှူး ဦးဝင်းဘို(ဦးစီးအရာရှိ)က မျိုးကောင်းမျိုးသန့် မျိုးစေ့အကြောင်းကိုလည်းကောင်း၊ ကျုံကဒွန်းစိုက်ကွင်းမှူး ဦးဝင်းနိုင်(ဦးစီးအရာရှိ)က စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း ပညာပေးဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကျေးရွာ ၁၃ ရွာမှ လေ့လာရေးတောင်သူများက စပါးအလေအလွင့်နည်းပါးရေး၊ တလင်းပျောက်စနစ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ တိုင်းဒေသကြီးဦးစီးမှူး(စက်မှုသီးနှံ)နှင့် စိုက်ကွင်းမှူးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

■ မော်ကွန်း-မြင့်အောင်

မကွေးတိုင်းဒေသကြီး

မကွေးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း သိပ်နည်းကျစိုက်စနစ် တောင်သူများစိတ်ဝင်စား

မကွေးမြို့နယ် မြင်ကွန်းကျေးရွာ မြင်ကွန်းလျှပ်စစ်မြစ်ရေတင်ဒေသ ကွင်းအမှတ်(၁၇၄၆) သပြေပင်ကွင်းရှိ တောင်သူဦးအောင်မြိုင်၏ မနောသုခစပါးစိုက်ဧက ၃ ဒသမ ၅၃ ဧကခွဲ ဒီဇင်ဘာ ၁၅ ရက်က ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

ရိတ်သိမ်းပွဲတွင် မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြမှုန့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပိုင်ပေါ်ထွန်းနှင့်ဝန်ထမ်းများ၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များတ မိုးစပါးစံကွက်ရိတ်သိမ်းမှုအခြေအနေများကို ကြည့်ရှုကြသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာ၌ အထွက်နှုန်း ၁၀၃ ဒသမ ၀၈ တင်း ထွက်ရှိကြောင်းသိရပြီး အကျိုးအမြတ်ကောင်းမွန်၍ ဝမ်းစာဖူလုံပို့လျှံစေသည့် သိပ်နည်းကျစိုက်ပျိုးနည်းစနစ် (GAP) စနစ်အပေါ် ဒေသခံတောင်သူများ စိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း လိုအပ်သောနည်းပညာ၊ လုပ်အားနှင့်မျိုးစေ့များ တတ်စွမ်းသမျှ အကူအညီပေးလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဆက်ဖတ်(မကွေး)

ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းသားအများဆုံးရရှိနေပြီ။ အောင်ချက်ကောင်းစည်းကမ်းကောင်း။ စာသင်ကောင်းခြင်းတို့ကြောင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၊ အင်းစိန်မြို့နယ် ကိုယ်ပိုင်ကျောင်းများအားလုံးတွင် ၈-တန်းအောင်ချက် ပထမ၊ ၁၀-တန်းအောင်ချက် ပထမ တရားဝင်ရရှိခဲ့သော.....
ကျောင်းလခလည်းအလွန်ချီသာသော.....

ဆရာ ဦးသန်းစိန် နှင့် ဆရာမ ဒေါင်နီမြင့် အင်္ဂလိပ်စာ [M.A (English), Dip in ELT(YU)]

PRIVATE HIGH SCHOOL TS

ကိုယ်တိုင်အုပ်ချုပ်သင်ကြားသော

ကြည်ဂျံဖြင့် ဖေါ်ပါနှင့်၊
ငလုတ်ပါးခုံစင်းပါးလာကြည့်ပါ၊
ကြိုက်ခဲ့ငကျောင်းဆင်ပါ။

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ

ဂ.ဧ.၁၀ တန်းများ ၁၀.၃.၂၀၁၆ စမည်။

ဒုဖေယ်တန်းမှ ဂ-တန်းများ ၁၀.၅.၂၀၁၆ စမည်။

(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)

ဖွင့်တဲ့တန်းခွဲတိုင်း ပြည့်နေတာပို့ ကြိုတင်အပ်နံထားမှ စိတ်ချရမှာပါ။

ဆရာဦးသန်းစိန်လွယ်လေ့ကျင့်ရေးသင်တန်းကျောင်း

ပြည်တော်သာမုတ်တိုင်ရှေ့၊ ရွာမအရှေ့ရုပ်ကွက်၊ ရွာမလမ်းဆုံးအင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

(၄၈)(၅၇)(၀၄)မိုလ်ဥဇ္ဈမလမ်းဘောဂရုပ်ကွက်၊ ဓာဂရာမီးပွိုင့်အနီးကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

Phone: 095190862, 09450014699, 0973016839, 09420273846, 09263889212
Facebook Page - Saya U Than Sein Private High School

• ကျောင်းနှင့်တူသောကျောင်းကြီးဖြစ်သည်။ • ကျောင်းသား/သူများကို ပညာရေး၊ ထူးရွန်စေရုံသာမက မိဘကိုယ် ရိုသေ ကိုင်းရှိုင်းမှု ရှိစေရန် စာရိတ္တပါသင်ကြားပေးသည်။ • စာသင်ခန်းများ နှင့် အိပ်ဆောင်များ အလွန်ကျယ်ဝန်းသည်။ ဘောလုံးကွင်းရှိသည်။ • အားကစားရုံရှိသည်။ • တော်ဝါဆောင် နှင့် စာသင်ကျောင်း၊ တစ်နေရာတည်း တွင် ရှိသောကြောင့် လူပင်ပန်း၊ အရိုန်ကုန် သက်သာစေသည်။

မြန်မာ့အလင်း
၁၈-၁၂-၂၀၁၅ (သောကြာနေ့)

နိုင်ငံတကာသတင်း

လက်ရှိအချိန် ပရီမီယာလိဂ်ရာသီဝက်ရောက်ခါနီး အဆိုးရွားဆုံးအသင်းကို ပြပါဆိုရင်တော့ ဗီလာအသင်းအပြင် အခြားပြစရာအသင်းကတော့ မမြင်တာအမှန်ပါပဲ။ နှစ်တိုင်းနှစ်တိုင်း အသင်းဝတွေအနေနဲ့ ဆိုးရွားတဲ့အခြေအနေတွေနဲ့ ရုန်းကန်နေခဲ့ရတာတွေကို ဝတ္တရားမြင်နေကျဖြစ်ပေမယ့် ဗီလာအသင်းရဲ့ ဒီနှစ်ဆိုးရွားမှုတွေကတော့ လွန်လွန်းတယ်လို့ဝေဘာင်ပြောရမှာပါ။

နေဝင်ချိန်စောလွန်းတဲ့ အက်စ်တွန်ဗီလာ

ဗီလာအသင်းရဲ့ လက်ရှိဆိုးရွားနေတဲ့အခြေအနေတွေကိုတော့ ဂရာဒီအနေနဲ့ ကယ်တင်နိုင်ဖို့ကတော့ မလွယ်ကူနိုင်ပါဘူး။

ဒါပေမယ့် ပရီမီယာလိဂ်ဘောလုံးသမိုင်းကို ကြည့်မယ်ဆိုရင်တော့ ၂၀၀၄-၀၅ ရာသီကဆိုရင်လည်း ဝက်စ်ဘရွန်းအသင်းဟာ ခရစ္စမတ်ပွဲကျပ်ကာလအတွင်း တန်းဆင်းဇုန်အောက်ဆုံးမှာရှိနေခဲ့ပေမယ့် ရာသီကုန်မှာတော့ တန်းတင်ကျန်ရစ်အောင်ကြိုးစားနိုင်ခဲ့ပါတယ်။ ၂၀၁၁-၁၂ရာသီကဆိုရင်လည်း ဝီဂန်အသင်း အခုလိုအခြေအနေကနေ လွတ်မြောက်နိုင်ခဲ့ပါတယ်။ ဒါတင်မကပါဘူး။ ပြီးခဲ့တဲ့ရာသီကိုကြည့်မယ်ဆိုရင်လည်း ဆန်းဒါးလန်းနဲ့ လက်စတာအသင်းတို့ဟာ အခုလိုဆိုးရွားတဲ့ အခြေအနေတွေနဲ့ ကြုံတွေ့ခဲ့ရပေမယ့် လွတ်မြောက်နိုင်ခဲ့တာပါပဲ။ ဒါပေမယ့် ဗီလာအသင်းရဲ့ လက်ရှိအခြေအနေကိုကြည့်မယ်ဆိုရင်တော့ တန်းဆင်းဇုန်ကနေ ရုန်းထွက်နိုင်မယ့်အခွင့်အရေးကတော့ အလွန်ကိုနည်းလွန်းနေပြီလို့ဆိုရမှာ ဖြစ်ပါတယ်။

တကယ့်တော့ ဗီလာအသင်းဟာ ပရီမီယာလိဂ်မှာတော့ အစဉ်အလာကြီးမားတဲ့ အသင်းတစ်သင်းအဖြစ် ရပ်တည်ခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ ဗီလာအသင်းဟာ ပရီမီယာလိဂ်စတင်နာမည်ခေါ်ဝေါ်ခဲ့တဲ့ ၁၉၉၂ ခုနှစ်ကတည်းက တန်းဆင်းဖူးခြင်းမရှိခဲ့တဲ့ အသင်းဖြစ်သလို ပရီမီယာလိဂ်စတင်တည်ထောင်တဲ့အသင်း ခုနှစ်သင်းထဲမှာပါဝင်တဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ ဗီလာအသင်းရဲ့ ကြီးကျယ်ခမ်းနားမှုတွေနဲ့ အောင်မြင်ခဲ့မှုတွေဟာ မှေးမှိန်လို့နေပါပြီ။ ဒါပေမယ့် အခုလိုအသင်းရဲ့အခြေခံကောင်းတွေ ကျဆင်းလာရတာဟာ အသင်းရဲ့မန်နေဂျာ မာတင်အိုနေးလ် အသင်းကနေ ထွက်ခွာသွားခဲ့စဉ်ကတည်းကလို့ ပြောရမှာဖြစ်ပါတယ်။ ဗီလာအသင်းရဲ့အရည်အချင်းဟာ မာတင်အိုနေးလ် ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်း ကျဆင်းလာလိုက်တာဟာ ပြီးခဲ့တဲ့ရာသီကဆိုရင်အဆင့် ၁၇ နေရာမှာ ရပ်တည်နိုင်တဲ့အထိ ဖြစ်သွားခဲ့ပါတယ်။

ဒုံအပြင် ဒီနှစ်ရာသီမှာအသင်းအနေနဲ့ ရလဒ်တွေဆိုးရွားနေခြင်းမှာ ပြီးခဲ့တဲ့ရာသီက အသင်းမှာအားထားရတဲ့ ကစားသမားတွေဖြစ်တဲ့ ဘန်တီကီ၊ ဖာဘီယန်ဒဲလဲတို့ကို ရောင်းထုတ်ခဲ့သလို ရွန်ဗယ်လာတို့လို ကစားသမားကောင်းတွေကိုလည်း အသင်းကနေ ထွက်ခွာစေခဲ့တာတွေကြောင့်လည်း ဖြစ်ပါတယ်။ ဒါအပြင် အက်စ်တွန်ဗီလာဟာ ပြီးခဲ့တဲ့ရာသီက အသင်းကနေ ထွက်ခွာသွားခဲ့တဲ့ ကစားသမားတွေအစား ကာမိနိုင်ဖို့အတွက် စကော့ဆင့်ကလဲယား အပါအဝင် ကစားသမား ၁၂ ဦးအထိ ခေါ်ယူထားခဲ့ပါတယ်။ ဒါပေမယ့် ဗီလာအသင်းရဲ့ ခေါ်ယူထားခဲ့တဲ့ ကစားသမားသစ်တွေဟာ ဗီလာအသင်းရဲ့လိုအပ်ချက်တွေကို ဖြည့်တင်းနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် ဘောလုံးကျမ်းကျင်သူတချို့က ဗီလာအသင်းရဲ့ နွေရာသီဈေးကွက်မှာ ကစားသမားသစ်ခေါ်ယူမှုတွေဟာ လာမယ့်နှစ် ချန်ပီယံရှစ်မှာ ကစားဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေလားလို့လည်း ဝေဖန်မှုတွေပြုခဲ့ပါတယ်။

ဗီလာအသင်းဟာ ပြီးခဲ့တဲ့နွေရာသီက ဗီရီတို့၊ ကျော်ဒန်အေမာဗီ၊ ကျော်ဒန်အာရောန့် ဆင့်ကဲလဲယား၊ မီကာရစ်ချက်တို့ကို ခေါ်ယူခဲ့ပါတယ်။ ဗီလာအသင်းဟာ သူတို့ကိုခေါ်ယူနိုင်ဖို့အတွက် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ စတုတ်၊ ဆွမ်ဆီး၊ ခရစ္စတယ်ပဲလေ့စ်နဲ့ ဝက်စ်ဟမ်းအသင်းတို့နဲ့အပြိုင် ခေါ်ယူနိုင်ခဲ့တာကြောင့် အသင်းရဲ့အခြေအနေဟာ သူတို့ရဲ့ခြေစွမ်းတွေကြောင့် အကောင်းဆုံးရှိလာနိုင်လိမ့်မယ်လို့ မျှော်လင့်ချက်တွေရှိနေခဲ့ပါတယ်။ တကယ်တမ်းမှာတော့ ဖြစ်မလာခဲ့ကြပါဘူး။ ဒုံအပြင် ပရိသတ်တွေက အထင်တကြီးနဲ့ စောင့်စားနေကြတဲ့ ဘာစီလိုနာကနေ ခေါ်ယူထားခဲ့တဲ့ အသက် ၁၉ နှစ်အရွယ် လူငယ်ကစားသမား ထရာအိုရီကလည်း သူ့ရဲ့အကောင်းဆုံးအရည်အချင်းတွေကို ပြသနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် ဗီလာအသင်းခေါ်ယူထားခဲ့တဲ့ ကစားသမားတွေထဲမှာ ဆင့်ကလဲယားကတော့ အကောင်းဆုံးတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် သူတစ်ဦးတည်းအကျိုးပြုမှုဟာ အသင်းအတွက်တော့ အကောင်းဆုံးဖြစ်မလာခဲ့ပါဘူး။

ဒါတင်မကပါဘူး။ ပြီးခဲ့တဲ့နွေရာသီဈေးကွက်မှာ ဗီလာအသင်းဟာ မီကာရစ်ချက်ကိုခေါ်ယူခဲ့ပါတယ်။ အများကတော့ ရစ်ချက်ကိုခေါ်ယူခဲ့မှုဟာ ဗီလာအသင်းအတွက်တော့ အကောင်းဆုံးဖြစ်လာလိမ့်မယ်လို့တော့ မျှော်လင့်ထားခဲ့ကြပါတယ်။ ဒါပေမယ့်အသင်းရဲ့ ခေါင်းဆောင်သစ်ဖြစ်လာတဲ့ မီကာရစ်ချက်ကလည်း အသင်းအပေါ်ကိုတော့ အကောင်းဆုံး အကျိုးပြုနိုင်ခြင်းမရှိတဲ့အပြင် အများတွေမျှားခဲ့တာကြောင့် တချို့ပွဲတွေဟာ သူကြောင့် ရှုံးတယ်လို့တောင် ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ ဗီလာအသင်းရဲ့ အဓိကအားနည်းချက်တွေကိုကြည့်ရမယ်ဆိုရင်တော့ ကစားသမားကောင်းတွေကို လက်လွှတ်ခဲ့ရတာဖြစ်သလို ခေါ်ယူထားခဲ့တဲ့ ကစားသမားတွေကလည်း ကောင်းမွန်ခြင်းမရှိခဲ့တာ ကြောင့်လို့ဆိုရမလိုဖြစ်နေပါတယ်။

ဒါကြောင့်လည်းဗီလာအသင်းဟာ လက်ရှိအချိန် ပရီမီယာလိဂ် ၁၆ ပွဲကစားပြီးချိန်မှာတော့ အနိုင်အနေနဲ့ တစ်ပွဲသာရရှိထားပြီး သရေသုံးပွဲနဲ့ ရှုံးပွဲ ၁၂ ပွဲ ရင်ဆိုင်နေရတဲ့အသင်းဖြစ်ပါတယ်။ လက်ရှိရမှတ်အနေနဲ့ ခြောက်မှတ်သာရရှိထားပြီး အဆင့် ၁၇ အဆင့်မှာရှိတဲ့ ဆွမ်ဆီးအသင်းနဲ့ ဆိုရင်တောင် ရှစ်မှတ်ကွာခြားနေပါသေးတယ်။ ဒါကြောင့်လည်း ဘောလုံးကျမ်းကျင်သူတွေဟာ ဒီနှစ်ရာသီမှာတော့ ဗီလာအသင်းရဲ့ နေဝင်ချိန်ကို စောစီးစွာနဲ့ တွေ့မြင်နေရပြီလို့ဆိုတာ ဖြစ်ပါတယ် ။ ဗီလာအသင်းမန်နေဂျာသစ် ဂရာဒီဟာ အတွေ့အကြုံကောင်းတဲ့ မန်နေဂျာတစ်ဦးဖြစ်တယ်ဆိုတာကိုတော့ ဘယ်သူကမှ မငြင်းဆိုနိုင်ပါဘူး။ ဒါပေမယ့် ဗီလာအသင်းရဲ့ လက်ရှိ ဆိုးရွားနေတဲ့ အခြေအနေတွေကိုတော့ ဂရာဒီအနေနဲ့ ကယ်တင်နိုင်ဖို့ကတော့ မလွယ်ကူနိုင်ပါဘူး။ လာမယ့် ဇန်နဝါရီဈေးကွက်အတွင်း ဗီလာအသင်းအနေနဲ့ အသင်းရဲ့လိုအပ်ချက်တွေကို အကောင်းဆုံးဖြည့်တင်းပြီး တန်းတင်ကျန်ရစ်နိုင်အောင် စွမ်းဆောင်နိုင်မလားဆိုကတော့. . . .

■ အောင်က

ချန်ပီယံလိဂ်ဆုပလားထက် ပရီမီယာလိဂ်ဆုပလားသည် ပိုမိုအရေးကြီးကြောင်း မန်နေဂျာ ပယ်လီဂရီနီ ပွင့်ဟ

မန်စီးတီးအသင်း မန်နေဂျာ ပယ်လီဂရီနီက ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးထက် ပရီမီယာလိဂ် ချန်ပီယံဆုဖလားရရှိရေးသည် ပိုမိုအရေးကြီးကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၏ ၁၆ သင်း ရှူးထွက်အဆင့်တွင် ယူတာရိန်းကလပ် ဒိုင်နမိုကိဗ်အသင်းနှင့် ရင်ဆိုင်ရမည့် မန်စီးတီးအသင်းသည် ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို ပြီးခဲ့သည့် ၂၀၁၃-၁၄ ရာသီတွင် နောက်ဆုံး ရရှိထားသည့်အသင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ သင်း အဆင့်ပွဲစဉ်များ မရေးဆွဲမီက သတင်းထောက်များနှင့် တွေ့ဆုံရာတွင် မန်နေဂျာ ပယ်လီဂရီနီက "ကျွန်တော့် အတွက်ကတော့ ချန်ပီယံလိဂ်ဆုဖလားထက် ပရီမီယာလိဂ်ဆုဖလားက ပိုမို အရေးကြီးတဲ့ ဆုဖလားဖြစ်တယ်ဆိုတာကို အမြဲပြောခဲ့ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ခြေစွမ်းပိုင်းအားနည်းသွားလို့ ဆီမီးဖိုင်နယ်အဆင့်က ထွက်ခဲ့ရတယ်ဆိုရင် ဒါကိုဘယ်သူကမှ အမှတ်ရနေမှာ မဟုတ်ပါဘူး။ ပရီမီယာလိဂ်ပြိုင်ပွဲကတော့ တစ်ရာသီလုံး အလုပ်လုပ်ရတာပါ။ ကျွန်တော်ဟာ ချန်ပီယံလိဂ်ဆုဖလားရယူဖို့ အစွဲအလမ်းဖြစ်နေသူတစ်ဦးမဟုတ်ဘူးဆိုတာကို အမြဲပြောခဲ့ပါတယ်။ ချန်ပီယံလိဂ်ဆုဖလားကအရေးပါတဲ့ ဆုဖလားတစ်ခုပါ။ ဒါပေမယ့် ပရီမီယာလိဂ်ပြိုင်ပွဲအပေါ် အာရုံစူးစိုက်မှုလျော့ချပြီး ချန်ပီယံလိဂ်မှာပဲ အောင်မြင်မှုရရှိအောင် မကြိုးစားသင့်ပါဘူး"ဟု ပြောဆိုခဲ့သည်။

ဆက်လက်၍ မန်နေဂျာ ပယ်လီဂရီနီက ၂၀၁၅-၁၆ ခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲ၏ ချန်ပီယံအသင်းသည် ရမှတ် ၈၀ အောက် လျော့နည်းနိုင်သည်ဟု ဟောကိန်းထုတ်ပြောဆိုခဲ့သည်။

၁၉၉၂-၉၃ ခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဟု အမည်ပြောင်းလဲကျင်းပခဲ့ပြီးနောက်ပိုင်း ပရီမီယာလိဂ်ချန်ပီယံဆုရရှိသည့် အသင်းသည် ရမှတ် ၈၀ အောက်လျော့နည်းသည့်ဖြစ်ရပ် သုံးကြိမ်သာရှိခဲ့သည်။

မန်နေဂျာ ပယ်လီဂရီနီက "လက်ရှိအချိန်မှာ အသင်းတွေရဲ့ အမှတ်ရရှိမှုဟာ ပုံမှန်မဟုတ်တာကြောင့် ဒီရာသီမှာ ချန်ပီယံဖြစ်ရေးဟာ အလွန်ခက်ခဲနိုင်ပါတယ်။ ဒီလိုအဖြစ်အပျက်မျိုးကို ပရီမီယာလိဂ်ရာသီတိုင်းမှာ ကြုံတွေ့မှာမဟုတ်ပါဘူး။ ဒီရာသီမှာတော့ အသင်းတွေက ပိုမိုကောင့် တင်းလာတာကြောင့် ဖြစ်နိုင်ပါတယ်။ ပရီမီယာလိဂ်ရာသီတိုင်းမှာ ချန်ပီယံဖြစ်ဖို့ကတော့ ခက်ခဲတာပါပဲ။ ဒါပေမယ့် ဒီရာသီမှာ ချန်ပီယံဖြစ်ရေးဟာ အလွန်ခက်ခဲပါလိမ့်မယ်။ နောက်ပြီး ချန်ပီယံဖြစ်တဲ့အသင်းဟာ ရမှတ် ၈၀ ထက် လျော့နည်းနိုင်တယ်"ဟု ဆက်လက်ပြောဆိုခဲ့သည်။

၂၀၁၆ ဂျပိုအိုလံပစ်ပြိုင်ပွဲတွင် ဖက်ဒါရာနှင့် မာတီနာဟင်းဂစ်တို့ ပူးပေါင်းပြိုင်ပွဲဝင်မည်

ဘာရာဇီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၆ ခုနှစ် ရီယိုအိုလံပစ်ပြိုင်ပွဲ၏ တင်းနစ်ပြိုင်ပွဲ၌ အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ဆွစ်ဇာလန်နိုင်ငံကို ကိုယ်စားပြု၍ မာတီနာဟင်းဂစ်နှင့် အတူ ပြိုင်ပွဲဝင်မည်ဖြစ်ကြောင်း ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖက်ဒါရာက ထုတ်ဖော်ပြောဆိုလိုက်သည်။

အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ဖက်ဒါရာ (၃၄ နှစ်)နှင့် မာတီနာဟင်းဂစ် (၃၅နှစ်)တို့ နောက်ဆုံးတွဲဖက်ပြီး ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲမှာ ၂၀၁၁ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌ ကျင်းပခဲ့သော Hopman Cup ပြိုင်ပွဲဖြစ်ကာ အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ဂရင်းဆလမ်ပြိုင်ပွဲများ၌ တစ်ဦးချင်းချန်ပီယံဆု ၁၇ ကြိမ်ရရှိထားသူ ဖက်ဒါရာသည် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ငွေတံဆိပ်ဆုတိုလည်းကောင်း၊ ၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပြိုင်ပွဲ၏ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် စတာဝါရင်ကာနှင့်အတူ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ကမ္ဘာ့အဆင့် ၁ အမျိုးသမီးတင်းနစ်မယ်ဟောင်း မာတီနာဟင်းဂစ်သည် ဂရင်းဆလမ်အမျိုးသမီးတစ်ဦးချင်း ချန်ပီယံဆု ငါးခုအပြင် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ချန်ပီယံဆု ၁၁ ကြိမ်၊ အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ချန်ပီယံဆု ငါးကြိမ်ရရှိခဲ့ဖူးသူဖြစ်သည်။

မာတီနာဟင်းဂစ်သည် ၂၀၁၃ ခုနှစ်အတွင်းတွင် တစ်ဦးချင်း တင်းနစ်ပြိုင်ပွဲများမှ အနားယူခဲ့ပြီဖြစ်သော်လည်း နှစ်ယောက်တွဲပြိုင်ပွဲများတွင် ဆက်လက်ပါဝင်ယှဉ်ပြိုင်နေသူဖြစ်ပြီး ၂၀၁၅ ခုနှစ် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများတွင် ချန်ပီယံဆုများ ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

"မာတီနာဟင်းဂစ်ဟာ ကျွန်တော်နဲ့ အသက်တူနီးပါးရှိပါတယ်။ ဒါပေမယ့် ကျွန်တော်က ပြည်တွင်းအဆင့် ပြိုင်ပွဲတွေမှာသာ ပါဝင်ယှဉ်ပြိုင်နေစဉ်ကာလအတွင်း ဟင်းဂစ်က ဂရင်းဆလမ်ပြိုင်ပွဲတွေမှာ အောင်မြင်မှုထွေရရှိနေပါပြီ။ ဟင်းဂစ်ရဲ့ တင်းနစ်စွမ်းဆောင်ရည် ဘယ်လောက်ကောင်းမွန်တယ်ဆိုတာကို ကျွန်တော်မယုံကြည်နိုင်လောက်အောင် ဖြစ်မိပါတယ်"ဟု ဖက်ဒါရာက ပြောသွားသည်။

လက်ရှိ ကမ္ဘာ့အဆင့် ၃ တင်းနစ်သမား ဖက်ဒါရာက "အိုလံပစ်ချန်ပီယံဆုဟာ ကျွန်တော့်အတွက် အလွန်အရေးကြီးတဲ့ပြိုင်ပွဲဖြစ်တယ်လို့ ကျွန်တော်အမြဲပြောခဲ့ပါတယ်။ အိုလံပစ်ပြိုင်ပွဲတိုင်းမှာ အံ့အားသင့်စရာ၊ မယုံကြည်နိုင်စရာ အတွေ့အကြုံတွေရရှိပါတယ်"ဟု ပြောသွားသည်။

၈ နိုင်ငံတကာဘောလုံး

မြန်မာ့အလင်း

၁၈-၁၂-၂၀၁၅ (သောကြာနေ့)

ပရီမီယာလိဂ်ပွဲစဉ် (၁၇)

စနေနေ့ (၁၉-၁၂-၁၅)

ည ၅း၃၀	ဝက်စ်ဘရွန်း	-	ဘုန်းမောက်
ည ၇း၃၀	စတုတ်စီးတီး	-	စရွတ်တယ်ဝဲလ်စ်
ည ၇း၃၀	အဲဗာတန်	-	လက်စတာစီးတီး
ည ၇း၃၀	မန်ယူ	-	နောဝစ်ဆ်ဘ်
ည ၇း၃၀	ချယ်လ်ဆီး	-	ဆန်းဒါးလန်း
ည ၇း၃၀	ဆောက်သမ်တန်	-	စပါး
နံနက် ၁၀း၀၀	နယူးကာဆယ်	-	အက်စ်တွန်မိလ

တနင်္ဂနွေနေ့ (၂၀-၁၂-၁၅)

ည ၈း၀၀	ဝက်ဖို့ဒ်	-	လီဗာပူး
ည ၁၀း၃၀	ဆွန်ဒီး	-	ဝက်စ်ဟမ်

တနလာနေ့ (၂၁-၁၂-၁၅)

နံနက် ၂း၃၀	အာဆင်နယ်	-	မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် (၁၇) ကို ဒီဇင်ဘာ ၁၉ ရက်၊ ၂၁ ရက်၊ ၂၂ ရက်တွေမှာ ကျင်းပဖို့ရှိပြီး ပွဲစဉ် ၁၆ မှာ ဆွမ်ဆီးကို ခက်ခက်ခဲခဲ အနိုင်ယူခဲ့ရတဲ့ မန်စီးတီးက အာဆင်နယ်နဲ့ ဆုံတွေ့နေလို့ နိုင်ပွဲရနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းသလို မန်ယူ၊ အဲဗာတန်တို့အနေနဲ့လည်း နိုင်ပွဲပြန်ရပါ့မလား စောင့်ကြည့်ရမယ်။

အာဆင်နယ်

DATE - 22

WEEK - 17

KICK-OFF - 02:30

မန်စီးတီး

မန်စီးတီးရဲ့လက်ရှိပြဿနာက ခံစစ်နဲ့တိုက်စစ်မှာရှိတယ်။ အထူးသဖြင့် ကွန်ပနေဒက်ရာကြောင့် မပါဝင်နိုင်တဲ့ကာလတစ်လျှောက်မှာ မန်စီးတီး ခံစစ်က တည်ငြိမ်မှုလုံးဝမရှိခဲ့ဘူး။ နောက်ဆုံးကစားခဲ့တဲ့ ဆွမ်ဆီးနဲ့ပွဲစဉ် ပယ်လီဂရီနီဟာ မန်ဂါလာ၊ အော့တာမန်ဒီ၊ ကလစ်ချီ၊ ဆက်ဂ်ညာတို့နဲ့ခံစစ်ကို ဖွဲ့စည်းခဲ့ပေမယ့် ဆွမ်ဆီးရဲ့ တုံ့ပြန်ဖိအားပေးမှုတွေကို ခက်ခက်ခဲခဲဟန့်တား ခဲ့ရသလို နောက်ဆုံးမှာ ဂိုးတစ်ဂိုးခွင့်ပြုခဲ့ကြရတယ်။ ဂလာဘတ်ချိန်ရဲ့ ပွဲစဉ်မှာလည်း ကလစ်ချီ၊ တိုလာရော့ဗ်၊ အော့တာမန်ဒီ၊ မန်ဂါလာတို့နဲ့ ခံစစ်ကို အထိုင်ချခဲ့ရာမှာ လုံခြုံမှုမရှိခဲ့သလို သွင်းကိုးနှစ်ဂိုးပေးခဲ့ရတယ်။ စတုတ်နဲ့ ပွဲမှာလည်း ဒီမစ်ချယ်လီ၊ အော့တာမန်ဒီ၊ တိုလာရော့ဗ်၊ ဆက်ဂ်ညာတို့နဲ့ အထိုင်ချခဲ့ပေမယ့် မလုံခြုံခဲ့ဘဲ ဂိုးနှစ်ဂိုးပေးခဲ့ရတယ်။ ဒါ့ကြောင့် လက်ရှိအချိန်မှာ မန်စီးတီး ခံစစ်ကြောင်းဟာ လုံခြုံမှုမရှိဘူးလို့ ကောက်ချက်ဆွဲနိုင်သလို တိုက်စစ်မှာလည်း ဘိုနီ၊ အီနာချိုတို့ရဲ့ ခြေစွမ်းနဲ့ အဆုံးသတ်အားက သာမန်သာရှိတာကြောင့် အဂူရိုဇက်ရာရရှိနေချိန်မှာ အဆုံးသတ်မသေချာမှု ပြဿနာနဲ့ ရင်ဆိုင်နေရတယ်။ ဒါပေမယ့် ပယ်လီဂရီနီဟာ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ပွဲအဖြစ် ဂလာဘတ်နဲ့ ရင်ဆိုင်ရာမှာတောင် ဆေးလိပ်ဟး၊ ဒီဘရိုင်း၊ စတာလင်တို့ကို တိုက်စစ်မှာတွဲဖက်ပေးခဲ့ပြီး ဗဟိုတိုက်စစ်မျဉ်းစစ်စစ် မပါဘဲ ရင်ဆိုင်ခဲ့ရာမှာ ဂိုးပြတ်အနိုင်ရခဲ့တယ်။ ဒါကြောင့် မန်စီးတီးအနေနဲ့ အခုလို အရေးပါတဲ့ပွဲစဉ်မျိုးမှာ ဂလာဘတ်နဲ့ပွဲက တိုက်စစ်မျိုးသာပွဲထုတ်လာနိုင်သလို အာဆင်နယ်ခံစစ်ကို ဖိအားပေးနိုင်ဖို့လည်း ရှိတယ်။ ဒါပေမယ့် မန်စီးတီးခံစစ်ကတော့ လျင်မြန်တဲ့အာဆင်နယ်ရဲ့ ထိုးစစ်ကို ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ပါ့မလားဆိုတာက သံသယရှိစရာကောင်းတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် အာဆင်နယ်ကပဲပြီး အနိုင်ရသွားနိုင်တယ်။

ဝက်စ်ဘရွန်း vs ဘုန်းမောက်

နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ အဲဗာတန်ကို သရေချယ်လ်ဆီး၊ မန်ယူကို အနိုင်ရခဲ့တဲ့ဘုန်းမောက်ခြေစွမ်းပိုင်းက အတော်လေးကောင်းမွန်ပါတယ်။ အဆိုပါ ရလဒ်တွေကြောင့်လည်း ဘုန်းမောက်တို့ စိတ်ဓာတ်ပိုင်းအရ အားကောင်းနေနိုင်သလို ယုံကြည်မှုလည်းမြင့်မားနေတာကြောင့် ဝက်စ်ဘရွန်းရဲ့ အိမ်ကွင်းအားကို တုံ့ပြန်သွားနိုင်မှာပါ။ ဘုန်းမောက်သရေအနိမ့်ဆုံးရမယ်။

ချယ်လ်ဆီး vs ဆန်းဒါးလန်း

ချယ်လ်ဆီးက ခြေစွမ်းမတည်ငြိမ်သေးတာ မှန်ပေမယ့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်တွေ ပြီးဆုံးခဲ့ပြီဖြစ်လို့ ပရီမီယာလိဂ်ကို ပိုမိုပြီး အာရုံစိုက်ကစားလာမှာပါ။ အိမ်ကွင်းလည်းဖြစ်သလို ချယ်လ်ဆီးဟာရလဒ်ပြန်ကောင်းဖို့ အထူးလို အပ်နေပြီလည်း ဖြစ်ပါတယ်။ ဆန်းဒါးလန်းကလည်း အခုချိန်မှာ ခြေစွမ်းပြန်လည်ကျဆင်းနေတာကြောင့် ဒီပွဲမှာတော့ ချယ်လ်ဆီးကသာ နိုင်ပွဲရသွားမှာပါ။

မန်ယူ vs နောဝစ်ဆ်ဘ

ဘုန်းမောက်ကို ရှုံးနိမ့်ခဲ့ပြီးတဲ့နောက်မှာ မန်ယူဟာ နိုင်ပွဲတစ်ပွဲမဖြစ်မနေ ပြန်လည်ရှာဖွေလာမှာ မှန်တယ်။ ဒါပေမယ့် မန်ယူမှာ ဒဏ်ရာရ ကစားသမားတွေ များလွန်းနေသလို တိုက်စစ်ကလည်း အားနည်းလွန်းတယ်။ ဒဲ့အပြင် နော့ဝ့်စ်ချ်ရဲ့ ကစားအားကလည်း ကောင်းမွန်မှုရှိတာကြောင့် မန်ယူအခက်တွေ့နေဦးမှာဖြစ်သလို နိုင်ရင်တောင် မပြတ်သားဘူး။

စတုတ်စီးတီး vs စရွတ်တယ်ဝဲလ်စ်

ပဲလ့စ်ခြေစွမ်းက အခုနောက်ပိုင်းမှာ ကောင်းမွန်နေပါတယ်။ နောက်ဆုံးပွဲစဉ်မှ ဆောက်သမ်တန်ကို အနိုင်ရခဲ့သလို နောက်ဆုံး ငါးပွဲမှာ နှုံးပွဲတစ်ပွဲသာ ရှုံးခဲ့တဲ့အထိ ခြေတည်ငြိမ်နေပါတယ်။ ဒါပေမယ့် စတုတ်ကလည်း ခြေစွမ်းပိုင်း မာကျောပြီး အိမ်ကွင်းဖြစ်နေတာကြောင့် ခြေကုန်ထုတ်ကစားလာမှာ သေချာနေပါတယ်။ သရေကျဖို့များပါတယ်။

ဆွမ်ဆီး vs ဝက်စ်ဟမ်း

မန်နေဂျာဂယ်ရီမွန်ရဲ့ကို ထုတ်ပယ်ပြီးနောက် မန်စီးတီးနဲ့ကစားခဲ့တဲ့ပွဲမှာ ဆွမ်ဆီးရဲ့ကစားပုံကောင်းမွန်လာပါတယ်။ ဝက်စ်ဟမ်းကလည်း ခြေကောင်းနေတယ်ဆိုပေမယ့် ဆွမ်ဆီးက အိမ်ကွင်းအားနဲ့ ဖိအားပေးမှာပါ။ ဆွမ်ဆီးတို့ နိုင်ပွဲရသွားနိုင်ပါတယ်။

အဲဗာတန် vs လက်စတာစီးတီး

နောက်ဆုံးပွဲစဉ်မှာ နော့ဝ့်စ်ချ်ကိုသရေသာ ကစားနိုင်ခဲ့မှုနဲ့အတူ အဲဗာတန်သာ နောက်ဆုံးငါးပွဲမှာ စတုတ္ထမြောက် သရေပွဲနဲ့ ကြိုသွားရတယ်။ ဒါကြောင့် အဲဗာတန်တို့ အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရရှိနေအားစိုက်လာမှာ သေချာတယ်။ လက်စတာက ခြေစွမ်းပိုင်း ကောင်းမွန်နေတာမှန်ပေမယ့် အိမ်ကွင်းအားနဲ့ဖိအားပေးမယ့် အဲဗာတန်ကိုသာ နှစ်သက်တယ်။

နယူးကာဆယ် vs အက်စ်တွန်မိလ

ခြေစွမ်းပိုင်းကျဘာမှ နည်းပါးတဲ့နှစ်သင်းဆုံတွေ့တဲ့ပွဲပါ။ နှစ်သင်းစလုံးဟာ လက်ရှိအချိန်မှာ ခြေမျက်ယွင်းနေကြသလို ခံစစ်ပိုင်းအမှားမျှားမှုလည်း တူညီနေကြပါတယ်။ ဒါပေမယ့် သတိပြုရမှာက နှစ်သင်းစလုံးနိုင်ပွဲလိုအပ်နေကြသလို အိမ်ကွင်းအားသာချက်ရှိတဲ့ နယူးကာဆယ်က နိုင်ပွဲရရေးပိုမိုအားစိုက်လာမှာပါ။ နယူးကာဆယ်ကပဲပြီး နိုင်နိုင်တယ်။

ဆောက်သမ်တန် vs စပါး

အခုနောက်ပိုင်းမှာ ဆောက်သမ်တန်ရဲ့ခြေစွမ်းက ကျဆင်းလာနေပါတယ်။ ပဲလ့စ်ကို ရှုံးနိမ့်ခဲ့ရတဲ့နောက် ဆုံးပွဲစဉ်အပါအဝင် နောက်ဆုံးလေးပွဲဆက် အနိုင်မရခဲ့ဘူး။ ဒါကြောင့် ဆောက်သမ်တန်တို့နိုင်ပွဲပြန်ရှာမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်းကလည်း အားနည်းနေလို့ ခြေစွမ်းကောင်းမွန်နေတဲ့ စပါးကိုအသာရဖို့ခက်နိုင်တယ်။ ဆောက်သမ်တန်အတွက် အမြင့်ဆုံးသရေပါ။

ဝက်ဖို့ဒ် vs လီဗာပူး

ဝက်ဖို့ဒ်ခြေက တည်ငြိမ်မှုအပြည့်ရှိလာပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်မှာ ဆန်းဒါးလန်းကို အနိုင်ရယူနိုင်ခဲ့သလို နောက်ဆုံးသုံးပွဲဆက် အနိုင်ရခဲ့တယ်။ ဒါပေမယ့် လီဗာပူးကလည်း အသင်းလိုက်ကစားပုံကောင်းမွန်မှုရှိတာကြောင့် ဒီပွဲမှာတော့ ဝက်ဖို့ဒ်တို့ရလဒ်ကောင်းဖို့ခက်ပါတယ်။ လီဗာပူးကသာ အဝေးကွင်းမှာ နိုင်ပွဲရသွားနိုင်မှာပါ။